# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ ဒုတိယဝါဆိုလပြည့်ကျော် (၉) ရက်၊ ကြာသပတေးနေ့ ၊ (10-8-2023) ၊ အတွဲ (၃၂)၊ အမှတ် (၁၀၂)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

## တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် တိုင်းဥက္ကဋ္ဌများကို တွေ့ဆုံအမှာစကားပြောကြား





**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် တိုင်းဥက္ကဋ္ဌများကို တွေ့ဆုံအမှာစကားပြောကြားစဉ်။**

**နေပြည်တော် ဩဂုတ် ၉**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် တိုင်းဥက္ကဋ္ဌများကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် တိုင်းဥက္ကဋ္ဌများ၊တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံစဉ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာ၌ နိုင်ငံတော်၏အခြေအနေအရ ထပ်မံသက်တမ်းတိုးမြှင့်ထားသည့် ကာလအတွင်း နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းများနှင့်ဆောင်ရွက်သင့်သည်များကို ဆွေးနွေးနိုင်ရေး ယခုကဲ့သို့ တွေ့ဆုံခြင်းဖြစ်ကြောင်း၊ **အစိုးရတစ်ရပ်၏ တာဝန်မှာ**

**စာမျက်နှာ ၁၈ ကော်လံ ၁ သို့**




ရတနာပုံ
၂၀၂၄ ခုနှစ် ဩဂုတ် ၁၀ ရက်
အယ်ဒီတာ့အာဘော်

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဦးဦးဖျားဖျားဖူးမြော်

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော်အောင်မြင်ခဲ့သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓါဘိသေကအနေကဇာတင်၍ ဗုဒ္ဓါဘိသိက်သွန်းလောင်းပူဇော်ခြင်း၊ ကျောက်စာရုံစေတီများကို ရွှေထီးတော်တင်လှူပူဇော်ခြင်းနှင့် ရေစက်ချအောင်ပွဲမင်္ဂလာကုသိုလ်တော် မဟာမင်္ဂလာအခမ်းအနားများကို ဩဂုတ် ၁ ရက် ဒုတိယဝါဆိုလပြည့်နေ့တွင် အောင်မြင်စွာကျင်းပပြုလုပ်ခဲ့ပြီးဖြစ်သည်။

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဗုဒ္ဓဥယျာဉ်တော်အတွင်း ဘုရား၊ ကျောင်း၊ ကန်၊ သိမ်၊ ဇရပ်၊ တံတား၊ ဥယျာဉ်များ ပြည့်စုံစွာဖြင့် ထည့်သွင်းတည်ဆောက်ထားရှိပြီး ဘုရားဖူးလာပြည်သူများ အနားယူနိုင်ရန်နှင့် ရုပ်ပွားတော်မြတ်ကြီးအား စိတ်အေးချမ်းသာစွာဖြင့် ဖူးမြော်ကြည်ညိုနိုင်ရန် ဂန္ဓကုဋိတိုက်များ၊ သုဓမ္မာဇရပ်များ၊ ရေပန်းရင်ပြင်၊ မာရဝိဇယကျောင်းတော်၊ အဂ္ဂါဓိပတိ သာသနာ့ ဗိမာန်တော်ကြီးနှင့်ဘုရားဖူးလာ မိဘပြည်သူများအနေဖြင့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်ချိန်တွင် ပိဋကသုံးပုံတော်လာ အဋ္ဌကထာဋီကာကျမ်းစာများကို တစ်ပါတည်းလေ့လာနာယူ ကြည်ညိုနိုင်ရေး စကျင်ကျောက်ချပ်များပေါ်၌ ခေတ်မီစက်ကိရိယာများအသုံးပြုပြီး ပါဠိအက္ခရာ၊ **Romanize Language** တို့ဖြင့် ကျောက်စာတော်များထွင်းထု၍ ကျောက်စာရုံစေတီ ၇၂၀ ကိုလည်း ထည့်သွင်းတည်ဆောက်ထားရှိသည်။

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ကျောက်စာရုံစေတီများကို ရဟန်းရှင်လူ အများပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် ဩဂုတ် ၈ ရက်မှ ၁၆ ရက်ထိ နံနက် ၆ နာရီမှ ည ၈ နာရီအတွင်း အခမဲ့ဝင်ရောက်ဖူးမြော်ကြည်ညိုနိုင်ရန် ဖွင့်လှစ်ထားရှိရာ အနယ်နယ်အရပ်ရပ်မှ လာရောက်ဖူးမြော်ကြည်ညိုကြသည့် ရဟန်းရှင်လူပြည်သူများဖြင့် စည်ကားလျက်ရှိသည်။

ဗုဒ္ဓဥယျာဉ်တော်အတွင်း၌ စနစ်တကျတည်ဆောက်ထားရှိသည့် ကျောက်စာရုံစေတီများ၏ ဗိသုကာလက်ရာအင်ဂျင်နီယာ ပညာရပ်များကို လေ့လာနိုင်ပြီး ရေပန်းရင်ပြင်နှင့် ရေပန်းဝိုင်းအကြီး၊ ရေပန်းဝိုင်းအသေးများ၌လည်း ဘုရားဖူးလာပြည်သူများအနေဖြင့် မိသားစုအလိုက်လည်းကောင်း၊ မိတ်ဆွေသူငယ်ချင်းအစုအဖွဲ့ အလိုက်လည်းကောင်း ပျော်ရွှင်စွာ အမှတ်တရဓာတ်ပုံရိုက်ကူးနိုင်သည်။

ဗုဒ္ဓဥယျာဉ်တော်အတွင်း တည်ထားပူဇော်ထားသည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဘုရား၊ကျောင်း၊ကန်များအား လာရောက်ဖူးမြော်ကြည်ညိုကြသည့် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများ ခေတ္တအနားယူနိုင်စေရေးအတွက် ကျွန်းတိုင်များအသုံးပြု၍ မြန်မာမှုလက်ရာများဖြင့် ရှေးမူမပျက်ဆောက်လုပ်ထားသည့် သုဓမ္မာဇရပ်များတွင်လည်း အေးချမ်းစွာ အပန်းဖြေအနားယူနိုင်သည်။

သို့ဖြစ်ရာ ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ကျောက်စာရုံစေတီများကို ရဟန်းရှင်လူပြည်သူများ ဦးဦးဖျားဖျားဖူးမြော်ရန် ကြုံကြိုက်ခွင့်သာခိုက်တွင် စိတ်အေးချမ်းသာစွာ လာရောက်ကြည်ညိုကုသိုလ်ယူနိုင်ကြပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။

# စဉ့်ကူးမြို့နယ်ရှိ မာလဲနတ်တောင်ရေလှောင်တမံမှ စိုက်ပျိုးရေဖြင့် ယခုနှစ်တွင် မိုးစပါး ၃၂၅၈ ဧက စိုက်ပျိုးမည်



**မန္တလေး ဩဂုတ် ၉**

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ်ရှိ မာလဲနတ်တောင် ရေလှောင်တမံမှ စိုက်ပျိုးရေဖြင့် ယခုနှစ်တွင် မိုးစပါး ၃၂၅၈ ဧကကို ဩဂုတ် ၁၅ ရက်မှစ၍ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမင်းသန့်ကပြောပြ၍ သိရသည်။

အဆိုပါ မိုးစပါးစိုက်ဧကများအတွက် မာလဲနတ်တောင် ရေလှောင်တမံအတွင်း ရေမှတ်မှာ ၄၂၉ ဒသမ ၈၅ ပေ၊ ရေသိုလှောင်ပမာဏမှာ ၁၃၈၁၅ ဧကပေရှိပြီး စိုက်ပျိုးရေအတွက် အသုံးပြုနိုင်သည့် ရေပမာဏမှာ ဧကပေ ၆၄၀၀ ကျော်ရှိကာ ပေးနိုင်သည့် ဧကပေကို တွက်ချက်ပြီး ၎င်းရေလက်ကျန် ပမာဏပေါ်မူတည်၍ စဉ့်ကူးမြို့နယ်တွင် ယခုနှစ် မိုးစပါး ၃၂၅၈ ဧကအတွက် စိုက်ပျိုးရေများပေးဝေသွားမည်ဖြစ်ကြောင်း သိရသည်။

"မာလဲနတ်တောင်ရေလှောင်တမံမှ ရေသောက်ဧရိယာအတွင်းရှိ တောင်သူတွေအတွက် စိုက်ပျိုးရေ ပြည့်ဝစွာပေးဝေပြီး သီးနှံတွေ စိုက်ပျိုးနိုင်အောင် ဆောင်ရွက်ပေးမှာပါ။ ရေလှောင်တမံကနေ မိုးစပါးစိုက်ဧကတွေအတွက် အခု ဩဂုတ် ၁၅ ရက်ကနေ ရေစတင်ပေးပြီး စိုက်ပျိုးသွားမှာပါ။ မိုးရွာသွန်းမှုပေါ်မူတည်ပြီးတော့ တောင်သူတွေအတွက် စိုက်ပျိုးရေတွေကို ပြည့်ဝစွာပေးဝေသွားမှာပါ။ အခုနှစ် မိုးစပါးစိုက်ဧကတွေအတွက် ရေလှောင်တမံအတွင်း အသုံးပြုနိုင်တဲ့ ရေပမာဏပေါ်မူတည်ပြီး တောင်သူတွေကို စိုက်ပျိုးရေပြည့်ဝစွာပေးဝေမှာပါ။ တောင်သူတွေအနေနဲ့ကလဲ ရေကိုစနစ်တကျနဲ့ ချွေတာသုံးစွဲကြဖို့ လိုပါတယ်။ ဒါမှရေတွေ အလေအလွင့်မရှိဘဲ အဆင်ပြေစွာ သုံးစွဲနိုင်ကြမှာပါ။ ရာသီအလိုက် တောင်သူတွေအတွက် စိုက်ပျိုးရေကို ပေးဝေသွားမှာပါ"ဟု ဦးမျိုးမင်းသန့်က ပြောပြသည်။

မာလဲနတ်တောင်ရေလှောင်တမံမှ ရေသောက်ဧရိယာအတွင်းရှိ စိုက်ဧကများအတွက် ရေအပြည့်အဝ ပေးဝေစိုက်ပျိုးနေကြောင်း၊ ၎င်းရေလှောင်တမံမှ တောင်သူများအတွက် မိုးသီးနှံနှင့် နွေသီးနှံတို့ကို အဓိက ရေပေးဝေစိုက်ပျိုးနေကြောင်း၊ အဆိုပါ စိုက်ပျိုးရေများကို မာလဲကျေးရွာ၊ နတ်တောင်ကျေးရွာ၊ လက်ပန်လှ၊ ဝါးရုံးကုန်း၊ ရှောက်ပင်ရိုး၊ ခူလယ်၊ ကုက္ကို၊ စဉ့်ကူး(၂)၊ ငွေတောင်နှင့် မင်းရွာစသည့်ကျေးရွာများရှိ ရေသောက်ဧရိယာများအတွက် ပေးဝေစိုက်ပျိုးနေခြင်းဖြစ်ကြောင်း သိရသည်။ (၁၈၅)

# မန္တလေးစျေးကွက်တွင် ပဲစင်းငုံ(နီ)များ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၀၆၀၀၀ ထိ ပေါက်ဈေးရှိ

**မန္တလေး ဩဂုတ် ၉**

မန္တလေးဈေးကွက်တွင် ပဲစင်းငုံ(နီ)များ အရောင်းအဝယ်ကောင်းမွန်လာသဖြင့် သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၃၀၆၀၀၀ ထိ ပေါက်ဈေးရှိလာကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ပြည်တွင်းမှထွက်ရှိသည့် ပဲစင်းငုံ(နီ)များကို ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ အဓိကထားတင်ပို့လျက်ရှိရာ ယခုအခါ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ပဲစင်းငုံများ ဝယ်ယူမှုများပြားလာသည့်အပြင် ပြည်တွင်း၌လည်း အရောင်းအဝယ် ကောင်းလာခြင်းကြောင့် မန္တလေးဈေးကွက်အတွင်း ပဲစင်းငုံ(နီ)များ ဈေးကောင်းရရှိလာကြောင်း သိရသည်။

"ပဲစင်းငုံ(နီ)က အရင်ကပြည်ပဈေးကွက်ကော ပြည်တွင်းဈေးကွက်မှာပါ အရောင်းအဝယ်အေးနေခဲ့တယ်။ အခုလက်ရှိကတော့ အရောင်းအဝယ် ကောင်းနေတာကြောင့် မန္တလေးဈေးကွက်အတွင်းမှာလဲ ဈေးကောင်းရနေတာပါ"ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေးဈေးကွက်အတွင်း၌ ဩဂုတ်လ ပထမပတ်က ပဲစင်းငုံ(နီ)ဈေးနှုန်းမှာ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၀၀၀၀၀ သာ ပေါက်ဈေးရှိခဲ့သော်လည်း ယနေ့တွင် ပဲစင်းငုံ(နီ)ဈေးနှုန်းမှာ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၀၆၀၀၀ ထိ ပေါက်ဈေးရှိလာကြောင်း သိရသည်။

"အခုက ပဲစင်းငုံ(နီ) တွေ မန္တလေး ဈေးကွက်ထဲဝင်လာပြီဆိုတော့ ကုန်သည်တွေ အဝယ်ပြန်လိုက်လာတယ်။ အရောင်းအဝယ်လဲကောင်းလာတာကြောင့် ဈေးကောင်းရလာတယ်"ဟု ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။ (၁၈၄)

# မန္တလေးတိုင်းဒေသကြီးရှိ မိုးစပါးစိုက်တောင်သူများကို ယခုဘဏ္ဍာနှစ်တွင် သဘာဝမြေဩဇာ ၁၀၂၀၆ အိတ်ဖြန့်ဖြူးရောင်းချပေးထား

**မန္တလေး ဩဂုတ် ၉**

ယခုဘဏ္ဍာနှစ်တွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မိုးစပါးစိုက်ပျိုးသည့် တောင်သူများကို သွင်းအားစုများ ပြည့်ဝစွာသုံးစွဲနိုင်ရန် စမ်းဝတီသဘာဝမြေဩဇာများကို ဈေးနှုန်းသက်သာစွာဖြင့် ဖြန့်ဖြူးရောင်းချပေးထားကြောင်း မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးလှိုင်မိုးက ပြောပြ၍ သိရသည်။

အဆိုပါ သမဝါယမအသင်းသားတောင်သူများ၏ မိုးစပါးစိုက်ဧကများအတွက် အပင်၏အာဟာရဓာတ်များ ပြည့်ဝစွာသုံးစွဲနိုင်ရန် စိုက်ပျိုးရေး တောင်သူများကို လက်ငင်းငွေချေစနစ်၊ အရစ်ကျစနစ်တို့ဖြင့် ဇူလိုင်လမှ ယနေ့ထိ စမ်းဝတီသဘာဝမြေဩဇာ ၁၀၂၀၆ အိတ်ကို ဈေးနှုန်းသက်သာစွာ ဖြန့်ဖြူးရောင်းချပေးထားကြောင်း၊ ရောင်းချပေးရာတွင် မြို့နယ် ၂၀ ရှိ အသင်း ၂၂၁ သင်းမှ အသင်းသား တောင်သူ ၃၁၆၅ ဦးတို့၏ မိုးစပါး စိုက်ဧကများအတွက် သဘာဝမြေဩဇာ ၁၀၂၀၆ အိတ်ကို ဖြန့်ဖြူးရောင်းချပေးထားကြောင်း သိရသည်။

"တိုင်းဒေသကြီးအတွင်း မိုးစပါးစိုက်ပျိုးကြတဲ့ တောင်သူတွေကို ကြိုက်ရောင်းကြိုက်ဝယ် လက်ငင်းငွေချေစနစ်နဲ့ကော အရစ်ကျစနစ်နဲ့ပါ ဖြန့်ဖြူးရောင်းချပေးထားပါတယ်။ ပြင်ပပေါက်ဈေးထက် ဈေးနှုန်းသက်သာစွာနဲ့ တောင်သူတွေဝယ်ယူအသုံးပြုနိုင်ဖို့ ရည်ရွယ်တာပါ။ တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်တွေနဲ့ အခြားတိုင်းဒေသကြီး၊ ပြည်နယ်တွေက တောင်သူတွေကို ရောင်းချပေးပါတယ်။ တောင်သူတွေ ရာသီမရွေးသုံးနိုင်အောင် ဖြန့်ဖြူးပေးသွားဖို့ စီစဉ်ဆောင်ရွက်ထားပါတယ်။ တောင်သူတွေကို တစ်ဖက်တစ်လမ်းကနေကူညီပံ့ပိုးပေးတဲ့သဘောပါ"ဟု ဦးလှိုင်မိုးက ပြောပြသည်။

အဆိုပါ စမ်းဝတီသဘာဝမြေဩဇာများကို ရောင်းချပေးထားသည့် မြို့နယ်များမှာ မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီး၊ အမရပူရ၊ ပြင်ဦးလွင်၊ စဉ့်ကူး၊ ကျောက်ဆည်၊ စဉ့်ကိုင်၊ မြစ်သား၊ တံတားဦး၊ မိတ္ထီလာ၊ မလှိုင်၊ မြင်းခြံ၊ သာစည်၊ ဝမ်းတွင်း၊ တောင်သာ၊ နွားထိုးကြီး၊ ငါန်းဇွန်၊ ရမည်းသင်း၊ ပျော်ဘွယ်၊ ညောင်ဦး၊ ကျောက်ပန်းတောင်းတို့ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။ (၁၈၅)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဓဝရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ရွှေတောင်မြို့နယ် ကျေးရွာနှစ်ရွာ၌ မြေနီကျောက်စရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ရွှေတောင် ဩဂုတ် ၉**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ရွှေတောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေဖြင့် သခွတ်ကုန်းကျေးရွာနှင့် အင်ပင်ကုန်းကျေးရွာတို့၌ မြေနီကျောက်စရစ်လမ်း ခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရွှေတောင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသူနှင့် ဝန်ထမ်းများက သခွတ်ကုန်းကျေးရွာနှင့် အင်ပင်ကုန်းကျေးရွာတို့၌ မြေနီကျောက်စရစ်လမ်း ခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးမျိုးသူက လုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ရန် မှာကြားသည်။

သခွတ်ကုန်းကျေးရွာ၌ လမ်းအရှည်ပေ ၁၃၄၀၊ အကျယ် ၁၈ ပေ၊ အမြင့် ကိုးလက်မရှိ မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေကျပ်သိန်း ၈၀ ဖြင့်လည်းကောင်း၊ အင်ပင်ကုန်းကျေးရွာ၌ လမ်းအရှည် ၇၅၅ ပေ၊ အကျယ် ၁၈ ပေ၊ အမြင့် ကိုးလက်မရှိ မြေနီကျောက်စရစ်လမ်းခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေကျပ် ၄၅ သိန်းဖြင့်လည်းကောင်း ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် လုပ်အားထည့်ဝင်၍ ယခုနှစ် ဇွန်လ တတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**သုတ**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ မိဖိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် နတ်မောက်မြို့နေ ဦးစင်မောင်ရီး–ဒေါ်သန်းနွဲ့၊ ကိုကျော်သီဟ၊ ကိုဇော်ဝဏ္ဏ၊ ကိုကျော်သူရအောင်၊ ဒေါက်တာနန္ဒာလှိုင်မိသားစုတို့က ဦးသိန်းဆောင်–ဒေါ်လှိုင်ညွန့်တို့အားရည်စူး၍ ဆွမ်း၊ ဆေးပဒေသာပင်အတွက် ငွေကျပ် ၅၀၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ဒေါက်တာဦးတင်ဝင်းက လက်ခံရယူစဉ်။

# ငပုတောမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၂၀၄၁၂၂ ဧက စိုက်ပျိုးသွားမည်



ယခင်နှစ်က စပါးစိုက်ခင်းကို တွေ့ရစဉ်။

**ငပုတော ဩဂုတ် ၉**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၂၀၄၁၂၂ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းမျိုးသန့်ထံမှ သိရသည်။

ငပုတောမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး လျာထား ၂၀၄၁၂၂ ဧကကို ယခုနှစ် ဩဂုတ်လ ဒုတိယပတ်အတွင်း စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါမိုးစပါးများ အခက်အခဲမရှိ စိုက်ပျိုးနိုင်ရန်၊ မိုးစပါးများ အထွက်နှုန်းတိုးစေရန်၊ သဘာဝမြေဩဇာများပြုလုပ်သုံးစွဲရန်၊ ဓာတုပိုးသတ်ဆေးများ လျှော့ချသုံးစွဲရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက အသိပညာပေး လုပ်ငန်းများဆောင်ရွက်နေကြောင်း သိရသည်။

"ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ငပုတောမြို့နယ်မှာ မိုးစပါး ၂၀၄၁၂၂ ဧက လျာထားစိုက်ပျိုးသွားမှာဖြစ်ပါတယ်။ မိုးစပါးတွေ ပိုးမွှား ရောဂါကာကွယ်နှိမ်နင်းဖို့ နည်းပညာပေးလုပ်ငန်းတွေ လုပ်ဆောင်ပေးနေပါတယ်။ ငပုတောမြို့နယ်မှာ သက်ကြီးစပါးတွေဖြစ်တဲ့ ပေါ်ဆန်းရင်၊ ပေါ်ဆန်းမွှေး၊ ရွှေသွယ်ရင်၊ မနောသုခ စတဲ့စပါးအမျိုးအစားတွေကို အများဆုံးစိုက်ပျိုးဖို့ရှိပါတယ်။ ရွှေခရုနဲ့ ပတ်သက်ပြီးတော့ တောင်သူပညာပေးလုပ်ငန်းတွေကို မစိုက်ခင်အချိန်ကတည်းက ဆောင်ရွက်ပေးနေပါတယ်"ဟု ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြသည်။

ငပုတောမြို့နယ်တွင် ယခုနှစ် မိုးစပါးစိုက်ပျိုးရာသီ၌ မိုးစပါး လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနတို့က ပူးပေါင်းဆောင်ရွက်နေကြောင်း၊ ငပုတောမြို့နယ်သည် မိုးရွာသွန်းမှုများသည့်ဒေသဖြစ်သည့်အတွက် သက်ကြီးစပါးများဖြစ်သည့် ပေါ်ဆန်းရင်၊ ပေါ်ဆန်းမွှေး၊ ရွှေသွယ်ရင်၊ မနောသုခ စသည့် ဒေသနှင့်ကိုက်ညီသည့် စပါးအမျိုးအစားများကို အများဆုံး စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# မလှိုင်မြို့နယ် ဒဟတ်တန်းတောင်ကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မလှိုင် ဩဂုတ် ၉**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ဒဟတ်တန်းကျေးရွာအုပ်စု ဒဟတ်တန်းတောင်ကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ စတုတ္ထအကြိမ်ထုတ်ချေးခြင်းကို ဩဂုတ် ၈ ရက်နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP)ကော်မတီဝင်များ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံကာ VRFP စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများနှင့် စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကော်မတီဝင်များထံ ရန်ပုံငွေကျပ် ၃၃ ဒသမ ၆ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း ကော်မတီဝင်များက ဒဟတ်တန်းတောင်ကျေးရွာရှိ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း စတုတ္ထအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၇၂ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၄ ဦးနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ငါးဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၁ ဦးကို ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း ရန်ပုံငွေကျပ် ၃၃ ဒသမ ၆ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ဟိန်းထက်ရိုး(မလှိုင်)**

# ငဖဲမြို့နယ် ရှောက်ဝကျေးရွာ၌ ကျေးရွာတွင်း အုတ်စီရေမြောင်းဖောက်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်မှု စစ်ဆေး

**ငဖဲ ဩဂုတ် ၉**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေဖြင့် ရှောက်ဝကျေးရွာ၌ ကျေးရွာတွင်း အုတ်စီရေမြောင်း ဖောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ဩဂုတ် ၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မင်းဘူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်း၊ ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဝိုင်းယုမော်၊ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ရှောက်ဝကျေးရွာ၌ အရှည်ပေ ၅၀၀၊ အကျယ် တစ်ပေ ခြောက်လက်မ၊ အမြင့် နှစ်ပေရှိ အုတ်စီရေမြောင်း ဖောက်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်းက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီစေရေး အလေးထားဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

ရှောက်ဝကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်က အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ်သိန်း ၃၀၀ ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ လက်ရှိတွင် စီမံကိန်းအတိုးရငွေ၏ ၅၀ ရာခိုင်နှုန်းဖြစ်သည့် ငွေကျပ်သိန်း ၅၀၊ ပြည်သူထည့်ဝင်ငွေကျပ်သိန်း ၂၀ စုစုပေါင်းငွေကျပ် သိန်း ၇၀ အသုံးပြုကာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဇူလိုင် ၂၁ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်းက ပြောပြ၍ သိရသည်။

**ဇင်မာ**



# ဇာတာတော်ပုံရာဇဝင်ကျမ်းနှင့် ဇမ္ဗူကွန်ချာကျမ်း

## ဗိုလ်ရှိတ်(ရတနာပူရ)

မြန်မာရာဇဝင်ကျမ်းများတွင် ဇာတာတော်ပုံရာဇဝင်ဟုသောအမည်ဖြင့် ကျမ်းတစ်စောင်ရှိသည်။ ထိုကျမ်းတွင် ဘုရားတည်ဇာတာခွင်များ၊ မြို့တည်ဇာတာခွင်များ၊ မင်းတို့၏ဇာတာခွင်များကို အသားပေးဖော်ပြထားသဖြင့် ဇာတာတော်ပုံရာဇဝင်ဟု ခေါ်ခဲ့ကြသည်။ ဇာတာတော်ပုံရာဇဝင်ကို ၁၉၆၀ ပြည့်နှစ်က ဆရာဦးလှတင်(လှသမိန်)တည်းဖြတ်ပြီး ထုတ်ဝေခဲ့သည်။ ၂၀၁၆ ခုနှစ်တွင် ရာပြည့်စာအုပ်တိုက်က ဒုတိယအကြိမ် မြန်မာထုတ်ခဲ့သည်။ ဇာတာတော်ပုံရာဇဝင်ကို တည်းဖြတ်ရာတွင်-

၁။ ဗုဒ္ဓဝင်ကဏ္ဍ

၂။ မဟာဝင်ကဏ္ဍ

၃။ သီဟဠဒီပဝင်ကဏ္ဍ

၄။ မြန်မာရာဇဝင်ကဏ္ဍ

၅။ ဇာတာပုံများကဏ္ဍ

၆။ ရာဇဝင်မှတ်စုများဟူ၍ အပိုင်းခြောက်ပိုင်းခွဲကာ ဖော်ပြခဲ့သည်။

ဇာတာတော်ပုံရာဇဝင်ကျမ်းကို ရွှေဟောင်းသုတေသနဌာန စာကြည့်တိုက်မှ လက်ရေးမူ၊ ပုဂံမြို့မှတစ်ဆင့် မြန်မာနိုင်ငံသမိုင်းကော်မရှင်က ကူးထားသော လက်ရေးမူတို့ကို တိုက်ဆိုင်တည်းဖြတ်ပြီး ပုံနှိပ်ခဲ့ခြင်းဖြစ်သည်ဟု ဆရာဦးလှတင်(လှသမိန်)က ဆိုထားသည်။ လက်ရေးမူနှစ်စောင်လုံးမှာ ရှုပ်ထွေးနေပြီး အရေးအသားချွတ်ချော်ညံ့ဖျင်းလှသည်ဟု ဆရာက ဆိုသည်။ ထိုလက်ရေးမူနှစ်ခုတွင် ရွှေဟောင်းသုတေသနဌာနကမူကို အဓိကထားပြီး ပုဂံမူနှင့်တိုက်ဆိုင်ခဲ့သည်ဟု သိရသည်။

ဆရာဦးလှတင်(လှသမိန်) တည်းဖြတ်ထုတ်ဝေခဲ့သော ဇာတာတော်ပုံရာဇဝင်ကျမ်းကို မည်သူရေးသားပြုစုခဲ့မှန်းမသိရပေ။ ကျမ်းပြီးနိဂုံးလည်း မပါသောကြောင့် ကျမ်းပြီးနှစ်လည်း မသိရပေ။ ထို့အတူ ဇာတာတော်ပုံရာဇဝင်ဟူသောအမည်ကို ကျမ်းတစ်စောင်လုံးတွင် မည်သည့်နေရာမှမပါပေ။ ဆရာဦးလှတင်(လှသမိန်)သည် ရွှေစာငယ်တစ်စောင်နှင့် ဦးဘသိန်းရေးသားသော ကျောင်းသုံးမြန်မာရာဇဝင်တွင် ပါရှိသည့် "သာလွန်မင်းလက်ထက်တွင် အဇာဂရုပုဏ္ဏားသည် ရာဇဝင်တစ်စောင်ရေးသား၍ ပုဏ္ဏားရာဇဝင်ဟုတွင်လျက် မင်းဇာတာများပါရှိသဖြင့် နောင်သော် ဇာတာတော်ပုံရာဇဝင်ဟုပင် ခေါ်ဝေါ်ကြသည်"၊ "မင်းရဲကျော်ထင်လက်ထက် မြန်မာမင်းကောရာဇ်တို့၏ သက္ကရာဇ်ကိုပြသော ဇာတာပုံကျမ်းကိုရေးသားသည်"ဟူသော အမှတ်အသားနှစ်မျိုးကို နိဒါန်း၌ ဖော်ပြထားသည်။ ဆရာကြီးသည် အဆိုပါကောက်နုတ်ချက်ကို နိဒါန်း၌ ထည့်သွင်းဖော်ပြခဲ့သော်လည်း ဇာတာတော်ပုံရာဇဝင်ကျမ်းကို ပုဏ္ဏားအဇာဂရုရေးသည်ဟု အတိအကျမဆိုပါ။ ပြော၍လည်းမရပါ။ ထို့အတူ ပြုစုခဲ့သောခေတ်မှာလည်း သာလွန်မင်းလက်ထက်လော၊ မင်းရဲကျော်ထင်လက်ထက်လော အတိအကျမသိရပါ။ ဇာတာတော်ပုံရာဇဝင်ကျမ်းအတွင်း၌ သာလွန်မင်းလက်ထက်ပြုစုသည်၊ မင်းရဲကျော်ထင်လက်ထက်ပြုစုသည်ဟူ၍ အတိအကျမပါသလို ဇာတာတော်ပုံဟူသောအမည်ကိုပင် သုံးထားခြင်းမတွေ့ရပါ။ ထို့ကြောင့် ထိုကျမ်းနှင့်ပတ်သက်၍ သုတေသနပြုရန် များစွာရှိသေးသည်ဟု ဆိုရပါမည်။

**ဇာတာတော်ပုံရာဇဝင်မူကွဲ**

တစ်နေ့တွင် ဆရာကြီး တမ္ပဝတီဦးဝင်းမောင်ထံမှ ဇာတာတော်ပုံရာဇဝင် ပေမူတစ်စောင်ရရှိခဲ့သည်။ ဆရာကြီးတမ္ပဝတီဦးဝင်းမောင်ထံမှ ရရှိခဲ့သောပေမှာ ရှစ်ကြောင်းရေးပေဖြစ်ပြီး က အစ ဂီ အဆုံး ၂ အင်္ဂါနှင့် သုံးချပ်ရှိသည်။ "ဇမ္ဗူကွန်ချာဘိုးရာဇာမူဟောင်း" ဟု ကျမ်းအမည်ပါ၏။ ကျမ်းပြုသူ၊ ကျမ်းပြီးနှစ်မပါပေ။ ဤကျမ်းကို သေသေချာချာဖတ်ကြည့်သောအခါတွင် ဆရာဦးလှတင်(လှသမိန်)တည်းဖြတ်ထုတ်ဝေခဲ့သော ဇာတာတော်ပုံရာဇဝင်ကျမ်းဖြစ်နေသည်။ ဇာတာတော်ပုံရာဇဝင်နှင့်ဇမ္ဗူကွန်ချာဟုသာကွာခြားပြီး ကျမ်းတွင်းစာကိုယ်များမှာ အတူတူပင်ဖြစ်နေသည်။ တစ်နည်းအားဖြင့် ဇာတာတော်ပုံရာဇဝင်ကျမ်းမူကွဲဟု ဆိုရပါမည်။ ပေမူက ဇမ္ဗူကွန်ချာဟုအမည်ပေးထားသည်သာ ကွာခြားသည်။ ဆရာဦးလှတင်(လှသမိန်) တည်းဖြတ်ထုတ်ဝေခဲ့သော ဇာတာတော်ပုံရာဇဝင်တွင် ကျမ်းအမည် တိတိကျကျမပါခြင်းကလည်း စဉ်းစားဖွယ်ရာဖြစ်သည်။ ဤပေမူအထောက်အထားအရ ထိုကျမ်းသည် ဇာတာတော်ပုံရာဇဝင်မဟုတ်ဘဲ ဇမ္ဗူကွန်ချာကျမ်းသာ ဖြစ်ဖွယ်ရာရှိသည်။

ဆရာကြီးတမ္ပဝတီဦးဝင်းမောင်ထံမှ ရရှိခဲ့သော ဇမ္ဗူကွန်ချာဘိုးရာဇာမူဟောင်းသည် ကျမ်းပြီးနှစ်မပါသော်လည်း ပေကူးနှစ်မှာ "သက္ကရာဇ် ၁၁၈၇ တပေါင်းလပြည့်ကျော် ၁၅ ရက် အင်္ဂါနေ့ (၁၈၂၆ ခု၊ မတ် ၇ ရက်)နေ့ တချက်တီးအချိမ်တွင် ရေးကူး၍ပြီးသည်"ဟု ပါရှိသည်။ ထို့ကြောင့် ဤပေမူမှာ ဘကြီးတော်စစ်ကိုင်းမင်းလက်ထက် ကူးယူခဲ့သောပေမူဖြစ်ကြောင်း သိရသည်။

ဤနေရာတွင် ပုံနှိပ်ထုတ်ဝေပြီးသော ဇာတာတော်ပုံကျမ်းနှင့် ယခုပေမူကို နှိုင်းယှဉ်၍ ပြပါဦးမည်။ ဇာတာတော်ပုံရာဇဝင်ပုံနှိပ်မူတွင် "ခုနစ်သင်္ချေတွင်ဖြစ်သော ဘုရားပေါင်း"ဟူသော ခေါင်းစဉ်အောက်၌ "ငါတို့ဘုရားလောင်းကား ကဋ္ဌဝါဟနလုလင်ဖြစ်သောအခါ သမုဒ္ဒရာ၌ မယ်တော်ကိုထမ်း၍ကူးလျှင် ဗုဒ္ဓါဇောဓေယျံ၊ မုဏ္ဍောမောဓေယျံ၊ တိဏ္ဏောတာရေယျံ ဟူ၍ ဘုရားဆုကိုတောင်းစမူ၏"ဟူ၍ ဖော်ပြထား၏။ ပေမူတွင်လည်း "တို့ဘုရားလောင်းကား ကထဝါဟနလုလင်ဖြစ်သောအခါ သမုဒ္ဒရာရေ၌ မယ်တော်ကို ထမ်း၍ကူးလျှင် ဗုဒ္ဓါဇောဓေယျံ၊ မုဏ္ဍော မောစေယျံ၊ တိဏ္ဏော တာရေယျံဟု ဘုရားဆုကိုတောင်းစမူ၏" ဟူ၍ တူညီစွာဖော်ပြထား၏။ ဋနှင့် ထ၊ ထမ်းနှင့် ထန်းသာ သတ်ပုံကွာခြား၏။ ထို့ကြောင့် ဤပေမူမှာ ဇာတာတော်ပုံရာဇဝင်မူကွဲဖြစ်ကြောင်း သိနိုင်သည်။ အခြားသောအခန်းကဏ္ဍများဖြစ်သည့် မင်းဆက်စာရင်းများ၊ မဟာဝင်မင်းဆက်များ၊ ဇာတာတော်ပုံများ၊ လူမျိုး ၁၀၁ ပါးစာရင်းများတို့လည်း အတူတူပင်ဖြစ်ကြောင်း တွေ့ရသည်။

> ❖ မြန်မာ့သမိုင်းကိုလေ့လာရာတွင် အားကိုးအားထားပြုရသောကျမ်းတစ်ကျမ်းရှိသည်။ ထိုကျမ်းမှာ ဇမ္ဗူကွန်ချာကျမ်းဖြစ်သည်။ ဇမ္ဗူကွန်ချာကျမ်းသည် ရွှေဟောင်းပျူမြို့ဟောင်းများ၊ မြို့ပမာဏအတိုင်းအတာအကျယ်အဝန်းများ စသည်တို့ကိုလေ့လာရာတွင် များစွာအထောက်အကူပြုသည်။ တစ်ချိန်က ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ်အတွင်းရှိ ပျူမြို့ဟောင်းကြီးတစ်မြို့ကို မိုင်းမောမြို့ဟောင်းဟု အမည်ပေးခဲ့သည်။ နောက်ပိုင်းကာလ ဇမ္ဗူကွန်ချာကျမ်းကို ရှာဖွေတွေ့ရှိသောအခါတွင် ထိုမြို့ဟောင်းမှာ မိုင်းမောမဟုတ်ဘဲ ပင်လယ်မြို့ဟောင်းဟု ပြောင်းလဲခေါ်လာကြသည်။ ဇမ္ဗူကွန်ချာကျမ်း၏ ကျေးဇူးပင်ဖြစ်သည်။ ❖

ဤတွင် ထူးခြားချက်တစ်ခုကို ဖော်ပြလိုပါသေးသည်။ ခေတ်သစ်သမိုင်းသုတေသီများသည် ဇာတာတော်ပုံလာ စောလူးမင်း၏ နန်းစံခုနစ်နှစ်ကိုအထောက်အထားပြု၍ အနော်ရထာမင်း၏ နန်းတက်နှစ်သည် သက္ကရာဇ် ၄၀၆(အေဒီ ၁၀၄၄)ဟု တွက်ချက်၍ယူကြသည်။ ထိုအတိုင်းပင်လျှင် ဇာတာတော်ပုံလာစောလူးမင်းနန်းစံ ခုနစ်နှစ်ကိုအခြေပြုကာ အနော်ရထာမင်းနန်းတက်နှစ်ကို သက္ကရာဇ် ၄၀၆ ခုနှစ်ဟူ၍သာ တွင်တွင်ကြီးသုံးနေကြသည်။ ဤအသစ်တွေ့ပေမူတွင် စောလူးမင်းနန်းစံနှစ်ကို အိမ်နိမ့် ၃၀၊ နန်းစံ သုံးနှစ်၊ သက်တော် ၃၃ ဟု ပြဆိုထားသည်။ စာအုပ်မူနှင့် လေးနှစ်ကွာဟနေသည်ကို တွေ့ရသည်။ ဤအချက်သည် ပညာရှင်များ အထူးသတိပြုသင့်သောအချက်ဖြစ်သည်။

ဤမူကွဲအရဆိုလျှင် စောလူးမင်း နန်းစံခုနစ်နှစ်နှင့်တွက်၍ယူသော အနော်ရထာမင်းနန်းတက်နှစ် သက္ကရာဇ် ၄၀၆ ခုနှစ်သည် သဘာဝကျတော့မည်မဟုတ်ပေ။ ဤကိစ္စကို သမိုင်းသုတေသီပညာရှင်များ လေ့လာအတည်ပြုပေးသင့်လှသည်။ ဆရာဦးလှတင်(လှသမိန်)တည်းဖြတ်ခဲ့သော ဇာတာတော်ပုံရာဇဝင် လက်ရေးမူနှစ်စောင်စလုံးသည် အကျအနအချွတ်အယွင်းများသည်ဟု ဆရာဦးလှတင်(လှသမိန်)ကိုယ်တိုင် နိဒါန်း၌ဆိုထားသဖြင့် ထိုမူသည်လည်း အမှားအယွင်းကင်းသည်ဟု မပြောနိုင်ပါ။ ယခုပေမူသည် သတ်ပုံသတ်ညွှန်းကအစ ရှင်းလင်းပြေပြစ်၏။ လက်ရေးလက်သားကောင်း၏။ ဇာတာတော်ပုံရာဇဝင်ကို ဤပေမူဖြင့်တိုက်ဆိုင်ကာ ပြန်လည်တည်းဖြတ်ပြင်ဆင်သင့်သည်ဟု ထင်မိသည်။ ထို့အတူ ဇာတာတော်ပုံရာဇဝင်ဟူသောအမည်သည်လည်း ကျမ်းစာကိုယ်အတွင်း၌ တစ်နေရာမှမတွေ့ရသဖြင့် ဇာတာတော်ပုံရာဇဝင်ဟု အမည်ပေးထားခြင်းကိုလည်း ပြန်လည်စိစစ်သင့်သည်။ ယခုပေမူတွင်ကား ဇမ္ဗူကွန်ချာဟု အမည်ထင်ထင်ရှားရှားတွေ့ရသဖြင့် ဇာတာတော်ပုံရာဇဝင်ဟူသည် ဇမ္ဗူကွန်ချာကျမ်းပင်ဖြစ်မည်ဟု ယူဆစရာရှိနေသည်။ ဤအချက်ကိုလည်း အတည်ပြုစစ်ဆေးရန်လိုသည်။

အသစ်တွေ့ပေမူတွင် "ဇမ္ဗူကွန်ချာဘိုးရာဇာမူဟောင်း"ဟု တွေ့ရသဖြင့် ဤကျမ်းကို ဝန်ဇင်းမင်းရာဇာပြုစုခဲ့သလော တွေးတောရပေသည်။ ဝန်ဇင်းမင်းရာဇာသည် ပထမအင်းဝခေတ်တွင် ထင်ရှားသော ပညာရှိအမတ်ကြီးဖြစ်သည်။ ဝန်ဇင်းမင်းရာဇာသည် မင်းကြီးစွာစော်ကဲလက်ထက်မှ သားတော်ဆင်ဖြူရှင်တရဖျား၊ ညီတော် ပထမမင်းခေါင်လက်ထက်တိုင် မင်းသုံးဆက်တိတိ အတိုင်ပင်ခံပညာရှိကြီးအဖြစ် ထင်ရှားခဲ့သည်။ ဝန်ဇင်းမင်းရာဇာကို ဘိုးရာဇာဟူ၍လည်း ခေါ်ကြသည်။ ပေမူတွင် ဘိုးရာဇာမူဟောင်းဟုဆိုထားသဖြင့် ဤကျမ်းကို ဝန်ဇင်းမင်းရာဇာပြုစုခဲ့သလောဟု တွေးတောစရာရှိပေသည်။ သို့သော်လည်း ဇမ္ဗူကွန်ချာကျမ်းတွင် ညောင်ရမ်းခေတ် တနင်္ဂနွေမင်းလက်ထက်ထိ ပါဝင်နေသဖြင့် ဝန်ဇင်းမင်းရာဇာနှင့်ကား အလှမ်းဝေးလှ၏။ ဝန်ဇင်းမင်းရာဇာသည် သက္ကရာဇ် ၇၈၃ ခုနှစ်တွင် ကွယ်လွန်သည်။ တနင်္ဂနွေမင်းသည် ၁၀၇၆ ခုနှစ်တွင် နန်းတက်သောကြောင့် နှစ်ပေါင်း ၂၉၃ နှစ်မျှကွာခြားနေ၏။ မဖြစ်နိုင်ဟုတွေးစရာရှိ၏။ တစ်နည်းတွေးရန်ရှိသည်မှာလည်း ဝန်ဇင်းမင်းရာဇာပြုစုခဲ့သောကျမ်းကို နောက်ပညာရှင်များကထပ်မံဖြည့်စွက်ခဲ့သည်ဟု ယူဆ၍လည်းရသည်။ ထို့ကြောင့် ဇာတာတော်ပုံရာဇဝင်ကို ညောင်ရမ်းခေတ် သာလွန်မင်းလက်ထက်ပြုစုသည်၊ မင်းရဲကျော်ထင်လက်ထက်ပြုစုသည်၊ ပြုစုသူမှာ ပုဏ္ဏားအဇာဂရုဖြစ်သည်ဟူသော အဆိုများကိုလည်း ပြန်လည်ဆန်းစစ်သင့်သည်။ ယခုအသစ်တွေ့ပေမူအရ ဇာတာတော်ပုံရာဇဝင်သည် အင်းဝခေတ်က ဝန်ဇင်းမင်းရာဇာပြုစုခဲ့သည်ဟု ယူဆစရာဖြစ်နေသည်။ ဤပြဿနာကို သမိုင်းပညာရှင်များသာ အဖြေရှာကြရန်ဖြစ်ပေသည်။

**ဇမ္ဗူကွန်ချာကျမ်း**

မြန်မာ့သမိုင်းကို လေ့လာရာတွင် အားကိုးအားထားပြုရသောကျမ်းတစ်ကျမ်းရှိသည်။ ထိုကျမ်းမှာ ဇမ္ဗူကွန်ချာကျမ်းဖြစ်သည်။ ဇမ္ဗူကွန်ချာကျမ်းသည် ရွှေဟောင်းပျူမြို့ဟောင်းများ၊ မြို့ပမာဏအတိုင်းအတာ အကျယ်အဝန်းများ စသည်တို့ကိုလေ့လာရာတွင် များစွာအထောက်အကူပြုသည်။ တစ်ချိန်က ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ်အတွင်းရှိ ပျူမြို့ဟောင်းကြီးတစ်မြို့ကို မိုင်းမောမြို့ဟောင်းဟု အမည်ပေးခဲ့သည်။ နောက်ပိုင်းကာလ ဇမ္ဗူကွန်ချာကျမ်းကို ရှာဖွေတွေ့ရှိသောအခါတွင် ထိုမြို့ဟောင်းမှာ မိုင်းမောမဟုတ်ဘဲ ပင်လယ်မြို့ဟောင်းဟု ပြောင်းလဲခေါ်လာကြသည်။ ဇမ္ဗူကွန်ချာကျမ်း၏ ကျေးဇူးပင်ဖြစ်သည်။

ဇမ္ဗူကွန်ချာကျမ်းတွင် ဗျာဒိတ်ပိုင်း၊ ပျူမင်း၊ ဟံသာဝတီ၊ ရတနာပူရ၊ မဏ္ဍာရ၊ ပင်လယ်၊ ကောင်းစင်၊ ရွာပုကြီး၊ လယ်ကိုင်း၊ တကောင်း၊ ရသေ့ပြည်၊ ပုဂံပြည်၊ မြင်စိုင်း၊ ပန်းရ၊ စစ်ကိုင်း၊ အဝ၊ ရှင်ဖြူရှင်လှဘုရားအတ္ထုပ္ပတ္တိ၊ ရွှေယင်မျှော်ဘုရားအတ္ထုပ္ပတ္တိ၊ ရွှေစည်းခုံဘုရားအတ္ထုပ္ပတ္တိ၊ ပုညစေတီဘုရားအတ္ထုပ္ပတ္တိ၊ မြို့၏ပမာဏ၊ မြို့အတန်းအစား၊ ဈေးကောက်ရိုးအစဉ်၊ ဆိပ်ကောက်ရိုးအစဉ်၊ စစ်ကိုင်းပြည်ကြီး၏အတ္ထုပ္ပတ္တိဟူ၍ ပါရှိ၏။ ရွှေဟောင်းပျူမြို့တော်များနှင့်ပတ်သက်၍ ဇမ္ဗူကွန်ချာကျမ်းသည် များစွာအားကိုးအားထားပြုရသည်။ ဆရာကြီးဦးဆန်းထွန်း(မန်းတက္ကသိုလ်)ရေးသားခဲ့သော မှန်နန်းရာဇဝင်တော်ကြီးတွင်ပါရှိသည့် "ရာဇဝင်သုတေသနမဟာနိဒါန်း"သည် ဤဇမ္ဗူကွန်ချာကျမ်းကို ကိုးကား၍ ရေးသားခဲ့ခြင်းဖြစ်နိုင်သည်။ ဆရာကြီး၏နိဒါန်း၌ပါရှိသည့် မြို့ဟောင်းများအကြောင်းသည် ဇမ္ဗူကွန်ချာကျမ်းပါ အချက်အလက်များဖြစ်နေသည်။

**ဇမ္ဗူကွန်ချာကျမ်းပုံနှိပ်ထုတ်ဝေမှု**

ဇမ္ဗူကွန်ချာကျမ်းသည် အချိန်အတော်ကြာသည်ထိ ပုံနှိပ်မူဘဝသို့မရောက်ဘဲ တိမ်မြုပ်နေခဲ့သည်။ ကျွန်တော့်ထံတွင် ဇမ္ဗူကွန်ချာကျမ်းမူ နှစ်မူရရှိခဲ့သည်။ နှစ်မူစလုံးလက်ရေးမူဖြစ်သည်။ တစ်မူမှာ ဦးဘောဟုမှတ်ချက်ပါသည့်မူဖြစ်သည်။ ရာဇဝံသဇာလိနီကျမ်းကို ပြုစုခဲ့သူ ဆရာကြီးဦးဘောကူးယူထားသော လက်ရေးမူဖြစ်ဟန်ရှိသည်။ နောက်တစ်မူမှာ ရွှေဟောင်းစာပေသုတေသီအမည်ခံ ဆရာကြီးဦးထွန်းရီ(ရွှေဟောင်းသုတေသီ)ကူးယူထားသော လက်ရေးမူဖြစ်သည်။ ဆရာကြီး ဦးထွန်းရီ(ရွှေဟောင်းသုတေသီ)သည် ဇမ္ဗူကွန်ချာကျမ်းကို ၁၉၆၄ ခုနှစ်အတွင်းက ရွှေဟောင်းအမြုတေစာတွဲ-၂ တွင် ထည့်သွင်းဖြန့်ဝေခဲ့ဖူး၏။ စောင်ရေများများမဟုတ်၍ သိသူနည်း၏။ ဆရာကြီးဦးဘောမူနှင့် ဆရာကြီးဦးထွန်းရီမူမှာ ပေတစ်ဆူတည်းကပင် ကူးယူခဲ့သလော တွေးတောရသည်။ မူနှစ်မူမှာ အတူတူပင်ဖြစ်နေ၏။ ထို့နောက် ဇမ္ဗူကွန်ချာကျမ်းကို ဆရာကြီး ဦးထွန်းရီ(ရွှေဟောင်းသုတေသီ)သည် ပုံနှိပ်မူသို့ ပြောင်းလဲထုတ်ဝေခဲ့သည်။ ၂၀၁၈ ခုနှစ်တွင် ဆရာကြီး ဦးထွန်းရီ(ရွှေဟောင်းသုတေသီ)ထုတ်ဝေခဲ့သော "မြို့ရွာနယ်ပယ်နှင့် ပြည်သူ့ရေးရာသမိုင်းစာ"ကျမ်းတွင် ထည့်သွင်းဖော်ပြခဲ့သည်။ နှစ်ပေါင်းများစွာ လက်ရေးမူဖြင့် တိမ်မြုပ်နေခဲ့ပြီးမှ ပုံနှိပ်မူသို့ ရောက်ရှိခဲ့ခြင်းဖြစ်သည်။

**ဇမ္ဗူကွန်ချာကျမ်းပြုသူ**

ဇမ္ဗူကွန်ချာကျမ်းတွင် ကျမ်းပြီးနှစ်ပြဆိုထားခြင်းမရှိသောကြောင့် မည်သည့်ခုနှစ်တွင် ပြုစုခဲ့သည်၊ မည်သူပြုစုခဲ့သည်ကို မသိရပေ။ သို့သော် တချို့က ဇမ္ဗူကွန်ချာကျမ်းပြုစုသူမှာ တောင်တွင်းဆရာတော်ခင်ကြီးဖျော်ရေးသားထားသည်ဟု ကိုးကားဖော်ပြကြသည်။ ထိုကဲ့သို့ဖော်ပြသူများသည် မည်သည့်ကျမ်းကိုးအထောက်အထားဖြင့် ဖော်ပြသည်ကိုကား မသိရပေ။ မူရင်းကျမ်း၌ပင် ကျမ်းပြုသူအမည်မပါပေ။ ထို့ကြောင့်

စာမျက်နှာ ၅ သို့ ➤

# လမ်းလျှောက်ခြင်းဖြင့် အဆုတ်အားကောင်းစေနိုင်သည်



လမ်းလျှောက်တဲ့အခါမှာ မိမိတို့ရဲ့အဆုတ်က အောက်ဆီဂျင်ကို ပိုမိုရရှိပါတယ်။ ရရှိလာတဲ့ အောက်ဆီဂျင်တွေကို သွေးနီဥတွေကရယူပြီး ခန္ဓာကိုယ်တစ်လျှောက်ကို သယ်ဆောင်သွားပေးပါတယ်။

ဒါ့အပြင် အဆိပ်အတောက်တွေကိုလည်း ဖယ်ရှားပေးနိုင်တဲ့အတွက် အဆုတ်ရဲ့ လုပ်ငန်း လည်ပတ်မှုကိုလည်း အားကောင်းစေတာကြောင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါတွေ ဖြစ်ပွားနိုင်မှုကိုလည်း လျော့ချပေးနိုင်ပါတယ်။

# ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဧပြီလမှ ဇူလိုင်လထိ လက်ခစားချုပ်ပြီးအထည်များ နိုင်ငံတကာသို့တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၀၈၅ ဒသမ ၇၄၄ သန်းရရှိခဲ့

**နေပြည်တော် ဩဂုတ် ၉**

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဧပြီလမှ ဇူလိုင်လထိ ကာလအတွင်း မြန်မာနိုင်ငံမှ လက်ခစားချုပ်ပြီး အထည်များ(CMP) နိုင်ငံတကာသို့တင်ပို့မှုမှ ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ ၁၀၈၅ ဒသမ ၇၄၄ သန်းရရှိခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်ချိုသက်မူက ပြောပြ၍ သိရသည်။



မြန်မာနိုင်ငံအတွင်းရှိ CMP စက်ရုံ၊ အလုပ်ရုံများတွင် တရုတ်နိုင်ငံက အများဆုံးရင်းနှီးမြှုပ်နှံဆောင်ရွက်လျက်ရှိပြီး တရုတ် (တိုင်ပေ)၊ ထိုင်း၊ ကိုရီးယားနှင့် ဂျပန်နိုင်ငံတို့ကလည်း ရင်းနှီးမြှုပ်နှံဆောင်ရွက်လျက်ရှိကြောင်း၊ လက်ခစား ချုပ်ပြီးအထည်များ (CMP)ကို ထိုင်းနိုင်ငံ၊ တရုတ်နိုင်ငံ၊ စင်ကာပူနိုင်ငံနှင့် ဥရောပနိုင်ငံတို့သို့ တင်ပို့လျက်ရှိကြောင်း သိရသည်။

"၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဧပြီလကနေ ဇူလိုင်လထိ ကာလအတွင်းမှာ လက်ခစားချုပ်ပြီးအထည်တွေ ပြည်ပတင်ပို့မှုကနေ အမေရိကန်ဒေါ်လာ ၁၀၈၅ ဒသမ ၇၄၄ သန်းရရှိခဲ့ပါတယ်။ ပင်လယ်ရေကြောင်းကနေ လက်ခစားချုပ်ပြီး အထည်တင်ပို့မှုကတော့ အမေရိကန်ဒေါ်လာ ၁၀၅၈ ဒသမ ၄၇၅ သန်းရရှိပြီး နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းကနေ တင်ပို့မှုက အမေရိကန်ဒေါ်လာ ၂၇ ဒသမ ၂၆၉ သန်းရရှိခဲ့ပါတယ်"ဟု ဒေါ်ချိုသက်မူက ပြောပြသည်။

အဆိုပါ လက်ခစားချုပ်ပြီး အထည်လုပ်ငန်းများ အများဆုံးတည်ရှိရာ ရန်ကုန်တိုင်းဒေသကြီးတွင် အဝတ်အထည်ချုပ်လုပ်ငန်း ၅၀၅ ရုံ၊ ဖိနပ်ချုပ်လုပ်ငန်း ၄၈ ရုံ၊ ဆံပင်တုလုပ်ငန်း ရှစ်ရုံ၊ အခြားသော အိတ်ချုပ်လုပ်ငန်း၊ အားကစားဝတ်စုံ၊ အားကစားဖိနပ်၊ ခြေအိတ်ချုပ်လုပ်ငန်း လုပ်ကိုင်နေသည့် စက်ရုံ၊ အလုပ်ရုံ ၁၇၇ ရုံရှိပြီး သတ်မှတ်စည်းမျဉ်းစည်းကမ်းများနှင့်အညီ လည်ပတ်နေကြောင်း သိရသည်။

ASH

➤ စာမျက်နှာ ၄ မှအဆက်

တောင်တွင်းဆရာတော် ခင်ကြီးဖျော်ရေးသားပြုစုသည်ဟု ဖော်ပြကြခြင်းသည် အထောက်အထားမခိုင်လုံဟု ဆိုရပါမည်။

**ဇမ္ဗူကွန်ချာကျမ်းပေမူ ထပ်မံတွေ့ရှိခြင်း**

ကျွန်တော်သည် ရှေးဟောင်း ပေ၊ ပုရပိုက်များကို ရှာဖွေစုဆောင်းနေရာ တစ်နေ့၌ မူးမြစ်ဝှမ်းဒေသ ရေဦးမြို့နယ်အတွင်းမှ ဇမ္ဗူကွန်ချာကျမ်းပေမူတစ်ဆူ ရရှိခဲ့သည်။ ပေမူမှာ ရှစ်ကြောင်းရေး မျဉ်းနီပေဖြစ်ပြီး က အစ ခံ အဆုံး တစ်အင်္ဂါနှင့် ၁၁ ချပ်ရှိသည်။ ပေမူသည် လက်ရေးလက်သားကောင်း၏။ ယခင်ရှိပြီးမူများတွင်မပါသော ကျမ်းပြီးနိဂုံးပါ၏။ ကျမ်းပြီးနိဂုံးတွင် ကျမ်းပြုစုပြီးစီးသည့်ခုနှစ်ပါရှိသဖြင့် ကျမ်းပြီးနှစ်ကို တိကျစွာသိရ၏။ ယခုအသစ်တွေ့ရှိသော ဇမ္ဗူကွန်ချာကျမ်းပေမူတွင် ကျမ်းပြီးနှစ်ကို "သကြရစ်ကား၊ ထောင့်ပြည့်ရာကျော်၊ စွန်းသော်လေးဆယ်၊ တခူးဝယ်၌၊ တကယ်မုံလှ၊ ဗျာသိုဝ်လဝယ်၊ ပြည့်ထရက်ကျော်၊ လေးရက်သော်လျှင်၊ ရွှင်ပျော်ရက်မှာ၊ သာယာခေါ်လို၊ အင်္ဂါဆိုသည်"ဟူ၍ တွေ့ရသည်။ ကျမ်းပြီးနိဂုံးအရ ကျမ်းပြီးနှစ်မှာ ၁၁၄၀ ပြည့်နှစ် ပြာသိုလပြည့်ကျော် ၄ ရက် အင်္ဂါနေ့ (၁၇၇၉ ခုနှစ် ဇန်နဝါရီ ၆ ရက်)ဖြစ်သည်ဟု ဆိုရပါမည်။ ၁၁၄၀ ပြည့်နှစ်သည် ကုန်းဘောင်ခေတ် စဉ့်ကူးမင်းလက်ထက်ဖြစ်သည်။ ထို့ကြောင့် ဇမ္ဗူကွန်ချာကျမ်းသည် ကုန်းဘောင်ခေတ် စဉ့်ကူးမင်းလက်ထက်တွင် ရေးသားပြုစုပြီးစီးခဲ့သည်ဟု ဆိုရန်ရှိသည်။

ထိုသို့ဆိုလျှင် ဇမ္ဗူကွန်ချာကျမ်းကို တောင်တွင်းဆရာတော်ခင်ကြီးဖျော်ရေးသည်ဟုဆိုကြသော အဆိုသည် မှားယွင်းနေသည်။ တောင်တွင်းဆရာတော်ခင်ကြီးဖျော်သည် ၁၀၈၆ ခုနှစ်တွင် မွေးဖွားပြီး ၁၁၂၄ ခုနှစ်တွင် ပျံလွန်တော်မူခဲ့သည်။ ဇမ္ဗူကွန်ချာကျမ်းမှာ ၁၁၄၀ ပြည့်နှစ်တွင် ပြုစုပြီးစီးခဲ့ခြင်းဖြစ်၍ တောင်တွင်းဆရာတော် ခင်ကြီးဖျော် ပျံလွန်တော်မူပြီး ၁၆ နှစ်နေမှ ပြုစုပြီးစီးခဲ့သောကျမ်းဖြစ်ခြင်းကြောင့် တောင်တွင်းဆရာတော် ခင်ကြီးဖျော်ပြုစုခဲ့သောကျမ်းမဟုတ်ကြောင်း တိကျစွာသိရသည်။

**ဇမ္ဗူကွန်ချာကျမ်း အမည်ပြဿနာ**

ဇမ္ဗူကွန်ချာကျမ်းအမည်များနှင့်စပ်လျဉ်း၍ အနည်းငယ်ရှင်းလင်းစရာရှိသည်။ အထက်တွင်ဖော်ပြခဲ့သော လက်ရေးမူ၊ ပုံနှိပ်မူအသီးသီးတို့တွင် အထက်ပါကျမ်းကို ဇမ္ဗူကွန်ချာကျမ်းဟု အမည်ပေးထားခြင်းကြောင့် ကျွန်တော်သည်လည်း ဇမ္ဗူကွန်ချာကျမ်းဟု အမည်တပ်ကာ ရေးသားခဲ့ခြင်းဖြစ်သည်။ စာဖတ်သူအများနှင့် ရင်းနှီးပြီးသောအမည်ကို ဆက်၍ သုံးနှုန်းလိုသဖြင့် ရေးသားခဲ့ခြင်းလည်းဖြစ်သည်။ တင်ပြလိုသည့်ပြဿနာမှာ အထက်ပါကျမ်းသည် ဇမ္ဗူကွန်ချာကျမ်း ဟုတ်၊ မဟုတ်ပင်ဖြစ်သည်။ လက်ရေးမူနှစ်မူနှင့် ကျွန်တော်ရရှိထားသော ပေမူတို့တွင် ဇမ္ဗူကွန်ချာကျမ်းဟု အမည်ပေးထားခြင်း ရှိ၊ မရှိကို သေသေချာချာဂရုစိုက်ကြည့်မိသည်။ သို့သော် မည်သည့်နေရာတွင်မှ ဇမ္ဗူကွန်ချာဟူသောအမည်ကို မတွေ့ရပါ။ ထို့ကြောင့် ဇမ္ဗူကွန်ချာကျမ်းဟူသောအမည်သည် ဤကျမ်း၏ အမည် ဟုတ်၊ မဟုတ်ကို သံသယဝင်မိခြင်းဖြစ်သည်။

"ဇမ္ဗူကွန်ချာဘိုးရာဇာမူဟောင်း"ဟူသောကျမ်းသည်သာ ဇမ္ဗူကွန်ချာကျမ်းဖြစ်နိုင်သည်။ ထိုဇမ္ဗူကွန်ချာကျမ်း ဘိုးရာဇာမူဟောင်းသည်လည်း ပုံနှိပ်စာအုပ်ဖြင့်ရှိနေသော ဇာတာတော်ပုံရာဇဝင်ဖြစ်နေသည်။ ထိုအချက်များကို သုံးသပ်ကြည့်မည်ဆိုလျှင် "ဇာတာတော်ပုံရာဇဝင်"ဟု အသိများသည့်ကျမ်းသည် ပေမူအထောက်အထားအရ "ဇမ္ဗူကွန်ချာကျမ်း"ဖြစ်သည်ဟု ယူဆရသည်။ ယခုဇမ္ဗူကွန်ချာကျမ်းဟု အများထင်နေသည့်ကျမ်းမှာ ကျမ်းအမည်မသိရသေးသော ကျမ်းတစ်စောင်ဟုသာ မှတ်သားရမည်ဖြစ်သည်။ ထို့ကြောင့် ဇာတာတော်ပုံရာဇဝင်ကျမ်းသည် ဇမ္ဗူကွန်ချာကျမ်းဖြစ်ပြီး ဇမ္ဗူကွန်ချာကျမ်းသည် အမည်မသိရသေးသော ကျမ်းတစ်စောင်ဟု ယာယီအားဖြင့် မှတ်သားထားသင့်ပါသည်။

# မိုးရာသီ သစ်ပင်စိုက်ပွဲ နွှဲကြပါစို့ အားမာန်သည်း

- သစ်ပင်ကို မိုးကာလ
  စိုက်ကြစို့ မနှေးအောင်၊
  မြေဆီလွှာ စိုတဲ့ခိုက်
  စိုက်ကြစို့မောင်၊
  သစ်ပင်တို့ စိမ်းညို့မှောင်
  စိုက်ရအောင် ချိန်ရှိဆဲ၊
  တစ်ယောက်ကို တစ်ပင်ရှင်လို့
  တို့နိုင်ငံ မြရည်သစ်တယ်
  ချစ်စရာ့ပွဲ။

- ချစ်စရာ နိုင်ငံထဲ
  သစ်ပင်က စုံလင်တယ်၊
  ယခုလို မိုးရွာဆဲ
  ထပ်လည်းပျိုးမယ်၊
  ပျိုးကြလို့ စိုက်ကြကွယ်
  သူတို့ရယ် ရှင်သန်ကြော့၊
  သည်ပင်တွေ မေတ္တာမင်လို့
  သည်တောတွေ ချစ်သဒ္ဒါဝင်လို့
  ကြင်ကြတယ်နော့။

- သစ်တောနှင့် သစ်ပင်များ
  ချစ်အားက တကယ်ပို၊
  သူတို့ဟာ လူ့အကျိုး
  သယ်ပိုးမခို၊
  လောကနဲ့ လူ့ကမ္ဘာကို
  အလှပို အယဉ်တင့်၊
  ဘက်စုံကို အဖိုးတန်ပါတဲ့
  အမျိုးမှန် ချစ်စရာ့တွေမို့
  မေတ္တာ့ထပ်ဆင့်။

- ရွက်နုပျို သစ်ပင်များ
  ဖွံ့ထွားလို့ လန်းဖို့ရယ်၊
  မိုးရေဟာ သစ်ပင်အသည်းမို့
  ရွာဆဲမှာကွယ်၊
  အားခဲလို့ စိုက်ကြမယ်
  မခိုကွယ် မကပ်ပဲ၊
  တို့မြေရဲ့ အသေအချာအသည်းတွေမို့
  တို့မြေရဲ့ ရတနာခဲတွေမို့
  ဇွဲထည့်ကာနွှဲ။

- မိုးရာသီ သစ်ပင်စိုက်ပွဲ
  နွှဲကြစို့ တို့တစ်တွေ၊
  အားသွန်ကာ မာန်ကိုသွေး
  မနှေးကြပေ၊
  မောင်မယ်တို့ စိတ်မထွေ
  တို့မြေဟာ စိမ်းစိုလှဲ့၊
  ညီညာကာ ပြည်သာပါလို့
  စည်ဖြာကာ လန်းကာတင့်အောင်
  အားဝင့်ပါကွဲ့။ ။

**ပြေအေးသက်**

# နိုင်ငံတကာ သတင်းများ

## အီရန်နိုင်ငံမှ လျှပ်စစ်ဓာတ်အား ပိုမိုဝယ်ယူရန် ပါကစ္စတန်စီစဉ်

**အစ္စလာမ်မာဘတ် ဩဂုတ် ၉**

အိမ်နီးချင်း အီရန်နိုင်ငံထံမှ လျှပ်စစ်ဓာတ်အားများ ပိုမိုဝယ်ယူရန် ပါကစ္စတန်နိုင်ငံက စီစဉ်ထားကြောင်း ရိုက်တာသတင်းဌာနက ဩဂုတ် ၈ ရက်တွင် ဖော်ပြခဲ့သည်။

အီရန်နိုင်ငံမှ လျှပ်စစ်ဓာတ်အား ပိုမိုဝယ်ယူရေး ဆုံးဖြတ်ချက်ကို ပါကစ္စတန် ဘဏ္ဍာရေးဝန်ကြီး အစ်ဟက်ဒါးဦးဆောင်သည့် စီးပွားရေးညှိနှိုင်းပေါင်းစပ်မှုကော်မတီက ဩဂုတ် ၈ ရက်တွင် ချမှတ်ခဲ့ခြင်းဖြစ်သည်။

ပါကစ္စတန်နိုင်ငံသည် ၎င်း၏ နယ်စပ်ဒေသများအတွက် အီရန်နိုင်ငံမှ လျှပ်စစ်ဓာတ်အားဝယ်ယူရေးအတွက် သဘောတူညီချက်များ ရယူထားပြီးဖြစ်သည်။

ပါကစ္စတန်အနေဖြင့် အနောက်ဘက်နယ်စပ်ဒေသများအထူးသဖြင့် တရုတ်နိုင်ငံက တာဝန်ယူတည်ဆောက်နေသည့် ဂွါဒါရေနက်ဆိပ်ကမ်း ဖွံ့ဖြိုးရေးစီမံကိန်းများအတွက် အီရန်နိုင်ငံထံမှ လျှပ်စစ်ဓာတ်အားများ ပိုမိုဝယ်ယူရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

အီရန် နိုင်ငံခြားရေးဝန်ကြီး ဟော့ဆိန်းအမီရာအဗ္ဗဒူလာဟီအန် အစ္စလာမ်မာဘတ်မြို့သို့ ရောက်ရှိခဲ့ပြီး ရက်သတ္တပတ်အကြာတွင် အီရန်မှလျှပ်စစ်ဓာတ်အားများ ပိုမိုဝယ်ယူရေးအစီအစဉ်ကို ပါကစ္စတန်ဘဏ္ဍာရေးဝန်ကြီးဌာနက ကြေညာထားခြင်းဖြစ်သည်။

သို့သော် လျှပ်စစ်ဓာတ်အား ပိုမိုဝယ်ယူရေး အစီအစဉ်ဆိုင်ရာ အသေးစိတ်အချက်အလက်များကို ပါကစ္စတန်ဘဏ္ဍာရေးဝန်ကြီးဌာနက ကြေညာခြင်း မရှိသေးကြောင်း သိရသည်။ KKO



## တောင်အာဖရိက အငှားယာဉ်မောင်းများဆန္ဒပြပွဲ၌ အကြမ်းဖက်မှုကြောင့် ငါးဦးသေဆုံးခဲ့

**ကိပ်တောင်း ဩဂုတ် ၉**

ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်း စတင်ခဲ့သော အငှားယာဉ်မောင်းများ၏ဆန္ဒပြပွဲများ အကြမ်းဖက်ဆန္ဒပြပွဲများအဖြစ် ပြောင်းလဲခဲ့မှုကြောင့် တောင်အာဖရိကနိုင်ငံ ကိပ်တောင်းမြို့၌ လူပေါင်းငါးဦး သေဆုံးခဲ့ရကြောင်း ရိုက်တာသတင်းဌာနက ဩဂုတ် ၈ ရက်တွင် ဖော်ပြခဲ့သည်။

ကိပ်တောင်းမြို့ ဒေသန္တရအာဏာပိုင်များနှင့် အငှားယာဉ်မောင်းများကြား ပြဿနာများကို အကြောင်းပြု၍ ရက်သတ္တပတ်ကြာ ပြည်နယ်လုံးကျွတ် သပိတ်ကို တောင်အာဖရိက အမျိုးသားအငှားယာဉ်မောင်းများသမဂ္ဂက ပြီးခဲ့သည့်ဩဂုတ် ၃ ရက်တွင် ကြေညာခဲ့သည်။

စည်ပင်သာယာဥပဒေသစ်တစ်ရပ်အရ လိုင်စင်မပါဘဲမောင်းနှင်ခြင်း၊ ယာဉ်နံပါတ်ပြားမပါခြင်း စသည့် စည်းမျဉ်းချိုးဖောက်မှုများအတွက် မော်တော်ယာဉ်များကို ဖမ်းဆီးသိမ်းယူခွင့်အား ဒေသန္တရအာဏာပိုင်များရရှိခဲ့ပြီးနောက် အငှားယာဉ်မောင်းများက သပိတ်မှောက်ခဲ့ကြခြင်းဖြစ်သည်။

အငှားယာဉ်မောင်းများ၏သပိတ်ကာလအတွင်း အကြမ်းဖက်မှုများ ဖြစ်ပွားခဲ့ပြီး အမျက်ထွက်နေသည့် ဆန္ဒပြသမားများက မော်တော်ယာဉ်များကို မီးရှို့၍ ရဲတပ်ဖွဲ့ဝင်များကို ခဲများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြသည်။

အငှားယာဉ်မောင်းများ၏သပိတ်ကာလအတွင်း ဖြစ်ပွားခဲ့သည့် အကြမ်းဖက်မှုများအတွင်း အသက် ၄၀ အရွယ် ဗြိတိန်နိုင်ငံသားတစ်ဦး အပါအဝင် လူပေါင်းငါးဦးရဲတပ်ဖွဲ့၏ပစ်ခတ်မှုကြောင့် သေဆုံးခဲ့ရကြောင်း တောင်အာဖရိကတာဝန်ရှိသူများက ပြောကြားခဲ့သည်။

ထို့ပြင် အကြမ်းဖက်ဆန္ဒပြပွဲများအတွင်း ပါဝင်ခဲ့သူ ဦးရေ ၁၂၀ ကိုလည်း တောင်အာဖရိကရဲတပ်ဖွဲ့က ဖမ်းဆီးထားကြောင်း သိရသည်။ KKO

## နိုင်ငံအနောက်ဘက်နယ်စပ်တစ်လျှောက်၌ စစ်အင်အားတည်ဆောက်မည်ဟု ရုရှားကာကွယ်ရေးဝန်ကြီးပြောကြား



**မော်စကို ဩဂုတ် ၉**

မြောက်အတ္တလန်တိတ် စာချုပ်အဖွဲ့(နေတိုး)၌ အဖွဲ့ဝင်အဖြစ် ဖင်လန်နိုင်ငံပါဝင်ခဲ့ပြီးနောက်ရုရှားနိုင်ငံ၏ အနောက်ဘက်နယ်စပ်တစ်လျှောက်၌ စစ်အင်အားတည်ဆောက်ထားမည်ဖြစ်ကြောင်းရုရှားကာကွယ်ရေးဝန်ကြီး ဆာဂေးရှွိုဂူးက ယနေ့တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

နေတိုးအုပ်စု၌ ဖင်လန်နိုင်ငံ အဖွဲ့ဝင်အဖြစ်ပါဝင်ခွင့်ရပြီးနောက် နေတိုးအုပ်စုဝင်နိုင်ငံများနှင့် ရုရှားနိုင်ငံတို့ကြား ထိစပ်နေသည့် နယ်စပ်မှာ နှစ်ဆကျော်ပိုရှည်လာကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

နေတိုးအုပ်စုအနေဖြင့် ဖင်လန်နိုင်ငံ၌ အထိုက်အလျောက်များပြားသည့် လက်နက်ကိုင်တပ်ဖွဲ့ဝင်များနှင့် လက်နက်စနစ်များ ဖြန့်ကြက်လာလိမ့်မည်ဟု မိမိမျှော်လင့်ထားကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနအစည်းအဝေး၌ ပြောကြားခဲ့သည်။

သို့သော် ရုရှားနိုင်ငံအနောက်ဘက်နယ်စပ်တစ်လျှောက်၌စစ်အင်အားတည်ဆောက် ထားရလိမ့်မည်ဖြစ်ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးက ပြောကြားခဲ့သည်။

ကာကွယ်ရေးဝန်ကြီး ဆာဂေးရှွိုဂူး၏အဆိုအရ ရုရှားနိုင်ငံသည် နေတိုးအုပ်စု အင်အားချဲ့လာမှုကြောင့် မော်စကိုစစ်ဒေသနှင့် လီနင်ဂရက်စစ်ဒေသများကိုဖွဲ့စည်းဖန်တီးရန်လည်း စဉ်းစားနေသည်။

ယူကရိန်း စစ်ရေးပဋိပက္ခဖြစ်ပွားခဲ့ပြီးနောက် ဖင်လန်နိုင်ငံသည် နှစ်ပေါင်းများစွာ ကျင့်သုံးခဲ့သည့် ကြားနေမူဝါဒကို စွန့်လွှတ်၍ နေတိုးအုပ်စု၌ အဖွဲ့ဝင်အဖြစ် ပါဝင်သွားခြင်း ဖြစ်ကြောင်း သိရသည်။ KKO

## တရုတ်(တိုင်ပေ)လေကြောင်းရန် စိစစ်ဇုန်အတွင်းသို့ တရုတ်လေတပ်စစ်လေယာဉ် ၁၀ စင်း ဝင်ရောက်

**တိုင်ပေ ဩဂုတ် ၉**

ယခုရက်သတ္တပတ်အတွင်း ဒုတိယအကြိမ်မြောက်အဖြစ် တရုတ်စစ်လေယာဉ်များသည် တရုတ် (တိုင်ပေ) လေကြောင်းရန်ကာကွယ်ရေးစိစစ်ဇုန်အတွင်းသို့ယနေ့တွင် ဝင်ရောက်ခဲ့ကြကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

တရုတ်(တိုင်ပေ)က ထုတ်ပြန်ထားသည့်ကြေညာချက်အရ ယနေ့နံနက် ၉ နာရီမှစ၍ တရုတ်(တိုင်ပေ)ဝန်းကျင်၌ တရုတ်စစ်လေယာဉ် ၂၅ စင်း ပျံသန်းလှုပ်ရှားမှုများပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ တရုတ်စစ်လေယာဉ်များအနက် ၁၀ စင်းမှာ ထိုင်ဝမ်ရေလက်ကြား အလယ်မျဉ်းကို ကျော်ဖြတ်ခဲ့ပြီး တရုတ်(တိုင်ပေ) ကျွန်း၏ လေကြောင်းရန်ကာကွယ်ရေးစိစစ်ဇုန် အနောက်တောင်ပိုင်းသို့ဝင်ရောက်ခဲ့ကြကြောင်း တရုတ်(တိုင်ပေ) ကာကွယ်ရေးဝန်ကြီးဌာနသတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

အဆိုပါ တရုတ်လေတပ် စစ်လေယာဉ်များနှင့်အတူ တရုတ်ရေတပ်မှ စစ်သင်္ဘောငါးစီးတို့ကလည်း တရုတ်(တိုင်ပေ)ဝန်းကျင်၌ တိုက်ပွဲဝင်အသင့်အနေအထားဖြင့် ကင်းလှည့်နေမှုများ ပြုလုပ်ခဲ့ကြကြောင်း တရုတ်(တိုင်ပေ)ကာကွယ်ရေးဝန်ကြီးဌာန၏ အဆိုအရ သိရသည်။

တရုတ် စစ်သင်္ဘောများနှင့် တရုတ်စစ်လေယာဉ်များကို စောင့်ကြည့်ရေးအတွက် တရုတ်(တိုင်ပေ)ကာကွယ်ရေးဝန်ကြီးဌာနကလည်း စစ်လေယာဉ်နှင့် စစ်သင်္ဘောများ စေလွှတ်ခဲ့သည်။

၁၉၄၉ ခုနှစ်က တရုတ်ပြည်တွင်းစစ်ပြီးဆုံးပြီးနောက်နိုင်ငံရေးအရ သီးခြားရပ်တည်ခဲ့သော တရုတ်(တိုင်ပေ)ကို တရုတ်အစိုးရက ပြည်မကြီး အချုပ်အခြာပိုင်နယ်မြေအဖြစ် သတ်မှတ်ထားပြီး ပြည်မကြီးနှင့်ပြန်လည်ပေါင်းစည်းရေးအတွက် ဖိအားပေးလျက်ရှိကြောင်း သိရသည်။ KKO

## ပြင်သစ်၌ မသန်စွမ်းသူများအတွက် အားလပ်ရက်ဂေဟာအဖြစ် အသုံးပြုနေသည့် အဆောက်အအုံမီးလောင်မှုကြောင့် လူကိုးဦး သေဆုံး

**ပဲရစ် ဩဂုတ် ၉**

ပြင်သစ်နိုင်ငံ အရှေ့ပိုင်း၌ မသန်စွမ်းသူများအတွက် အားလပ်ရက်ဂေဟာအဖြစ် အသုံးပြုနေသည့် အဆောက်အအုံတစ်လုံး ယနေ့တွင် မီးလောင်ကျွမ်းခဲ့ရာ လူကိုးဦး သေဆုံးခဲ့ရကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။



အားလပ်ရက်ဂေဟာမီးလောင်ကျွမ်းမှုဖြစ်ပွားပြီးနောက် လူကိုးဦး၏ ရုပ်အလောင်းများကို ရှာဖွေတွေ့ရှိထားသော်လည်း နှစ်ဦး ပျောက်ဆုံးနေဆဲ ဖြစ်ကြောင်း ပြင်သစ်တာဝန်ရှိသူများက ပြောကြားခဲ့သည်။

အားလပ်ရက်ဂေဟာမီးလောင်မှုကြောင့် ယင်းဂေဟာသို့ရောက်ရှိနေသည့် မသန်စွမ်းသူ ၁၀ ဦးနှင့် ဂေဟာဝန်ထမ်းတစ်ဦးတို့ပျောက်ဆုံးနေကြောင်း ပြင်သစ်ပြည်တွင်း မီဒီယာများက အစောပိုင်းတွင် သတင်းထုတ်ပြန်ထားသည်။

လက်ရှိအချိန်တွင် ပျောက်ဆုံးနေသူ ၁၁ ဦးအနက် ကိုးဦး၏ရုပ်အလောင်းများကို ရှာဖွေတွေ့ရှိထားပြီး နှစ်ဦးပျောက်ဆုံးနေဆဲဖြစ်ကြောင်း ပြင်သစ်မီးသတ်တပ်ဖွဲ့က သတင်းထုတ်ပြန်ထားသည်။

မီးလောင်မှု ဖြစ်ပွားခဲ့သည့် မသန်စွမ်းများအတွက် အားလပ်ရက်ဂေဟာသည် ဝင့်ဇန်ဟိမ်းအမည်ရှိ မြို့ငယ်တစ်မြို့၌တည်ရှိကြောင်း သိရသည်။

အားလပ်ရက်ဂေဟာမီးလောင်မှုအတွင်း သေဆုံးခဲ့ကြရသူများအတွက် မိမိတို့ဝမ်းနည်းကြေကွဲရသည်ဟုပြင်သစ်ဝန်ကြီးချုပ်အဲလစ်ဇဘက်ဘွန်းက ထုတ်ဖော်ပြောကြားခဲ့ကြောင်း သိရသည်။ KKO

# SCIENCE AND TECHNOLOGY

## ဘိုးအင်းလေကြောင်းစက်မှုကုမ္ပဏီက အာကာသယာဉ်မှူးများလိုက်ပါမည့် စတားလိုင်နာအာကာသလူသယ်ယာဉ်ကို ၂၀၂၄ ခုနှစ် မတ်လမှပင် လွှတ်တင်နိုင်ဖွယ်ရှိ




**ဝါရှင်တန် ဩဂုတ် ၉**

အမေရိကန်နိုင်ငံ အခြေစိုက် ဘိုးအင်းလေကြောင်းစက်မှုကုမ္ပဏီသည် အာကာသယာဉ်မှူးများလိုက်ပါမည့် စတားလိုင်နာအာကာသလူသယ်ယာဉ်ကို ၂၀၂၄ ခုနှစ် မတ်လမှပင် လွှတ်တင်နိုင်ဖွယ်ရှိကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ဩဂုတ် ၈ ရက်တွင် ရေးသားတင်ပြထားသည်။

ဘိုးအင်းကုမ္ပဏီသည် စတားလိုင်နာအာကာသလူသယ်ယာဉ်ကို မူလက ယခုနှစ် ဇူလိုင် ၂၁ ရက်တွင် လွှတ်တင်ရန်စီစဉ်ထားသော်လည်း လေထီးစနစ်နှင့် လျှပ်စစ်ဝိုင်ယာကြိုးလိုင်းစနစ်များပြဿနာကြောင့် လွှတ်တင်ရေးအစီအစဉ်ကို အကန့်အသတ်မရှိ ဆိုင်းငံ့ခဲ့ရသည်။

သို့ရာတွင် လေထီးစနစ်ပြဿနာနှင့် လျှပ်စစ်ဝိုင်ယာကြိုးလိုင်းစနစ်ပြဿနာများကို ယခုနှစ်အတွင်း ဖြေရှင်းနိုင်ဖွယ်မရှိမှုကြောင့် စတားလိုင်နာအာကာသလူသယ်ယာဉ်ကို ၂၀၂၄ ခုနှစ် မတ်လမှပင် လွှတ်တင်နိုင်ဖွယ်ရှိကြောင်း ဘိုးအင်းကုမ္ပဏီနှင့် အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ) တို့က ဩဂုတ် ၇ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

ဘိုးအင်းကုမ္ပဏီသည် နာဆာ၏ နိုင်ငံတကာအာကာသစခန်း မစ်ရှင်များအတွက် စတားလိုင်နာအာကာသလူသယ်ယာဉ်ကို တည်ဆောက်ထားခြင်းဖြစ်သည်။

ဘိုးအင်းကုမ္ပဏီသည် အာကာသယာဉ်မှူးများ လိုက်ပါခြင်းမရှိသည့် စတားလိုင်နာအာကာသယာဉ်ကို ၂၀၂၂ ခုနှစ် မေလတွင် စမ်းသပ်လွှတ်တင်ခဲ့ရာ အောင်မြင်မှုရရှိထားပြီးဖြစ်သည်။

အဆိုပါမစ်ရှင်အတွင်း စတားလိုင်နာအာကာသယာဉ်သည် နိုင်ငံတကာအာကာသစခန်းနှင့် အောင်မြင်စွာချိတ်ဆက်နိုင်ခဲ့သလို ကမ္ဘာမြေပေါ်သို့လည်း အောင်မြင်စွာ ပြန်လည်ဆင်းသက်နိုင်ခဲ့ကြောင်း သိရသည်။ KKO

## အိန္ဒိယနိုင်ငံ၏ ချန်ဒရာယန်း- ၃ လဆင်းယာဉ်က ပထမဆုံးရိုက်ကူးခဲ့သည့် လကမ္ဘာဓာတ်ပုံများကို ကမ္ဘာပေါ်သို့ ပြန်လည်ပေးပို့ခဲ့

**နယူးဒေလီ ဩဂုတ် ၉**

အိန္ဒိယနိုင်ငံ၏ ချန်ဒရာယန်း-၃ လဆင်းယာဉ်သည် ပထမဆုံး ရိုက်ကူးခဲ့သည့် လကမ္ဘာဓာတ်ပုံများကို ကမ္ဘာပေါ်သို့ ပြန်လည်ပေးပို့ခဲ့ကြောင်း The Daily Mail သတင်းစာက ဩဂုတ် ၈ ရက်တွင် ရေးသားတင်ပြထားသည်။

ချန်ဒရာယန်း-၃ လဆင်းယာဉ်သည် ဩဂုတ် ၅ ရက်တွင် လပတ်လမ်းအတွင်းသို့ အောင်မြင်စွာဝင်ရောက်ခဲ့ပြီးနောက် လကမ္ဘာကို ဓာတ်ပုံများရိုက်ကူးခဲ့သည်။

အိန္ဒိယအာကာသအေဂျင်စီသည် ချန်ဒရာယန်း-၃ လဆင်းယာဉ်ကို ဇူလိုင် ၁၄ ရက်တွင် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။



အိန္ဒိယအာကာသအေဂျင်စီ၏ အစီအစဉ်အရ ချန်ဒရာယန်း-၃ သည် ဩဂုတ် ၂၃ ရက်တွင် လကမ္ဘာတောင်ဝင်ရိုးစွန်းနယ်မြေသို့ ဆင်းသက်မည်ဖြစ်သည်။

ချန်ဒရာယန်း-၃ လပေါ်ဆင်းသက်မှု အောင်မြင်ခဲ့ပါက အိန္ဒိယနိုင်ငံသည် ရုရှား၊ အမေရိကန်နှင့် တရုတ်နိုင်ငံတို့ပြီးလျှင် လပေါ်သို့ လဆင်းယာဉ် စေလွှတ်နိုင်သည့် စတုတ္ထမြောက် ကမ္ဘာ့နိုင်ငံအဖြစ် ရပ်တည်နိုင်မည်ဖြစ်သည်။

အိန္ဒိယနိုင်ငံသည် ယခင်က ချန်ဒရာယန်း-၁ မစ်ရှင်၊ ချန်ဒရာယန်း-၂ မစ်ရှင်များဖြင့် လပေါ်သို့ လဆင်းယာဉ်စေလွှတ်ရန် ကြိုးစားခဲ့သော်လည်း အောင်မြင်မှုမရှိခဲ့ကြောင်း သိရသည်။

KKO

## ရုရှားဒုံးပျံကိုယ်ထည်တစ်ခု ဩဂုတ် ၇ ရက် ညပိုင်းတွင် ဩစတြေးလျနိုင်ငံတောင်ပိုင်း၌ ကမ္ဘာ့လေထုလွှာအတွင်း ပြန်လည်ဝင်ရောက်ခဲ့

**ဆစ်ဒနီ ဩဂုတ် ၉**

ရုရှားဒုံးပျံကိုယ်ထည်တစ်ခုသည် ဩဂုတ် ၇ ရက် ညပိုင်းတွင် ဩစတြေးလျနိုင်ငံ တောင်ပိုင်း၌ ကမ္ဘာ့လေထုလွှာအတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ဩဂုတ် ၈ ရက်တွင် ရေးသားတင်ပြထားသည်။

ရုရှားဒုံးပျံကိုယ်ထည်လေထုလွှာအတွင်း ပြန်လည်ဝင်ရောက်လာချိန်တွင် ကောင်းကင်ယံ၌ မီးဘောလုံးများ ပေါ်ထွက်လာပြီး အသံလှိုင်းပေါက်ကွဲမှုလည်း ဖြစ်ပွားခဲ့ရာ ဗိတိုရိယပြည်နယ်အတွင်းရှိ လူနေအိမ်များပင် တုန်ခါခဲ့ရကြောင်း ဩစတြေးလျမီဒီယာများ၏ အဆိုအရ သိရသည်။

ဩစတြေးလျနိုင်ငံ တောင်ပိုင်း၌ လေထုလွှာအတွင်း ပြန်လည်ဝင်ရောက်ခဲ့သည့် ရုရှားဒုံးပျံကိုယ်ထည်မှာ ဆိုယုဇ်ဒုံးပျံတစ်စင်း၏ တတိယအဆင့် ဒုံးယာဉ်ဖြစ်ကြောင်း သိရသည်။

ရုရှားအာကာသအေဂျင်စီသည် အထက်ပါဆိုယုဇ်ဒုံးပျံကို ဩဂုတ် ၇ ရက်မှာပင် ဂလိုနက်စ်လမ်းညွှန်စနစ်ဂြိုဟ်တုတစ်စင်းကို လွှတ်တင်ရာတွင် အသုံးပြုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါဒုံးပျံ၏ တတိယအဆင့် ဒုံးယာဉ်သည် ဩစတြေးလျနိုင်ငံ တောင်ပိုင်း၌ လေထုလွှာအတွင်း ဝင်ရောက်ခဲ့ပြီးနောက် ပင်လယ်ပြင်အတွင်း ကျရောက်ခဲ့ကြောင်း ဩစတြေးလျအာကာသအေဂျင်စီ တာဝန်ရှိသူများက ပြောကြားသည်။

ရုရှားနိုင်ငံ အနောက်မြောက်ပိုင်း ပလီဆက်ခ်အာကာသစခန်းမှ လွှတ်တင်ခဲ့သည့် ၎င်းဒုံးပျံသည် အာကာသအတွင်းသို့ အရှေ့တောင်ဘက်ကျကျ လမ်းကြောင်းမှတစ်ဆင့် ပျံသန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

KKO

# HEALTH

## အူမကြီးကင်ဆာရောဂါပျောက်ကင်းသူ အမျိုးသမီးများ အစာခြေလမ်းကြောင်းစနစ်ပြဿနာများ ရင်ဆိုင်ကြရ

**နယူးယောက် ဩဂုတ် ၉**

အူမကြီးကင်ဆာရောဂါပျောက်ကင်းသက်သာသွားသူ အမျိုးသမီးလူနာအများအပြားမှာ အစာခြေလမ်းကြောင်းစနစ် ပြဿနာများနှင့် ဆက်လက်ရင်ဆိုင်ကြရတတ်ကြောင်း Health Day News ဆေးပညာသတင်းဝက်ဘ်ဆိုက်က ဩဂုတ် ၈ ရက်တွင် ရေးသားတင်ပြထားသည်။

အူမကြီးကင်ဆာရောဂါကုထုံးရယူပြီး ရှစ်နှစ်ကြာသည်ထိ ရောဂါပျောက်ကင်း သက်သာသွားသူ အမျိုးသမီးလူနာများအနက် ၈၁ ရာခိုင်နှုန်းမှာ ဝမ်းဗိုက်ဖောရောင်ခြင်းကဲ့သို့ အစာခြေလမ်းကြောင်းစနစ်ပြဿနာများ ဆက်လက်ခံစားခဲ့ကြရကြောင်း အမေရိကန်နိုင်ငံ အိုဟိုင်းအိုးတက္ကသိုလ်မှ သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

တိုးတက်လာသည့် ကုထုံးအများအပြားကြောင့် အမျိုးသမီးအူမကြီးကင်ဆာလူနာများမှာ ရှေးယခင်ကထက် အသက်ရှည်ရှည် ပို၍နေလာနိုင်ပြီဖြစ်သော်လည်း အများအပြားမှာ အစာခြေလမ်းကြောင်းစနစ်ပြဿနာများကို ဆက်၍ရင်ဆိုင်ခဲ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

ရင်သားကင်ဆာလူနာများကြား အစာခြေလမ်းကြောင်းစနစ်ပြဿနာရှိလာမှုသည် ရှေးယခင်က အမှုမဲ့အမှတ်မဲ့ပြဿနာတစ်မျိုးဖြစ်ခဲ့သော်လည်း ၎င်းပြဿနာမှာ အဖြစ်များသည့် ပြဿနာဖြစ်နေသည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက သုံးသပ်ထားသည်။

အစာခြေလမ်းကြောင်းစနစ်အတွင်း အူမကြီးကင်ဆာတည်နေရာ၌ အစာခြေလမ်းကြောင်းစနစ်ဗက်တီးရီးယားစုဖွဲ့မှုအပေါ် အကျိုးသက်ရောက်မှုများသည် အူမကြီးကင်ဆာလူနာ အမျိုးသမီးများကြား အစာခြေလမ်းကြောင်းစနစ်ပြဿနာများပေါ်ထွက်လာမှုနှင့် ဆက်စပ်နေဖွယ်ရှိသည်ဟု သုတေသနပညာရှင်များက ယူဆထားကြောင်း သိရသည်။ KKO

## အဆုတ်အတွင်းသို့ သွေးကျဲဆေးတိုက်ရိုက်ထိုးနှံမှုက လူနာများအသက်ဆုံးပါးနိုင်ခြေ လျှော့ချပေးနိုင်

**ဂျေရုဆလင် ဩဂုတ် ၉**


အသက်အန္တရာယ်ကို ခြိမ်းခြောက်နိုင်သည့် သွေးခဲများပေါ်ထွက်မှုပြဿနာကို ဖြေရှင်းရေးအတွက် အဆုတ်အတွင်းသို့ ဆေးများတိုက်ရိုက်ထိုးနှံထည့်သွင်းပေးမှုသည် လူနာများ အသက်ဆုံးပါးနိုင်ခြေကို လျှော့ချပေးနိုင်ကြောင်း သုတေသနပညာရှင်များ၏အဆိုကို ကိုးကား၍ The Daily Mail သတင်းစာက ဩဂုတ် ၈ ရက်တွင် ရေးသားတင်ပြထားသည်။

အဆုတ်အတွင်း သွေးခဲများပေါ်ထွက်မှုပြဿနာ (Pulmo-nary Embolism) ကြောင့် နှစ်စဉ် ကမ္ဘာပေါ်၌ လူသားထောင်ပေါင်းများစွာ သေဆုံးနေကြသည်။

အဆိုပါရောဂါကို ပုံမှန်အားဖြင့် လက်မောင်းမှတစ်ဆင့် သွေးလည်ပတ်မှုစနစ်အတွင်းသို့ သွေးကျဲဆေးများ ထည့်သွင်းပေးခြင်းဖြင့် ကုသလေ့ရှိသည်။

သို့ရာတွင် အစ္စရေးသုတေသနပညာရှင်များ၏အဆိုအရ သွေးခဲများရှိနေသည့် အဆုတ်သွေးကြောများအတွင်းသို့ သွေးကျဲဆေးများ တိုက်ရိုက်ထိုးနှံထည့်သွင်းပေးမှုမှာ ပို၍ထိရောက်သည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ အဆုတ်သွေးကြောများအတွင်းသို့ သွေးကျဲဆေးများတိုက်ရိုက်ထိုးနှံထည့်သွင်းပေးမှုသည် လူနာများ အသက်ဆုံးပါးနိုင်ခြေကို ၅၅ ရာခိုင်နှုန်းလျှော့ချပေးနိုင်သည်ဟု အစ္စရေးသုတေသနပညာရှင်များက ပြောကြားကြောင်း သိရသည်။ KKO



## နိုင်ငံတကာ အားကစားသတင်းများ

# အာဆင်နယ်အသင်းက ကွင်းလယ်ကစားသမား နီကိုလပ်ပီပီကို စာချုပ်ဖျက်သိမ်းကြောင်း ထုတ်ပြန်

**လန်ဒန် ဩဂုတ် ၉**


အာဆင်နယ် အသင်းသည် ကွင်းလယ်ကစားသမား နီကိုလပ်ပီပီကို စတာလင်ပေါင် ၇ ဒသမ ၅ သန်းပေး၍ စာချုပ်ဖျက်သိမ်းခဲ့ကြောင်း ယနေ့တွင် ထုတ်ပြန်ခဲ့သည်ဟု Dailycannon.com က ဖော်ပြခဲ့သည်။

ကွင်းလယ်ကစားသမား နီကိုလပ်ပီပီသည် အာဆင်နယ်အသင်းနှင့် လာမည့် ၂၀၂၄ ခုနှစ်မှ စာချုပ်သက်တမ်း ကုန်ဆုံးမည်ဖြစ်သော်လည်း နည်းပြအာတီတာက ကစားသမားနှင့် လမ်းခွဲရန်သာဆုံးဖြတ်ခဲ့ပြီး ၎င်းလက်ထက်တွင် စာချုပ်ဖျက်သိမ်းခဲ့သည့် ကစားသမား ကိုးဦးထိရှိလာခဲ့သည်။

နည်းပြအာတီတာသည် ၂၀၁၉ ခုနှစ်က အာဆင်နယ်အသင်းကို စတင်တာဝန်ယူပြီး နောက်ပိုင်း အသင်းကို ပြုပြင်ပြောင်းလဲမှုများစွာ ပြုလုပ်ခဲ့ပြီး လူငယ်ကစားသမားများကိုသာ အဓိကနေရာပေးခဲ့ကာ ၎င်း၏ ကစားကွက်နှင့်ကိုက်ညီမှု မရှိသည့် ကစားသမားများကို စာချုပ်ဖျက်သိမ်းခဲ့သဖြင့် ကွင်းလယ်ကစားသမား မက်ဒီတာရန်း၊ ကွင်းလယ်ကစားသမား ဝီလျံ၊ ခံစစ်ကစားသမား ဆိုကရာတစ်၊ မူစတာဖီ၊ ကွင်းလယ်ကစားသမား အိုဇေး၊ ခံစစ်ကစားသမား ကိုလာစီနက်၊ တိုက်စစ်မှူး အူဘာမီယန်း၊ ခံစစ်ကစားသမားဘယ်လာရင်နှင့် လက်ရှိတွင် နီကိုလပ်ပီပီကိုစာချုပ်ဖျက်သိမ်းခဲ့သည့်အတွက် ကိုးယောက်မြောက် စာချုပ်ဖျက်သိမ်းခဲ့ကြောင်း သိရသည်။

နီကိုလပ်ပီပီသည် ၂၀၁၇ ခုနှစ်က လိုင်လီအသင်းမှ အာဆင်နယ်အသင်းသို့ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၇၂ သန်းဖြင့်ပြောင်းရွှေ့ရောက်ရှိခဲ့ပြီး အသင်းနှင့်ပြိုင်ပွဲစုံ ၁၁၂ ပွဲ ပါဝင်ခဲ့ရာတွင် သွင်းဂိုး ၂၇ ဂိုးထိသွင်းယူနိုင်ခဲ့ကာ ပုံစံကောင်းပျောက်ဆုံးခဲ့သောကြောင့် ပြီးခဲ့သည့်ဘောလုံးရာသီက နိုက်အသင်းသို့အငှားစေလွှတ်ခဲ့ပြီး အသင်းသို့ပြန်လည် ရောက်ရှိချိန်တွင်လည်း ရာသီအကြို ခြေစမ်းပွဲကစားမည့် အသင်းလူစာရင်းတွင် ချန်လှပ်ခဲ့ကာ စတာလင်ပေါင် ၁၀ သန်းဖြင့် ရောင်းချခဲ့သော်လည်း ကမ်းလှမ်းသည့်အသင်း မရှိခဲ့သည့်အတွက် စာချုပ်ဖျက်သိမ်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ML



# မန်စီးတီးအသင်းက ပါကွီတာကိုခေါ်ယူရန် စတာလင်ပေါင် သန်း ၇၀ ဖြင့်ကမ်းလှမ်း



**မန်ချက်စတာ ဩဂုတ် ၉**

မန်စီးတီးအသင်းသည် ဝက်စ်ဟမ်းအသင်းကွင်းလယ်ပိုင်းတွင် ခြေစွမ်းပြကစားနေသည့် ပါကွီတာကို ပြောင်းရွှေ့ကြေး စတာလင်ပေါင်သန်း ၇၀ ဖြင့်ကမ်းလှမ်းခဲ့ရာ ဝက်စ်ဟမ်းအသင်းက ရောင်းချရန်ဆန္ဒရှိနေပြီး ပြောင်းရွှေ့ကြေးကို ထပ်မံတိုးမြှင့်ပေးလိုကြောင်း ပြောကြားခဲ့သည်ဟု ဒေးလီးမေးလ်သတင်းစာက ယနေ့တွင် ဖော်ပြခဲ့သည်။

ပါကွီတာသည် ပြီးခဲ့သည့် ဘောလုံးရာသီက ပြင်သစ်ကလပ် လိုင်ယွန်အသင်းမှ ဝက်စ်ဟမ်းအသင်းသို့ရောက်ရှိခဲ့ပြီး အသင်းနှင့်အတူ ပထမဆုံးဘောလုံးရာသီတွင် ပရီးမီးယားလိဂ် သွင်းဂိုး လေးဂိုးသွင်းယူ၍ ခြေစွမ်းပြသခဲ့သည့်အပြင် ယူရိုပါကွန်ဖရင့်လိဂ်ပြိုင်ပွဲတွင်လည်းအသင်းကို ဆုဖလားရရှိအောင် အဓိကနေရာမှ ပါဝင်ခဲ့သောကြောင့်နည်းပြ ဂွါဒီယိုလာက ကွင်းလယ်ပိုင်း ထပ်မံဖြည့်တင်းရန်အတွက် စတာလင်ပေါင် သန်း ၇၀ ဖြင့် ကမ်းလှမ်းခဲ့သည်။

ယခု အပြောင်းအရွှေ့ကာလတွင် ဝက်စ်ဟမ်းအသင်းသည် ကွင်းလယ်ကစားသမား ဒီကလန်ရိုက်ကို အာဆင်နယ်အသင်းသို့ စတာလင်ပေါင် ၁၀၅ သန်းဖြင့် ရောင်းချခဲ့သဖြင့် ကွင်းလယ်ကစားသမား ပါကွီတာကို ရောင်းချရန်ဆန္ဒမရှိသော်လည်း မန်စီးတီးအသင်းအနေဖြင့် ပြောင်းရွှေ့ကြေး ထပ်မံတိုးမြှင့်ပေးပါက ရောင်းချသွားမည်ဖြစ်ကြောင်း သတင်းများထွက်ပေါ်လျက်ရှိသည်။

မန်စီးတီးအသင်းသည်ကွင်းလယ်ကစားသမားများဖြစ်သည့် ဂန်ဒိုဂမ်နှင့်မာရက်ဇ်တို့ ထွက်ခွာပြီးနောက်ပိုင်း ကိုဗာဆစ်တစ်ဦးသာ ပြန်လည်ခေါ်ယူနိုင်ခဲ့သည့်အတွက် ပြီးခဲ့သည့် ဩဂုတ် ၇ ရက်က ကစားခဲ့သည့် အာဆင်နယ်အသင်းနှင့် ကွန်မြူနတီဒိုင်းပွဲစဉ်တွင် ကွင်းလယ်ခံစစ်ပိုင်းလိုအပ်ချက်ဖြင့် ရှုံးနိမ့်ခဲ့သောကြောင့် လက်ရှိတွင် ကွင်းလယ်ပိုင်းထပ်မံဖြည့်တင်းရန်အတွက် ပါကွီတာကိုခေါ်ယူရန် ပစ်မှတ်ထားနေကြောင်း သိရသည်။

ML

# ဘဏ္ဍာရေးချိုးဖောက်မှုများရှိနေသည့် ချဲလ်ဆီးအသင်း ရမှတ်လျှော့ပြစ်ဒဏ် ချမှတ်ခံရဖွယ်ရှိ

**လန်ဒန် ဩဂုတ် ၉**

ချဲလ်ဆီးအသင်းသည် အသင်းပိုင်ရှင် အေဗရာမိုဗစ်လက်ထက်က ဘဏ္ဍာရေးချိုးဖောက်မှုများ ရှိခဲ့သည့်အတွက် ပရီးမီးယားလိဂ်ဘောလုံးအဖွဲ့ချုပ်က စစ်ဆေးမှုများပြုလုပ်ခဲ့ပြီး ရမှတ်လျှော့ပြစ်ဒဏ်ချမှတ်ခံရဖွယ်ရှိနေကြောင်း Fot-mob.com က ယနေ့တွင် ဖော်ပြခဲ့သည်။

အသင်းပိုင်ရှင်အေဗရာမိုဗစ်သည် ပြီးခဲ့သည့်နွေရာသီက ရုရှား-ယူကရိန်းပဋိပက္ခများကြောင့် ချဲလ်ဆီးအသင်းကိုတော့ဘိုလီအား ရောင်းချခဲ့သော်လည်း ၎င်းလက်ထက်တွင် ဘဏ္ဍာရေးချိုးဖောက်မှုများရှိခဲ့သည့်အတွက် ပရီးမီးယားလိဂ် ဘောလုံးအဖွဲ့ချုပ်က စုံစမ်းစစ်ဆေးမှုများပြုလုပ်ခဲ့ပြီးပြစ်မှုထင်ရှားပါက ရမှတ်တစ်မှတ်လျှော့ပြစ်ဒဏ်နှင့် ငွေဒဏ်ချမှတ်ခံရမည်ဖြစ်သည်။

ထို့ပြင် ချဲလ်ဆီးအသင်းကို ယူအီးအက်ဖ်အေကလည်း ၂၀၁၂ ခုနှစ်မှ ၂၀၁၉ ခုနှစ်တာကာလအတွင်း ချမှတ်ထားသည့်ဘဏ္ဍာရေးသတ်မှတ်ချက်ကို ပြည့်မီအောင် ဆောင်ရွက်နိုင်ခြင်းမရှိသည့်အတွက် ပြီးခဲ့သည့်လက ငွေဒဏ် စတာလင်ပေါင် ၈ ဒသမ ၅၇ သန်းပြစ်ဒဏ်ချမှတ်ခဲ့သည်။

လက်ရှိတွင် ပရီးမီးယားလိဂ်ဘောလုံးအဖွဲ့ချုပ်က ချဲလ်ဆီးအသင်းကိုရောင်းချမှုဖြင့် တရားစွဲဆိုခဲ့ခြင်းမဟုတ်ဘဲ ယခင်အသင်းပိုင်ရှင်ဟောင်းအေဗရာမိုဗစ်လက်ထက်က ဘဏ္ဍာရေးချိုးဖောက်မှုများရှိခဲ့ခြင်းကြောင့်သာ စုံစမ်းစစ်ဆေးမှုများပြုလုပ်ခဲ့ပြီး ပြစ်မှုထင်ရှားပါက ရမှတ်လျှော့ပြစ်ဒဏ်ချမှတ်မည်ဟုထုတ်ပြန်ခဲ့ကြောင်း သိရသည်။

ML

# St. Jude Championship ပြိုင်ပွဲတွင် ဂျွန်ရမ်း ပါဝင်ယှဉ်ပြိုင်မည်

**မမ်ဖစ် ဩဂုတ် ၉**

စပိန်ဂေါက်သီးရိုက်ကစားသမား ဂျွန်ရမ်းသည် အမေရိကန်နိုင်ငံ တန်နက်စီပြည်နယ် မမ်ဖစ်မြို့တွင် ကျင်းပမည့် St. Jude Champi-onship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်ဟု Golf Digest သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဂျွန်ရမ်းသည် ယခုနှစ်ဂေါက်သီးရိုက်ရာသီအစပိုင်းက အောင်မြင်မှုများ ဆက်တိုက်ရရှိခဲ့သော်လည်း မေလနောက်ပိုင်းတွင် အောင်မြင်မှုရရှိရန်ရုန်းကန်နေရသည်။

၎င်းသည် PGA Tour ပြိုင်ပွဲများတွင် ရလဒ်ကောင်းမှသာ PGA Tour FedEx Cup အမှတ်ပေးဇယားတွင် ရပ်တည်မှုကောင်းမည်ဖြစ်ပြီး Play-off အဆင့်များတွင် ပါဝင်ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သည့်အတွက် St. Jude Champi-onshipဂေါက်သီးရိုက်ပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်သွားရန် ပစ်မှတ်ထားနေသလို အောင်မြင်မှုရရှိရန်လည်း ပစ်မှတ်ထားလျက်ရှိသည်။

PGA Tour FedEx Cup အမှတ်ပေးဇယား၏ အဆင့်(၇၀) အတွင်းရပ်တည်နေသော ဂေါက်သီးရိုက်ကစားသမားများ St. Jude Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သော်လည်း လာမည့်ရက်သတ္တပတ်တွင် အီလီနွိုက်စ်ပြည်နယ်တွင်ကျင်းပသွားမည့် BMW Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် PGA Tour FedEx Cup အမှတ်ပေးဇယား၏ အဆင့်(၅၀)အတွင်း ရပ်တည်နေသော ဂေါက်သီးရိုက် ကစားသမားသာ ပါဝင်ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သည်။



ဂေါက်သီးရိုက်လောက၏အရှိန်အဝါကြီးသည့် အမေရိကန်နိုင်ငံ အတ္တလန်တာမြို့တွင် ကျင်းပမည့် Tour Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် PGA Tour Fed-Ex Cup အမှတ်ပေးဇယား၏ အဆင့် (၃၀)အတွင်း ရပ်တည်နေသော ဂေါက်သီးရိုက်ကစားသမားသာပါဝင်ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သည့်အတွက် St. Jude Champion-ship ဂေါက်သီးရိုက်ပြိုင်ပွဲသည် အရေးကြီးသော ပြိုင်ပွဲတစ်ရပ်ဖြစ်ကြောင်းကို ဂျွန်ရမ်းက "ဂေါက်သီးရိုက်ကစားသမားတိုင်းကတော့ ပါဝင်ယှဉ်ပြိုင်တဲ့ပြိုင်ပွဲတိုင်းမှာ အောင်မြင်မှုရချင်ကြတယ်။ ကျွန်တော်လဲ ဒီလိုပဲအောင်မြင်မှုတွေ ဆက်တိုက်ရယူချင်တယ်။ နောက်ပြီးတော့ TourChampionship ဂေါက်သီးရိုက်ပြိုင်ပွဲမှာလဲPGA Tour Fed-Ex Cup အမှတ်ပေးဇယားရဲ့ အဆင့်(၁)နေရာမှာ ရပ်တည်နေတဲ့ ကစားသမား တစ်ယောက်အနေနဲ့ ပါဝင်ယှဉ်ပြိုင်သွားချင်တယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။ AZL

## အားကစားသတင်း အတိုအထွာများ

- ၂၀၂၄-၂၀၂၅ ဘောလုံးရာသီတွင် အင်္ဂလန်ကလပ်အသင်းများအနေဖြင့် ချန်ပီယံလိဂ်ဝင်ခွင့် ငါးနေရာရရှိမည်ဟု ပရီးမီးယားလိဂ်အဖွဲ့ချုပ်က ထုတ်ပြန်ခဲ့ကြောင်း သိရသည်။
- ဝက်စ်ဟမ်းအသင်းက မန်ယူအသင်း ခံစစ်ကစားသမား မက်ဂွဲယားကို ပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၃၀ ဖြင့်ခေါ်ယူနိုင်ခဲ့ကြောင်း အတည်ပြုထုတ်ပြန်ခဲ့သည်။
- ချန်ပီယံလိဂ်ခြေစစ်ပွဲစဉ်အဖြစ် ရိန်းဂျားအသင်းနှင့် ကစားရမည့် ဆာဗက်တီအသင်းကစားသမား အွန်ဒူအာသည် ရုရှားနိုင်ငံသားခံယူထားသောကြောင့် ဗြိတိန်အစိုးရက စကော့တလန်သို့ဝင်ရောက်ခွင့်ဗီဇာ ခွင့်မပြုခဲ့သဖြင့် ကစားသမားစာရင်းမှချန်လှပ်ခံခဲ့ရသည်။
- ယခုနှစ်ဘောလုံးရာသီတွင် ပရီးမီးယားလိဂ်သို့တန်းတက်လာသည့် လူတန်အသင်းက အဲဗာတန်အသင်းကစားသမားဟောင်း ဘာကလေကို ခေါ်ယူနိုင်ခဲ့ကြောင်း အတည်ပြုထုတ်ပြန်ခဲ့သည်။ ML

# ဂျိုအန်ဂမ်ပါဖလားပြိုင်ပွဲတွင် ဘာစီလိုနာအသင်းက စပါးအသင်းကို လေးဂိုး နှစ်ဂိုးဖြင့် အနိုင်ရရှိ




**ဘာစီလိုနာ သြဂုတ် ၉**


ဘာစီလိုနာအသင်းက လာလီဂါ ဘောလုံးရာသီမစတင်မီ ဖိတ်ခေါ်ယှဉ်ပြိုင်ကစားခဲ့သည့် ဂျိုအန်ဂမ်ပါဖလားပွဲစဉ်တွင် စပါးအသင်းကို လေးဂိုးနှစ်ဂိုးဖြင့်အနိုင်ယူ၍ ဆုဖလားဆွတ်ခူးနိုင်ခဲ့ကြောင်း ESPN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါပွဲစဉ်တွင် ဘာစီလိုနာအသင်းသည် ကစားသမားအစုံအလင်ဖြင့် ပွဲထွက်လာခဲ့ရာ ပွဲအစ သုံးမိနစ်တွင် တိုက်စစ်မှူး လီဝမ်ဒေါဖကီးက ဦးဆောင်ဂိုးသွင်းယူကာ စပါးအသင်းကို ဖိအားပေးကစားခဲ့သော်လည်း ပွဲချိန် ၂၄ မိနစ်တွင် စပါးအသင်းကွင်းလယ်ကစားသမား စကစ်က ချေပဂိုးပြန်လည်သွင်းယူနိုင်ခဲ့ပြီးနောက်ပိုင်း စပါးအသင်းအနေဖြင့် အိမ်ရှင်ဘာစီလိုနာအသင်းကို ပြန်လည်ထိန်းချုပ်နိုင်ခဲ့ရာ ပွဲချိန် ၃၆ မိနစ်တွင် စကစ်ကပင် ဒုတိယဦးဆောင်ဂိုး ထပ်မံသွင်းယူနိုင်ခဲ့သည်။

ဒုတိယပိုင်းတွင် ဘာစီလိုနာအသင်းသည် တိုက်စစ်ပိုင်းနှင့် ခံစစ်ပိုင်းကို အပြောင်းအလဲများစွာပြုလုပ်၍ ချေပဂိုးရရှိရန်ကြိုးပမ်းခဲ့သော်လည်းစပါးအသင်း၏ ခံစစ်ကစားပုံကြောင့် အခက်တွေ့ခဲ့ရကာ ပွဲကစားချိန် မိနစ် ၇၀ ကျော်တွင် စပါးအသင်းက ကွင်းလယ်နှင့် တိုက်စစ်ပိုင်း လူစားလဲမှုပြုလုပ်ခဲ့ပြီးနောက် ကစားပုံကျဆင်းခဲ့သဖြင့် ပွဲချိန် ၈၁ မိနစ်တွင် ဖာရန်တောရက်စ်၊ ပွဲချိန် မိနစ် ၉၀ တွင် အန်ဆုဖာတီ၊ ပွဲချိန် နာကျင်အချိန်ပိုမိနစ် ၉၀ ကျော်တွင် အက်ဇာဂိုလီတို့က ချေပဂိုးနှင့်ဦးဆောင်ဂိုးများ သွင်းယူနိုင်ခဲ့ပြီး လေးဂိုးနှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ဘာစီလိုနာအသင်းသည် ၁၉၇၀ ပြည့်နှစ်က စတင်ကျင်းပခဲ့သည့် ဂျိုအန်ဂမ်ပါဖလား သမိုင်းတွင် ၄၅ ကြိမ်ထိ ဆုဖလားရယူနိုင်ခဲ့ကာ ၂၀၁၂ ခုနှစ်နောက်ပိုင်းမှ ယခုနှစ်ဘောလုံးရာသီထိ ဆက်တိုက်ဆုဖလားရရှိခဲ့ပြီး ဟန်ဂေရီကလပ် အူဂျက်စ်အသင်း၊ ဂျာမနီကလပ် ဂလာဘတ်အသင်းနှင့်ကိုလုံးအသင်း၊ ဘရာဇီးကလပ် အင်တာနေစီယွန်နယ်အသင်း၊ ပေါ်တူဂီကလပ် ပေါ်တိုအသင်း၊ ဘယ်လ်ဂျီယံကလပ် မီဂျိုလန်းအသင်း၊ စပိန်ကလပ် တီနီရိုက်အသင်းနှင့် ဗလင်စီယာအသင်း၊ အီတလီကလပ် ဂျူဗင်တပ်အသင်းနှင့် ဆမ့်ဒိုးရီးယားအသင်း၊ အင်္ဂလန်ကလပ် မန်စီးတီးအသင်းတို့ကလည်း ဆုဖလားဆွတ်ခူးခဲ့ကြောင်း သိရသည်။ ML

# ဒီလီယန်ဝိုက်နေရာတွင် ဖင်လန်လက်ဝှေ့သမား ဟယ်လန်နီယက်စ်နှင့် အစားထိုးလိုက်ပြီဖြစ်ကြောင်း အန်တိုနီဂျိုရှာ ထုတ်ပြန်ကြေညာ




**လန်ဒန် သြဂုတ် ၉**

ဟဲဗီးဝိတ်တန်း စိန်ခေါ်ပွဲစဉ်အဖြစ် ကမ္ဘာ့ဟဲဗီးဝိတ်တန်း လက်ဝှေ့ချန်ပီယံဟောင်းများ ဖြစ်ကြသည့် ဗြိတိန်လက်ဝှေ့သမား နှစ်ဦးဖြစ်သော အန်တိုနီဂျိုရှာနှင့် ဒီလီယန်ဝိုက်တို့သည် သြဂုတ် ၁၂ ရက်တွင် အင်္ဂလန်နိုင်ငံ လန်ဒန်မြို့တွင် ထိုးသတ်သွားရန် စီစဉ်ခဲ့သော်လည်း ဒီလီယန်ဝိုက်သည် တားမြစ်ဆေးဝါးသုံးစွဲထားကြောင်း စစ်ဆေးတွေ့ရှိရသည့်အတွက် စိန်ခေါ်ပွဲ ဖျက်သိမ်းခဲ့ရသည်။

အန်တိုနီဂျိုရှာက သြဂုတ် ၁၂ ရက်တွင် ထိုးသတ်သွားမည့်စိန်ခေါ်ပွဲကို အစီအစဉ်အတိုင်းထိုးသတ်သွားလိုသည့်အတွက်ကြောင့် ဒီလီယန်ဝိုက်နေရာတွင် အစားထိုးရန်အတွက် ပြိုင်ဘက်ရှာဖွေခဲ့ရာ ဖင်လန်လက်ဝှေ့သမား ဟယ်လန်နီယက်စ်နှင့်ထိုးသတ်သွားရန် သဘောတူညီမှုရရှိခဲ့ကြောင်း အန်တိုနီဂျိုရှာကထုတ်ပြန်ခဲ့သည်ဟု Talk Sport သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဟယ်လန်နီယက်စ်သည် ကမ္ဘာ့ချန်ပီယံဟောင်းများ ဖြစ်ကြသည့် ဒီလီယန်ဝိုက်၊ ဒီယွန်တေတို့နှင့် ထိုးသတ်ခဲ့ဖူးသည့် လက်ဝှေ့သမားတစ်ဦးဖြစ်ပြီး နှစ်ပွဲစလုံးတွင် ရှုံးနိမ့်ထားသော်လည်း WBA Gold ဟဲဗီးဝိတ်တန်းကမ္ဘာ့ချန်ပီယံဆုကိုရရှိခဲ့ဖူးပြီး ကမ္ဘာ့ချန်ပီယံအတွက် လက်ရှိချန်ပီယံများကို စိန်ခေါ်ထိုးသတ်ရာတွင် အနိုင်မရသေးသည့် မှတ်တမ်းဆိုးတစ်ရပ်ကို ရရှိထားသည်။

အန်တိုနီဂျိုရှာ၏ Promoter ဖြစ်သူ အက်ဒီဟန်းက "အန်တိုနီနဲ့ ဒီလီယန်တို့ထိုးသတ်ဖို့ ရက်သတ္တပတ်အလိုမှာ ဒီနှစ်အတွက် လက်ဝှေ့လောကရဲ့ အကောင်းဆုံးစိန်ခေါ်ပွဲကို ထိုးသတ်ရတော့မယ်။ စိတ်ငြိမ်ငြိမ်ထားဖို့ အန်တိုနီကို ကျွန်တော်ပြောခဲ့တယ်။ အန်တိုနီကလဲ မယုံကြည်နိုင်လောက်အောင် တည်ငြိမ်နေပါတယ်လို့ ကျွန်တော့်ကိုပြန်ပြောတယ်။ ဒီလီယန်နဲ့ထိုးသတ်ဖို့အတွက် အန်တိုနီဟာ လေ့ကျင့်ရေးစခန်းမှာ ပြင်ဆင်လေ့ကျင့်မှုတွေ အများကြီး ပြုလုပ်ခဲ့တယ်။ ဒီစိန်ခေါ်ပွဲအတွက် အများကြီးပြင်ဆင်ခဲ့တယ်။ထိုးသတ်ခါနီးမှ ပွဲဖျက်လိုက်ရတဲ့အတွက် အန်တိုနီအနေနဲ့ စိတ်ပျက်နေတယ်။ သူလေ့ကျင့်ထားတာတွေ အလဟဿမဖြစ်အောင်ကျွန်တော့်အနေနဲ့ အန်တိုနီကို ပွဲတစ်ပွဲဖြစ်အောင် စီစဉ်ပေးထားပါတယ်"ဟု ထုတ်ပြန်ခဲ့ကြောင်း သိရသည်။ AZL

# ဝက်စ်ဟမ်းအသင်း ကစားသမား ဗလာဆစ် တိုရီနိုအသင်းသို့ ယူရို ၁၂ သန်းဖြင့်ပြောင်းရွှေ့

**လန်ဒန် သြဂုတ် ၉**

ပြီးခဲ့သည့် ဘောလုံးရာသီက တိုရီနိုအသင်းသို့ တစ်ရာသီအငှားစာချုပ်ဖြင့်သွားရောက်ကစားခဲ့သည့် ဝက်စ်ဟမ်းအသင်း ကွင်းလယ်ကစားသမား ဗလာဆစ်သည် ယခုအခါ ပြောင်းရွှေ့ကြေး ယူရို ၁၂ သန်းဖြင့် အပြီးသတ်ပြောင်းရွှေ့ခဲ့ကြောင်း Tribalfootball.com က ယနေ့တွင် ဖော်ပြခဲ့သည်။

ဗလာဆစ်သည် ၂၀၂၀ ခုနှစ်က ရုရှားကလပ် စီအက်စ်အေမော်စကိုအသင်းမှ ဝက်စ်ဟမ်းအသင်းသို့ ပြောင်းရွှေ့ခဲ့ပြီး အသင်းတွင် ပြိုင်ပွဲစုံ၌ ၁၆ ပွဲသာ ပွဲထွက်ကစားခွင့်ရရှိခဲ့ပြီး သွင်းဂိုး တစ်ဂိုးသာ သွင်းယူနိုင်ခဲ့သောကြောင့် ပြီးခဲ့သည့်ဘောလုံးရာသီက စီးရီးအေကလပ် တိုရီနိုအသင်းသို့အငှားစာချုပ်ဖြင့် သွားရောက်ကစားခဲ့ရသည်။

၎င်းသည် တိုရီနိုအသင်းတွင် အမှတ်ပေးပွဲစဉ် ၃၄ ပွဲပါဝင်ကစားခဲ့ရာ သွင်းဂိုး ငါးဂိုးနှင့် ဂိုးဖန်တီးမှု ခြောက်ကြိမ်ထိ ပြုလုပ်နိုင်ခဲ့ပြီး အသင်းကို အမှတ်ပေးဇယားအဆင့် (၁၀)နေရာသို့ ရောက်ရှိအောင် ခြေစွမ်းပြကူညီနိုင်ခဲ့သောကြောင့် တိုရီနိုအသင်း နည်းပြအီဗန်ဂျူရစ်က အပြီးသတ်ခေါ်ယူနိုင်ရန်ကြိုးပမ်းခဲ့ရာ ပြောင်းရွှေ့ကြေး ယူရို ၁၂ သန်းဖြင့် လာမည့် ၂၀၂၇ ခုနှစ်ထိ လေးနှစ်စာချုပ်ချုပ်ဆိုနိုင်ခဲ့သည်။

အသက် ၂၅ နှစ်ရှိ ဗလာဆစ်သည် ၎င်း၏ကစားသမားဘဝကို ၂၀၁၄ ခုနှစ်က ခရိုအေးရှားကလပ် ဟာဂျီစပလစ်အသင်းနှင့်စတင်ခဲ့ပြီးနောက် ၂၀၁၇ ခုနှစ်တွင် အဲဗာတန်အသင်း၊ ၂၀၁၉ ခုနှစ်တွင် စီအက်စ်အေ မော်စကိုအသင်း၊ ၂၀၂၁ ခုနှစ်တွင် ဝက်စ်ဟမ်းအသင်းတို့သို့ပြောင်းရွှေ့ခဲ့သော်လည်း ကစားသမားဘဝ အောင်မြင်မှုရရှိရန် ရုန်းကန်ခဲ့ရကြောင်း သိရသည်။ ML

# National Bank Open တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်သို့ အင်ဒီမာရေးတက်ရောက်

**တိုရွန်တို သြဂုတ် ၉**

ကနေဒါနိုင်ငံ တိုရွန်တိုမြို့တွင် ကျင်းပနေသည့် National Bank Open အမျိုးသားတစ်ဦးချင်း တင်းနစ်ပြိုင်ပွဲ ပထမအဆင့် ပွဲစဉ်တစ်ပွဲအဖြစ် ဗြိတိန်နာမည်ကြီး တင်းနစ်ကစားသမား အင်ဒီမာရေးနှင့် အီတလီတင်းနစ်ကစားသမား ဆိုနီဂိုတို့ ယှဉ်ပြိုင်ကစားခဲ့ရာ အင်ဒီမာရေးက (၇-၆ ၊ ၆-၀) ရလဒ်ဖြင့်အနိုင်ရရှိကာ ဒုတိယအဆင့်သို့ တက်ရောက်ခဲ့ကြောင်း Tennis365 သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၃၆ နှစ်ရှိ ဝါရင့်တင်းနစ်ကစားသမား အင်ဒီမာရေးသည် အကောင်းဆုံးအရွယ်ရောက်နေသည့် အသက် ၂၈ နှစ်ရှိ ဆိုနီဂိုကို ပထမပွဲငယ်၌သာ အကြိတ်အနယ်ကစားခဲ့ရပြီး ဒုတိယပွဲငယ်တွင် ပြတ်သားသည့်ရလဒ်ဖြင့် အနိုင်ရရှိကာ ဒုတိယအဆင့်သို့ တက်ရောက်ခဲ့သည်။

အင်ဒီမာရေးအနေဖြင့် ဒုတိယအဆင့်ကို တက်ရောက်နိုင်ခဲ့သော်လည်း တိုရွန်တိုရာသီဥတုအခြေအနေပေါ် သဘောမကျဖြစ်နေသလို ပြိုင်ပွဲဝင်ကစားသမားများအတွက်လည်း ခက်ခဲသည့်ရာသီဥတုအခြေအနေဖြစ်ကြောင်း အင်ဒီမာရေးက ပြောကြားခဲ့သည်။

အင်ဒီမာရေးက"ပထမအဆင့်မှာကစားရတာလုံးဝကိုအဆင်မပြေပါဘူး။ နှစ်ယောက်စလုံးအခက်အခဲတွေကြုံရတယ်။ လေတိုက်နှုန်းကကြမ်းသလို လေအေးတိုက်တဲ့အတွက် ကစားရတာအင်မတန်ခက်ပါတယ်။ ဘောလုံးကလဲ အနီးနားရောက်မှ လေတိုက်နှုန်းကြောင့် ဦးတည်ချက်ပြောင်းသွားတဲ့အတွက် တော်တော်လေးကို ဒုက္ခရောက်ပါတယ်။ ကစားရတဲ့အချိန်က မနက်ပိုင်းအချိန်ဖြစ်လို့လဲ ဒီလိုရာသီဥတုအောက်မှာ ကစားခဲ့ရတာပါ။ ခက်ခဲတဲ့အခြေအနေမှာ နိုင်ပွဲရရှိခဲ့လို့ဝမ်းသာပါတယ်"ဟု ပြောကြားခဲ့သည်။

အင်ဒီမာရေးသည် ဒုတိယအဆင့်ပွဲစဉ်တွင် သြစတြေးလျတင်းနစ်ကစားသမား မက်ပူဆဲလ်နှင့် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်ကြောင်း သိရသည်။ AZL

# အမျိုးသမီးကမ္ဘာ့ဖလားပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့် ပွဲကြိုသုံးသပ်ချက်များ

ML

**စပိန် Vs နယ်သာလန်**

**ကစားမည့်ရက်/အချိန် ၁၁-၈-၂၀၂၃ (နံနက် ၀၇:၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**စပိန် ၂ - ၀ နယ်သာလန်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| စပိန် | - | အိမ်(နိုင်) | ဧည့်(ရှုံး) | ဧည့်(နိုင်) |
| နယ်သာလန် | - | ဧည့်(သရေ) | ဧည့်(နိုင်) | အိမ်(နိုင်) |

နှစ်သင်းစလုံး ခြေစွမ်းပိုင်းကောင်းမွန်တဲ့ အသင်းတွေဖြစ်ပေမဲ့ စပိန်အသင်းက နယ်သာလန်အသင်းထက် ကစားသမားစုဖွဲ့မှုနဲ့အတွေ့အကြုံပိုင်းမှာ အသာရနေပါတယ်။ နယ်သာလန်ကတော့ ခံစစ်ပိုင်းတည်ငြိမ်တာကလွဲရင် စုဖွဲ့မှုနဲ့ထိပ်တိုက်တွေ့ဆုံမှုမှာ စပိန်ကိုမယှဉ်နိုင်ပါဘူး။ ဒါကြောင့် တိုက်စစ်ပိုင်းထက်မြက်နေတဲ့ စပိန်အသင်းကိုပဲအားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း - စပိန် ၂ - ၀ နယ်သာလန်**

**ဂျပန် Vs ဆွီဒင်**

**ကစားမည့်ရက်/အချိန် ၁၁-၈-၂၀၂၃ (နေ့လယ် ၀၂:၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဆွီဒင် ၃ - ၁ ဂျပန်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ဂျပန် | - | အိမ်(နိုင်) | အိမ်(နိုင်) | အိမ်(နိုင်) |
| ဆွီဒင် | - | အိမ်(နိုင်) | ဧည့်(နိုင်) | အိမ်(သရေ) |

ဂျပန်အသင်းက အခုပြိုင်ပွဲမှာ ရှုံးပွဲမရှိနဲ့ကစားနိုင်ခဲ့သလို တိုက်စစ်ပိုင်းကလဲ သွင်းဂိုး ၁၄ ဂိုးထိသွင်းယူနိုင်ခဲ့ပြီး အသင်းလိုက်ကစားအားကောင်းနေတာဖြစ်ပါတယ်။ ဆွီဒင်အသင်းကတော့ အမေရိကန်ကို အနိုင်ရခဲ့ပေမဲ့ တိုက်စစ်ပိုင်းမှာအနည်းငယ်လိုအပ်ချက်ရှိနေတာကြောင့် ဂျပန်အသင်းကို ပွဲချိန်ပြည့်ထိန်းချုပ်ကစားနိုင်ဖို့ခက်ခဲမှာပါ။ ဒါကြောင့် ကမ္ဘာ့ဖလားပြိုင်ပွဲမှာ အောင်မြင်မှုထပ်မံရယူဖို့ကြိုးပမ်းလာမဲ့ ဂျပန်အသင်းကိုပဲ ရွေးချယ်ရမှာပါ။

**အင်တာနက်ခန့်မှန်း - ဂျပန် ၂ - ၁ ဆွီဒင်**

# ဈေးရောင်းတတ်ရဲ့လား

မြင်းခြံကျော်အောင်

"စားတော်ပဲပြုတ်၊ ပဲကတ္တီပါပြုတ်၊ ပဲထောပတ်ပဲပြုတ်"

"ဈေးသည်လာအုံး"

"စားတော်ပဲပြုတ်ပေးပါ။ တစ်ထုပ်ဘယ်လောက်လဲ"

"သုံးရာပါ"

"ရော့ သုံးရာ"

စာရေးသူ ၂၀၂၂ ခုနှစ် ဩဂုတ်လထဲက တစ်ခုသောနံနက်တွင် ထမင်းနဲ့စားဖို့ ဖော်ပြပါအတိုင်း စားတော်ပဲပြုတ်ဝယ်ခဲ့တယ်။ ပဲပြုတ်မှာ အိအိစက်စက်မရှိ။ ကောင်းစွာမနူးမနပ်သေး။ ချိုလဲမချို၊ အဲဒီရက်မတိုင်ခင်ကလဲ အဲဒီပဲပြုတ်သည်ဆီက ပဲကတ္တီပါပြုတ် (အညာအခေါ် ပဲနီပြုတ်) ဝယ်စားခဲ့တယ်။ အိစက်မနေတဲ့အပြင် သိုးစော်ပင်နံနေသေးတယ်။

ဒါကြောင့် အဲဒီပဲပြုတ်သည်ဆီက ဝယ်မစားတော့ဘူးလို့ ဆုံးဖြတ်ခဲ့တယ်။ ၂၀၂၂ ခုနှစ် နိုဝင်ဘာလထဲရောက်တော့ အဲဒီဈေးသည်ရောင်းသံမကြားတာတော်တော်ကြာသွားပြီ။ သူ့ပဲပြုတ်ကမှမကောင်းတာ၊ ဘယ်ရောင်းရမှာလဲ။ ဝယ်စားကြည့်လို့ကောင်းရင်၊ ထိုက်တန်ရင် ဝယ်သူပေါ်ပြီး ဈေးရောင်းရမှာပဲ။

အနှီပဲပြုတ်ရောင်းတဲ့ဈေးသည် ဈေးကွက်ပျက်ရခြင်းမှာ အကြောင်းအချက်သုံးလေးခုရှိတယ်။

ပထမဆုံးအချက်က ရောင်းကုန်မကောင်းလို့ဖြစ်တယ်။ ဒုတိယက မတန်လို့ဖြစ်တယ်။ ဈေးရောင်းသူဟာ ကိုယ်တိုင်ပဲပြုတ်တာမဟုတ်ဘူး။ ပဲပြုတ်သူထံက တစ်ဆင့် ယူရောင်းတာ။ အဲဒီတော့ ကုန်ပစ္စည်းဟာ အမြတ်နှစ်ခါယူပြီးမှ စားသုံးသူက စားရတာဆိုတော့ ပစ္စည်းကနည်းတယ်။ တတိယကတော့ ပဲပြုတ်သူရဲ့ ချွတ်ယွင်းချက်ပဲ။ စားတော်ပဲဆိုရင် အညှောက်ဖောက်ပြီး ပြုတ်ရမယ်။ ဒါမှ ပဲပြုတ်ကချိုတာ။ အခုရေစိမ်၊ ပွလာတာနဲ့ ပြုတ်တာ။ ဒါတောင် ပဲနပ်အောင်မပြုတ်ဘူး။ နောက်တစ်ခုက ပဲပြုတ်ပြီး ပူပူကြီးရှိနေတုန်း ပလတ်စတစ်အိတ်ငယ်လေးထဲထည့်တာ။ မနက် ၅ နာရီမှာ လည်ရောင်းသူပေးနိုင်အောင်လုပ်တာ။ အဲဒီတော့ ပဲပြုတ်ထုပ်က ချွေးပြန်၊ ပလတ်စတစ်အနံ့က ပဲပြုတ်ကူးပြီး အနံ့မကောင်းဖြစ်၊ အဲဒီလိုဖြစ်တာ။ ထူးကဲတဲ့ဝီရိယမရှိမှုဘဲ။ အဲဒါကြောင့် ပဲပြုတ်ရောင်းအားကျ၊ လုပ်ငန်းပျက်ရတာ။ အဲဒီတော့ ဘာကုန်ရောင်းရောင်းကောင်းရမယ်။ ရောင်းကုန်ရဲ့ ပမာဏနဲ့ ဝယ်သူပေးရမဲ့ငွေနဲ့ ထိုက်တန်ရမယ်။ ဒါဆို ဈေးကရောင်းရမှာပါ။ ဝယ်သူတွေမနှစ်သက်တဲ့ ကုန်ရောင်းရင်လဲ ဈေးကမရောင်းရဘူး။

ဒေသတွေမှာလဲ ပစ္စည်းကောင်းလို့ ရောင်းပန်းဝယ်ပန်းပွင့်နေတာတွေရှိတယ်။ မန္တလေးမှာဆို မြင့်မြင့်ခင်လမုန့်၊ ထိုးမုန့်နဲ့ မုန့်မျိုးစုံ၊ ရန်ကုန်မှာဆို ကောင်းကြိုက်ဒံပေါက်၊ ရွှေဘိုမှာဆို ဝင်းကိတ်မုန့်၊ မြင်းခြံမှာဆို ကမ္ဘာလုံးကိတ်မုန့်မျိုးစုံနဲ့ ဖာလူဒါဆိုင်စတာတွေရှိကြတယ်။ နှစ်ပေါင်းများစွာရောင်းနေတာ ကြီးပွားချမ်းသာကြတယ်။

ကမ္ဘာ့နိုင်ငံက ကုမ္ပဏီကြီးတွေလဲ ဈေးရောင်းနေပါတယ်။ လောဘတက်ပြီး မရိုးမသားလုပ်ရင်တော့ ဈေးကွက်ပျက်တတ်ပါတယ်။ အာရှတိုက်က နိုင်ငံကြီးတစ်နိုင်ငံဆိုရင် ပျားရည်မှာ သကာရည်တွေရောပြီးရောင်းတာ အခုဆိုရင် ဥရောပဘုံဈေးနိုင်ငံတွေက အဲဒီနိုင်ငံကပျားရည်ကို လုံးဝမဝယ်ဘူးလို့ ဆုံးဖြတ်ခဲ့တယ်။

ဒါကြောင့် ဈေးရောင်းရာမှာ အထူးသတိပြုရမဲ့ အချက်တွေဟာ အများကြီးရှိတယ်။ ဒါတွေကို ခေတ်နဲ့ညီအောင်ရေးပြပါမယ်။ ဈေးသည်၊ ကုန်သည်တွေကြီးပွားချမ်းသာစေချင်လို့ပါ။ သုံးချက်ပဲရှိပါတယ်။ ပထမဆုံးအချက်ကတော့

**၁။ ကုန်သည်မျက်စိအမြင်ရှိရမယ်။**

**ဝယ်ဈေးရောင်းဈေးကို ကောင်းစွာတွက်ချက်တတ်ရမယ်။** အရင်းငွေကျပ် ၁၀၀ ဆိုရင် ရောင်းပြီးနောက်ငွေကျပ် ၁၀၀ ကျော် ရရမယ်။ ရှေးလူကြီးတွေကတော့ အရင်းရဲ့ ဆယ်ဖိုတစ်ဖိုတင်ပြီး ရောင်းကြတယ်။

**❖ ရှင်တော်မြတ်ဘုရားက ဈေးသည်ဟာ ဉာဏ်ရှိရမယ်။ ဉာဏ်ကို လွှာပြီးသုံးရမယ်။ ဉာဏ်နဲ့ယှဉ်တဲ့ကြိုးစားမှုရှိရမယ်လို့ ဟောကြားတော်မူခဲ့တယ်။ တချို့က ကျောင်းမနေချင်ဘူး။ စာကျက်ရတာပင်ပန်းတယ်။ ဈေးပဲထွက်ရောင်းတော့မယ်ဆိုပြီး ကျောင်းထွက်သွားသူတွေရှိတယ်။ ဈေးရောင်းမယ်ဆိုရင်လဲ စာတတ်ရမယ်ဆိုတာ အထက်မှာပြောခဲ့ပါပြီ။ တကယ်ကြီးပွားချမ်းသာအောင် ဈေးရောင်းမယ်ဆိုတာက ခက်ခဲပါတယ်။ အဲဒါကြောင့် ဈေးမရောင်းနဲ့လို့ ပြောတာမဟုတ်ဘူး။ ဈေးရောင်းမယ်ဆိုရင် ကိုယ့်ရဲ့ဉာဏ်ရည်ဉာဏ်သွေးက ဘယ်လောက်ရှိသလဲ။ ဝီရိယကကော တစ်နေ့ကုန်စိုက်ထုတ်နိုင်ရဲ့လား။ ❖**

အမြတ်နည်းနည်းယူတော့ ကုန်များများရောင်းရတယ်။ အမြတ်များများကျန်တယ်။ ဒီလိုရိုးသားစွာရောင်းတော့ ရေရှည်ရပ်တည်နိုင်တယ်။

ဝယ်ဈေးနဲ့ ရောင်းဈေးကို ကောင်းစွာမတွက်ချက်တတ်ဘူးဆိုရင် ဈေးရောင်းရင်းငတ်ပြတ်နေမယ်။ အဲဒါကြောင့် အတွက်အချက်ပညာတတ်ဖို့လိုတယ်။ စာတတ်ဖို့လိုတယ်။ အခုခေတ်မှာတော့ အီလက်ထရွန်နစ်နဲ့ဆက်သွယ်တဲ့ပညာတွေပါတတ်ရမယ်။ မတွက်ချက်တတ်ရင်တော့ ဈေးမရောင်းနဲ့။

နောက်တစ်ချက်က **ဝယ်ခြင်းရောင်းခြင်းမှာ ကျွမ်းကျင်ရမယ်။** အနိမ့်ဈေးနဲ့ဝယ်ရမယ်။ အမြတ်ယူသင့်သမျှယူပြီး အမြင့်ဈေးနဲ့ပြန်ရောင်းရမယ်။ ရေရှည်သိမ်းဆည်းလို့ရမဲ့ပစ္စည်းဆိုရင် ဈေးတော်တော်နဲ့ရရင် ဝယ်ထား။ ဈေးကောင်းချိန်မှ ထုတ်ရောင်းရင် အမြတ်များများကျန်နိုင်တယ်။

နောက်ဆုံးအချက်တစ်ချက်ကတော့ **ထူးကဲတဲ့ဉာဏ်၊ ဝီရိယရှိရမယ်။** ဈေးရောင်းရာမှာ မိမိရောင်းကုန်ကို ကောင်းအောင်လုပ်ရမယ်။ စားကုန်ဆို အရသာရှိရပါမယ်။ အဝတ်အထည်ဆိုရင် အမျိုးအစားကောင်းပြီး လှပရမယ်။ ဒါအကြမ်းအားဖြင့်ပြောတာပါ။ ကုန်ပစ္စည်းပေါ် မူတည်ပြီး ကောင်းမွန်တဲ့အရည်အသွေးတွေရှိရပါမယ်။

အဲဒါ ကုန်သည်မျက်စိအမြင်တွေပါပဲ။ ဒုတိယအချက်ဆက်ပြောပါမယ်။ အဲဒါက-

**၂။ ဉာဏ်နဲ့ယှဉ်တဲ့ကြိုးစားမှုရှိရမယ်။**

ရှင်တော်မြတ်ဘုရားက ဈေးသည်ဟာ ဉာဏ်ရှိရမယ်။ ဉာဏ်ကိုလွှာပြီး သုံးရမယ်။ ဉာဏ်နဲ့ယှဉ်တဲ့ကြိုးစားမှုရှိရမယ်လို့ ဟောကြားတော်မူခဲ့တယ်။ တချို့က ကျောင်းမနေချင်ဘူး။ စာကျက်ရတာပင်ပန်းတယ်။ ဈေးပဲထွက်ရောင်းတော့မယ်ဆိုပြီး ကျောင်းထွက်သွားသူတွေရှိတယ်။ ဈေးရောင်းမယ်ဆိုရင်လဲ စာတတ်ရမယ်ဆိုတာ အထက်မှာပြောခဲ့ပါပြီ။ တကယ်ကြီးပွားချမ်းသာအောင် ဈေးရောင်းမယ်ဆိုတာက ခက်ခဲပါတယ်။ အဲဒါကြောင့် ဈေးမရောင်းနဲ့လို့ ပြောတာမဟုတ်ဘူး။ ဈေးရောင်းမယ်ဆိုရင် ကိုယ့်ရဲ့ဉာဏ်ရည်ဉာဏ်သွေးက ဘယ်လောက်ရှိသလဲ။ ဝီရိယကကော တစ်နေ့ကုန်စိုက်ထုတ်နိုင်ရဲ့လား။ ကျန်းမာရေးကကော ကောင်းရဲ့လား။ အပင်ပန်းအဆင်းရဲကောခံနိုင်ရဲ့လားလို့ ပဏာမဆန်းစစ်ရပါမယ်။ အဲဒါတွေဆန်းစစ်လို့ လုပ်နိုင်တယ်ဆိုရင် ဈေးရောင်းပါ။ ကုန်သည်လုပ်ပါ။

ဉာဏ်နဲ့ယှဉ်တဲ့ကြိုးစားရမှုတွေကို တိုတိုနဲ့လိုရင်းပြောပါမယ်။ အဲဒါတွေကတော့-

- ယဉ်ကျေးရည်မွန်စွာဆက်ဆံတတ်ရမယ်။
- ကိုယ့်လုပ်ငန်းမှာ ကျွမ်းကျင်ရမယ်။
- ထူးကဲတဲ့ဉာဏ်ရှိရမယ်။ တီထွင်ကြံဆတတ်ရမယ်။ စဉ်းစားတွေးခေါ်တတ်ရမယ်။
- ထူးကဲတဲ့ဝီရိယရှိရမယ်။
- ကိုယ့်ရောင်းကုန်ကောင်း၊ မကောင်း၊ ဝယ်သူနှစ်သက်မှုရှိ၊ မရှိ ဆန်းစစ်ရမယ်။
- ရောင်းကုန်ကို စားသုံးသူတွေထံ စားသုံးသူလိုလားတဲ့အချိန် အရောက်ပို့ပေးနိုင်ရမယ်။
- စားသုံးသူထံ အကောင်းပကတိရောက်အောင် စီစဉ်ပို့ပေးရမယ်။
- ရောင်းဝယ်ဖို့အချိန်ကောင်းဟုတ်၊ မဟုတ် လေ့လာရမယ်။ ဥပမာ ဆောင်းဝင်ခါနီးမှာ စောင်နဲ့အနွေးထည်ရောင်းရမယ်။ နွေပေါက်စဆိုရင် ပါးလွှာတဲ့အထည်ရောင်းရမယ်ဆိုတာမျိုး စဉ်းစားရမယ်။
- ဆိုင်ဖွင့်ရောင်းရင် စည်ကားတဲ့နေရာဖြစ်ရမယ်။
- ဦးစီးသူတွေနဲ့ ဝိုင်းဝန်းဆောင်ရွက်သူတွေဟာ စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ်၊ တက်ညီလက်ညီရှိကြရမယ်။
- ရောင်းဝယ်ရေးလုပ်ငန်းကို အချိန်ပြည့် ရှိရှိသေသေ စီရင်လုပ်ကိုင်ရမယ်။
- အန္တရာယ်အသွယ်သွယ်ကင်းရှင်းရေး အစဉ်စီမံရမယ်။

ဒါ ဉာဏ်နဲ့ယှဉ်ပြီး ကြိုးစားရမဲ့အချက်တွေဖြစ်ပါတယ်။ အခုခေတ်ကြီးဟာ စီးပွားရေးခေတ်ကြီးဖြစ်ပါတယ်။ တိုင်းနိုင်ငံအချင်းချင်းလဲ ဈေးရောင်းဈေးဝယ်လုပ်နေကြပါပြီ။ စီးပွားရေးသံမှူးတွေခန့်ထားပြီး ကိုယ့်နိုင်ငံရဲ့ကုန်တွေရောင်းရဖို့ ကြိုးပမ်းနေကြပါတယ်။ ကိုယ့်နိုင်ငံအတွက် အနိမ့်ဈေးနဲ့ရမဲ့ကုန်တွေရဖို့ လေ့လာလုပ်ကိုင်နေကြပါတယ်။ ခေတ်မီနိုင်ငံတွေဆိုရင် ဈေးကွက်သုတေသနနဲ့ ဖွံ့ဖြိုးမှုအပိုင်းအတွက် ဘဏ္ဍာငွေအမြောက်အမြားသုံးပြီး စီမံဆောင်ရွက်ကြတယ်။ ကမ္ဘာ့ကုမ္ပဏီကြီးတွေလဲ ဈေးကွက်သုတေသနဌာန သက်သက်ဖွဲ့ပြီး ကိုယ့်ကုန်တွေရောင်းရဖို့ ငွေကုန်ကြေးကျခံကြတယ်။ အဲဒီလိုလုပ်ကြလို့လဲ ရောင်းအားတွေတိုးတက်၊ ကုမ္ပဏီတွေ နှစ်ရာနဲ့ချီပြီး တည်မြဲဖြစ်ကုန်တယ်။ ဒါတွေကို ကျွန်တော်တို့ ဈေးသည်၊ ကုန်သည်တွေလဲ လုပ်ကြရမှာဖြစ်ပါတယ်။

တတိယအချက်ကတော့ အမှီကောင်းရှိဖို့ပဲ။

**၃။ အမှီကောင်းနဲ့ပြည့်စုံရမယ်။**

ယခင် ရှေးခေတ်က "သူကြွယ်တို့ဟာ ဒီဈေးသည်ကား မျက်စိအမြင်လဲရှိတယ်။ ဉာဏ်နဲ့ယှဉ်တဲ့ ဝီရိယအထူးလဲရှိတယ်။ သားမယားကိုလဲ ကောင်းစွာလုပ်ကျွေးတယ်။ ငါတို့ကိုလဲ ရဲဖန်ရဲခါ အတိုးပေးခြင်းကို ကောင်းစွာပြုတယ်"လို့ ယူဆပြီး သူကြွယ်က "အချင်းဈေးသည် ငါ့ရဲ့ကုန်ပစ္စည်းကိုယူပြီး သားမယားတို့ကိုလဲ ကျွေးလော့၊ ငါ့ကိုလဲ ရဲဖန်ရဲခါ အတိုးပေးလော့" လို့ ကုန်ပစ္စည်းဖြင့် ဖိတ်ကြားလေ့ရှိတယ်။ ဒါအမှီကောင်းရရှိခြင်းဖြစ်တယ်လို့ မြတ်ဘုရားက ဟောကြားခဲ့တယ်။

ယနေ့ခေတ်မှာလဲ ကုန်သည်လောကမှာ အမှီကောင်းကိုရှာကြပါတယ်။ ကုန်သည်ကြီးကလဲ ကိုယ့်ကုန်ကို ဖြန့်ဖြူးရောင်းချပေးဖို့ ကုန်သည်ငယ်ကိုရှာတယ်။ ကုန်သည်ငယ်ကလဲ ရောင်းကုန်ရဖို့ ကုန်သည်ကြီးထံချဉ်းကပ်တယ်။

အဲဒီနေရာမှာ အရေးကြီးတာကတော့ **ကတိတည်ကြရမယ်။ သစ္စာရှိကြရမယ်။ ကုန်သည်အမြင်ရှိရမယ်။ ကုန်ကူးသန်းရောင်းဝယ်ခြင်းမှာ အထူးကြိုးစားအားထုတ်ကြရပါမယ်။** ကိုယ်က များများရောင်းချပေးနိုင်ခြင်းဖြင့် ကုန်သည်ကလဲ ကိုယ့်ကို ကုန်များများပေးမယ်။ ဒီလိုနဲ့ နှစ်ဦးနှစ်ဖက် အကျိုးရှိကြီးပွားနိုင်ပါတယ်။

ဒါနဲ့ပတ်သက်လို့ သူဌေးဖြစ်သွားတဲ့ ထိုင်းလူငယ်တစ်ယောက်အကြောင်း ပြောပြပါမယ်။ သူက ဇင်းမယ်နယ်က လူငယ်ပါ။ ဗန်ကောက်သွားပြီး ဓာတ်မြေဩဇာကုမ္ပဏီသူဌေးနဲ့ တွေ့တယ်။ သူ့ကို ကုန်ပစ္စည်းပေးပါ သူဖြန့်ပေးပါမယ်ပြောတယ်။ သူဌေးက သူ့ရဲ့ရုပ်ရည်ရူပကာယနဲ့ ရည်မွန်တဲ့ဆက်ဆံရေးကြည့်ပြီး သူ့ရုံးခန်းထဲခေါ်သွားတယ်။ ဓာတ်မြေဩဇာဖြန့်ဖြူးရောင်းချရေးကိစ္စ သူဌေးကပြောပြတယ်။ နောက် သူဌေးက သူ့ကို ဓာတ်မြေဩဇာအနည်းငယ်ပေးလိုက်တယ်။ သူ ဇင်းမယ်ယူသွားပြီးဖြန့်တယ်။ ဓာတ်မြေဩဇာကလဲကောင်းတော့ တဖြည်းဖြည်းပိုမိုရောင်းရတယ်။ သူကလဲ ကတိတည်တယ်။ သစ္စာရှိတယ်။ လုံ့လဝီရိယစွမ်းအားကုန်စိုက်ထုတ်ပြီးလုပ်တာ အချိန်နှစ်နှစ်ကြာတော့ အဲဒီထိုင်းလူငယ်ဟာ ဘတ်သန်းချီချမ်းသာတဲ့ ကုန်သည်ကြီးဖြစ်သွားတယ်။ အကြောင်းရင်းကတော့ အမှီကောင်းနဲ့ပြည့်စုံခြင်းပါပဲ။

အမှီကောင်းနဲ့ပြည့်စုံလို့ ချမ်းသာနေပြီဖြစ်တဲ့ နိုင်ငံတစ်နိုင်ငံရှိပါတယ်။ အဲဒီနိုင်ငံကတော့ ဗီယက်နမ်နိုင်ငံဖြစ်ပါတယ်။ ဗီယက်နမ်နိုင်ငံဟာ အမေရိကန်နိုင်ငံကစစ်ပွဲမှာ ပြာပုံဘဝရောက်အောင် တိုက်ခိုက်ခံခဲ့ရတယ်။ ဗီယက်နမ်မှာ ကြဲချတဲ့ ဗုံးတန်ချိန်ဟာ ဒုတိယကမ္ဘာစစ်မှာသုံးခဲ့တဲ့ ဗုံးတန်ချိန်ထက်များတယ်။ တော်လှန်ရေးသမားတွေဟာ တောတွေထဲနေတော့ မနေနိုင်အောင် တောတွေကို ရွက်ကြွေဆေးတွေဖျန်းတယ်။ တောတွေအများကြီး ပျက်စီးခဲ့တယ်။ နောက်ဆုံး တော်လှန်ရေးသမားတွေက စစ်နိုင်ပြီး အမေရိကန်နဲ့ အမေရိကန်အစိုးရကတင်ထားတဲ့ အစိုးရဟာ ဗီယက်နမ်မြေကနေ ဆုတ်ခွာသွားရတယ်။ အဲဒီလို ရန်သူအမေရိကန်ကို တက်လာတဲ့ကွန်မြူနစ်အစိုးရကချဉ်းကပ်ပြီး တိုင်းပြည်ကို ပြန်လည်ထူထောင်ခဲ့တယ်။ သမ္မတကလင်တန်ကိုတောင် တိုင်းပြည်ဖိတ်ပြီး ပြုစုညှော်ခံခဲ့တယ်။ ဒီလိုနဲ့ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ထဲ ဝင်ခွင့်ရခဲ့တယ်။ အမေရိကန်နိုင်ငံက အကူအညီတွေ၊ နည်းပညာအကူအညီတွေ၊ အမေရိကန်ကုမ္ပဏီတွေ ကလာပြီး ရင်းနှီးမြှုပ်နှံကြဖြစ်ကုန်တယ်။ အဲဒါ အမှီကောင်းရခြင်းတွေပဲ။ အဲဒီကစပြီး ဗီယက်နမ်နိုင်ငံဟာ ဈေးရောင်းဈေးဝယ်လုပ်ငန်းတွေ ဖွံ့ဖြိုးပြီး စီးပွားရေးလဲ တိုးတက်လာတယ်။

ဒီတော့ ဈေးရောင်းပြီးကြီးပွားချင်ရင်၊ ဈေးရောင်းတဲ့အတတ် တတ်ကျွမ်းချင်ရင် ဖော်ပြခဲ့တဲ့အချက်ကြီးသုံးချက်နဲ့ကိုက်ညီအောင် လိုက်နာဆောင်ရွက်ပါ။ ဈေးရောင်းတဲ့အလုပ်ကို အချိန်ပြည့်ရှိရှိသေသေ စီရင်ပါလို့ ပြောပါရစေ။

**ကိုးကား**

- **မြတ်ဗုဒ္ဓ၏ပိဋကတ်တော်လာ ကြီးပွားရေး လမ်းညွှန်ချက်များ**
  **အရှင်ကဝိဓဇ မဟာဓမ္မာစရိယ**
- **သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊ သာသနာရေးဝန်ကြီးဌာန**

# မကွေးမြို့ မြသလွန်စေတီတော်၏ ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပမည်



**မကွေး ဩဂုတ် ၉**

မကွေးမြို့ မြသလွန်စေတီတော်၏ ဗုဒ္ဓပူဇနိယပွဲတော်ကို အောက်တိုဘာ ၂၄ ရက်မှ နိုဝင်ဘာ ၁၂ ရက်ထိ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း မြသလွန်စေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ သတင်းများအရ သိရသည်။

မကွေးမြို့ရှိ မြသလွန်စေတီတော်သည် မြန်မာနိုင်ငံရှိ တန်ခိုးကြီးစေတီများတွင် တစ်ဆူအပါအဝင်ဖြစ်ကာ ပြည်တွင်း၊ ပြည်ပ ဘုရားဖူးဧည့်သည်များ စဉ်ဆက်မပြတ်လာရောက်ဖူးမြော်နေသည့် စေတီတော်တစ်ဆူဖြစ်ပြီး မကွေးမြို့၏ အနောက်မြောက်ဘက်အစွန် ဧရာဝတီမြစ်ကမ်းဘေး တောင်ကုန်းပေါ်တွင်တည်ရှိကြောင်း၊ လုံးတော်ပြည့်ရွှေချထားသည့် စေတီတစ်ဆူဖြစ်ကာ မကွေးမြသလွန်ဟု ထင်ရှားသည့်စေတီတော်တစ်ဆူဖြစ်ကြောင်း သိရသည်။

မကွေးမြို့ မြသလွန်စေတီတော်၏ ဗုဒ္ဓပူဇနိယပွဲတော်တွင် မြသလွန်စေတီတော်ဗုဒ္ဓဝေယျာဝစ္စအသင်းအဖွဲ့များက ပန်း ၉၀၀၀ ကပ်လှူခြင်းနှင့် မြသလွန်စေတီတော်အနောက်ဘက် ပစ္စယာတော်အဆင့်ဆင့်တွင် ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်ခြင်း၊ မကွေးမြို့ပေါ်ရှိ သံဃာအပါး ၂၀၀၀ ကျော်ကို ဆွမ်းဆန်စိမ်းနှင့်လှူဖွယ်ပစ္စည်းများ လောင်းလှူခြင်းကို စည်ကားစွာ ကျင်းပကြောင်း သိရသည်။

ထို့ပြင် ဗုဒ္ဓပူဇနိယဈေးပွဲတော်တွင် မြန်မာ့ရိုးရာအစားအစာအမျိုးမျိုး၊ လူသုံးကုန်ပစ္စည်းများနှင့် တောင်သူသုံးပစ္စည်းအမျိုးမျိုး၊ ပရိဘောဂပစ္စည်းအမျိုးမျိုး စသည်ဖြင့် ဈေးဆိုင်ခန်းပေါင်း ၁၀၀၀ ကျော် ခင်းကျင်းရောင်းချပြီး ဖျော်ဖြေရေးအစီအစဉ်များအဖြစ် မြန်မာ့ရိုးရာခြင်းအလှခတ်ပြပွဲ၊ ဖြိုင်ပွဲများ၊ ဆပ်ကပ်အဖွဲ့များ၊ ဇာတ်ပွဲများ စုံလင်စွာဖြင့် ဘုရားပွဲလာပြည်သူများ၊ ဈေးရောင်း၊ ဈေးဝယ်များဖြင့် စည်ကားသိုက်မြိုက်စွာ နှစ်စဉ်ကျင်းပကြောင်း သိရသည်။ **ချမ်းချမ်း**

# Meg-2: The Trench ဇာတ်ကား သီတင်းပတ်ကုန်ဝင်ငွေ ကန်ဒေါ်လာ ၁၄၂ သန်းရရှိ

**နယူးယောက် ဩဂုတ် ၉**

ဝါနာဘရားသားရုပ်ရှင်ကုမ္ပဏီ၏ Meg-2: The Trench ဇာတ်ကားသည် ရုံတင်ပြီး ပထမသီတင်းပတ်ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ ၁၄၂ သန်းထိ ရရှိထားကြောင်း Movieweb သတင်းဝက်ဘ်ဆိုက်က ဩဂုတ် ၈ ရက်တွင် ရေးသားတင်ပြထားသည်။

Meg-2: The Trench ဇာတ်ကား၏ အမေရိကန်ပြည်တွင်းဈေးကွက်ဝင်ငွေမှာ ဩဂုတ် ၆ ရက်တွင် အမေရိကန်ဒေါ်လာ သန်း ၃၀ ထိရရှိခဲ့ပြီး နိုင်ငံတကာဈေးကွက်ဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၁၁၂ သန်းထိရရှိခဲ့သည်။

Meg-2: The Trench ဇာတ်ကားကို ဒါရိုက်တာ ဘင်ဝစ်တလေက ရိုက်ကူးပေးထားခြင်းဖြစ်ပြီး အဆိုပါဇာတ်ကားတွင် မင်းသား ဂျေဆင်စတာတမ်နှင့် တရုတ်အက်ရှင် မင်းသား ဝူကျင်းတို့ ပါဝင်သရုပ်ဆောင်ထားသည်။

ဝါနာဘရားသားကုမ္ပဏီ သည် Meg-2: The Trench ဇာတ်ကားကို ဩဂုတ် ၄ ရက်တွင် စတင်ရုံတင် ပြသခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ KKO




# တက္ကသိုလ်ဝင်စာမေးပွဲကို ထူးချွန်စွာအောင်မြင်ခဲ့ကြသော မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဝင်များ၏ သားသမီးများအား ပညာရည်ချွန်ဆုချီးမြှင့်

**ရန်ကုန် ဩဂုတ် ၉**

၂၀၂၂-၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ထူးချွန်စွာ အောင်မြင်ခဲ့ကြသော မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဝင်များ၏ သားသမီးများအား ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ဩဂုတ် ၈ ရက် မွန်းလွဲပိုင်းက ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးတွင် ကျင်းပပြုလုပ်ခဲ့ကြောင်း အဆိုပါအစည်းအရုံးဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေးက ပြောပြ၍ သိရသည်။

၂၀၂၂ ခုနှစ်အတွက် ထူးချွန်ဆုရှင်များဖြစ်သည့် စက်မှုအလှဘက ရုပ်ရှင်အစည်းအရုံးဝင်များ၏ သားသမီးများဖြစ်သည့် သုံးဘာသာဂုဏ်ထူးရှင် မချောစုဝေကို သရုပ်ဆောင် ရန်အောင်ကလည်းကောင်း၊ တစ်ဘာသာဂုဏ်ထူးရှင် မအိခြူးအောင်မိုးကို သရုပ်ဆောင် ခန့်စည်သူကလည်းကောင်း၊ တစ်ဘာသာဂုဏ်ထူးရှင် မဝင်းပြည့်ပြည့်အောင်ကို မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးတွဲဖက်အတွင်းရေးမှူး (၁) ဦးဝင်းမြိုင်ကလည်းကောင်း ဂုဏ်ထူးတစ်ဘာသာလျှင် ငွေကျပ်တစ်သိန်းနှုန်း၊ ဂုဏ်ပြုဆုကတ်ပြား၊ ဇလာစာအုပ် ခြောက်ဒါဇင်ဆီ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။



"မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးကနေ နှစ်စဉ်နှစ်တိုင်းကျောင်းဖွင့်ချိန်ကျရင် ရုပ်ရှင်လောကသရုပ်ဆောင်အလှ၊ ဒါရိုက်တာအလှ စတဲ့ရုပ်ရှင်အလှအသီးသီးက အစည်းအရုံးဝင်တွေရဲ့သားသမီးတွေရဲ့ပညာရေးနဲ့ပတ်သက်ပြီး အမြဲပံ့ပိုးလျက်ရှိပါတယ်။ ဇလာစာအုပ်၊ ဘောပင်၊ ထီး၊ ရေဘူး၊ ကျောပိုးအိတ် စတာတွေပံ့ပိုးပေးလျက်ရှိပါတယ်။ အခုကတော့ တက္ကသိုလ်ဝင်စာမေးပွဲမှာ ဂုဏ်ထူးတစ်ဘာသာနဲ့ ထူးချွန်စွာအောင်မြင်ခဲ့ရင် ငွေကျပ်တစ်သိန်း၊ လက်ဆောင်နဲ့ဆုတံဆိပ်တွေ စတာတွေပေးအပ်ပါတယ်။ အခုက ၂၀၂၂ ခုနှစ်အတွက်ကတော့ မိန်းကလေးသုံးယောက်ပဲ ဂုဏ်ထူးပါတယ်။ ရုပ်ရှင်လောကသားတွေဖြစ်ကြတဲ့ စက်မှုလက်မှုကင်မရာစတဲ့အလှက သားသမီးတွေ ဆုရတာဖြစ်ပါတယ်"ဟု ဦးအေးကြူလေးက ပြောပြ၍ သိရသည်။

ASH

# ဝင်ငွေတစ်ဘီလီယံအထက်ရှိ ဇာတ်ကားများ၌ တစ်ကားမက ပါဝင်သရုပ်ဆောင်ခဲ့သူအဖြစ် အာရီယာနာဂရင်းလပ် မှတ်တမ်းဝင်ခဲ့

**နယူးယောက် ဩဂုတ် ၉**

Barbie ဇာတ်ကား၏ ကမ္ဘာတစ်ဝန်းဝင်ငွေ အမေရိကန်ဒေါ်လာ တစ်ဘီလီယံ ကျော်လွန်ခဲ့မှုနှင့်အတူ ၄င်းဇာတ်ကား၌ ပါဝင်သရုပ်ဆောင်ထားသော အမျိုးသမီးသရုပ်ဆောင်တစ်ဦးဖြစ်သူ အာရီယာနာဂရင်းလပ်မှာလည်း ဝင်ငွေတစ်ဘီလီယံအထက်ရှိ ဇာတ်ကားများတွင် တစ်ကားမက ပါဝင်ခဲ့သူတစ်ဦးအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း Screen Rant သတင်းဝက်ဘ်ဆိုက်က ဩဂုတ် ၈ ရက်တွင် ရေးသားတင်ပြထားသည်။

အာရီယာနာဂရင်းလပ်သည် Barbie ကဲ့သို့ပင် ကမ္ဘာတစ်ဝန်းဝင်ငွေ အမေရိကန်ဒေါ်လာ တစ်ဘီလီယံကျော်ရှိခဲ့သည့် Avengers: Infinity War ဇာတ်ကားတွင်လည်း ပါဝင်ခဲ့ဖူးသူဖြစ်သည်။

ဝင်ငွေ အမေရိကန်ဒေါ်လာ တစ်ဘီလီယံအထက်ဇာတ်ကားများ၌ ပါဝင်ခဲ့သည့်ကြိမ်ရေအများဆုံး ဟောလိဝုဒ်သရုပ်ဆောင်မှာ မင်းသားဆင်မြူရယ်အယ်ဂျက်ဆင်ဖြစ်ပြီး Star Wars ဇာတ်ကားများအပါအဝင် ဝင်ငွေအမေရိကန်ဒေါ်လာ တစ်ဘီလီယံအထက် ဇာတ်ကားပေါင်း ၁၀ ကား၌ ပါဝင်ခဲ့ဖူးသည်။

ကမ္ဘာတစ်ဝန်းဝင်ငွေ အမေရိကန်ဒေါ်လာ တစ်ဘီလီယံအထက်ရှိ ဇာတ်ကားများတွင် တစ်ကားမက ပါဝင်ခဲ့ဖူးသော သရုပ်ဆောင်များအနက် ဂရင်းလပ်မှာ အသက်အငယ်ဆုံးဖြစ်ပြီး အဆိုပါဇာတ်ကားရိုက်ကူးချိန်တွင် ဂရင်းလပ်၏ အသက်မှာ ၁၅ နှစ်သာရှိသေးကြောင်း သိရသည်။

KKO




# တွံတေးမြို့နယ် ကျောင်းသစ်ကျောင်းတိုက်ရှိ နိဗ္ဗာန်ဂုဏ်ရည်ကျောင်းဆောင်သစ်ကို အဆိုတော် စိန်လင်း(Aroma)နှင့် အလှူရှင်များက ရေစက်ချလှူဒါန်း

**ရန်ကုန် ဩဂုတ် ၉**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် ကျောင်းသစ်ကျောင်းတိုက်ရှိ နိဗ္ဗာန်ဂုဏ်ရည်ကျောင်းဆောင်သစ်ကို အဆိုတော် စိန်လင်း(Aroma)နှင့် အလှူရှင်များက ရေစက်ချလှူဒါန်းပွဲကို ဩဂုတ် ၈ ရက်က အဆိုပါကျောင်းတိုက်တွင် ပြုလုပ်ခဲ့ကြောင်း အဆိုတော် စိန်လင်း (Aroma)က ပြောပြ၍ သိရသည်။

အဆိုပါ နိဗ္ဗာန်ဂုဏ်ရည်ကျောင်းဆောင်သစ် ရေစက်ချလှူဒါန်းပွဲတွင် ကျောင်းသစ်ကျောင်းတိုက်ဆရာတော်နှင့် ကျောင်းသစ်ကျောင်းတိုက်တွင် ဝါဆိုဝါကပ်တော်မူကြသည့် သံဃာတော်များအား ဆွမ်း၊ သင်္ကန်း၊ ဝတ္ထုငွေတို့ကို ဆက်ကပ်လှူဒါန်းခဲ့ကြောင်း၊ နိဗ္ဗာန်ဂုဏ်ရည်ကျောင်းဆောင်သစ်ကို ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၁၄ ရက်က ပန္နက်ရိုက်ကာ ကျောင်းဆောင်ဆောက်လုပ်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

"ဒီကျောင်းဆောင်ကို စဆောက်မယ်ဆိုပြီး စဉ်းစားဖြစ်တဲ့အချိန်က ကျွန်တော် ဒီကျောင်းမှာ ဘုန်းကြီးဝတ်တဲ့အချိန်ပါ။ ဒီကျောင်းက ကျောင်းထိုင်ဘုန်းကြီးနဲ့ သံဃာတော်တွေကို တင့်တင့်တယ်တယ်နဲ့ တရားဘာဝနာပွားများနိုင်စေချင်လို့ ကျောင်းဆောင်သစ်လှူဒါန်းပေးခဲ့တာပါ။ ဒီကျောင်းတိုက်ထဲမှာ ဆောက်လုပ်လှူဒါန်းခဲ့တဲ့ အခြားကျောင်းဆောင်တွေမှာ ဆိုရင်လဲ ဂုဏ်ရည်ဆိုတဲ့နာမည်တွေပါတော့ ကျွန်တော့်အနေနဲ့ နိဗ္ဗာန်ကို အထောက်အပံ့ဖြစ်ဖို့အတွက် ရည်စူးပြီး နိဗ္ဗာန်ဂုဏ်ရည်ဆိုပြီး ပေးဖြစ်ခဲ့တာပါ"ဟု အဆိုတော် စိန်လင်း (Aroma)က ပြောပြသည်။

အဆိုပါကျောင်းဆောင်သစ်ကို အဆိုတော် စိန်လင်း(Aroma)က အလှူငွေကျပ် သိန်း ၁၅၀၀ ခန့် မတည်လှူဒါန်းခဲ့ခြင်းဖြစ်ပြီး အလှူရှင်များကလည်း ငွေကျပ် သိန်း ၅၀ ခန့် ပါဝင်လှူဒါန်းထားခြင်းဖြစ်ကြောင်း သိရသည်။

ASH

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing deliver address to chief ministers of states, regions, chairmen of self-administered zones, divisions



Senior General Min Aung Hlaing meets chief ministers of states and regions and chairmen of self-administered zones and divisions.

**Nay Pyi Taw August 9**

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing delivered an address to chief ministers of states and regions and chairmen of self-administered zones and divisions at the meeting hall of the Office of the Chairman of the SAC in Nay Pyi Taw this afternoon.

Present at the meeting were Member of the SAC Lt-Gen Moe Myint Tun, union ministers, the chairman of the Nay Pyi Taw Council, chief ministers of states and regions, chairmen of self-administered zones and divisions and officials.

At the meeting, the Senior General delivered an address, saying the purpose of the meeting is to discuss tasks that must and should be carried out for the economic development of the country during the period extended under the situation of the country. The responsibility of a government is to take measures for the development of the country and it is necessary to implement viable business activities. During the assumption of state responsibilities, the government has tackled issues caused by political differences in accordance with the law and economic development of the country was slowed down by political developments.

High standards of education contribute a lot to the development of the country. Therefore, the government has promoted high standards of education since the assumption of state responsibilities. It is necessary to open all schools in all states and regions and nurture youths who are instilled with five strengths. Authorities are required to cooperate with students, parents and teachers to enable students to learn their lessons safely and peacefully in all monastic education schools, basic education high schools, higher education schools and teaching centres.

As the role of teachers in education is very comprehensive and important, the government has fulfilled the needs of teachers for their shelter and food and relevant regional, state and township authorities are also required to fulfill their needs as much as they can. There were weaknesses in the former education system and management system. Teachers are required to teach students so that they can really acquire their education and other necessary right thinking and knowledge.

Students who have studied agriculture, livestock breeding and industrial technologies in extended courses at basic education high schools in 50 districts will be able to carry out development tasks for their lives on completion of their courses and will acquire human resources to contribute to production of the country. Therefore, concerted efforts must be made for high education standards of students.

In connection with production, the GDP of the country is low, compared to ASEAN countries. As the country mainly carries out agriculture and livestock breeding tasks, it is necessary for regions and states to exert efforts to carry out viable production activities based on agriculture and livestock breeding. In carrying out agriculture and livestock breeding tasks, it is important to utilize agricultural land effectively and beneficially. Measures must be taken for creating job opportunities and development socioeconomic lives of the people. In doing so, priority must be given to manufacturing industries that serve the interests of the majority of the people rather than the minority of them. Region and state governments are required to exert efforts for development of respective agriculture, fish and meat and manufacturing sectors. Efforts must be exerted for the development of socioeconomic lives of the people during the term of the government.

In connection with land utilization, measures must be taken not to decrease agricultural land. In doing so, efforts must be made strictly in accordance with laws, rules and regulation preventing utilization of agricultural land for other purposes.

It is important that state-owned businesses operate properly. Relevant ministries are required to monitor them for their business success. Region and state governments are also required to cooperate in monitoring them and concerted efforts must be made to enable all state-owned factories and workshops to operate properly.

In operating MSME businesses, it is necessary to give priority to manufacturing businesses based on regional and domestic raw materials that make sure of the required raw material demand. Development of the MSME manufacturing industry will help ensure growth in domestic commodity production, increase in job opportunities and improvement of regional socioeconomic life. Through that, the nation will enjoy economic development. Therefore, collaborative efforts are needed to achieve development of the MSME industry regionally. Similarly, as tourism, a smoke-free industry, will be helpful to regional interests through local and foreign travellers' arrivals, the industry needs to be supported and promoted. Accordingly, it is necessary to make preparations and plans on cleanness, pleasantness and beautifulness on a regional basis, accommodation, sale of local food and souvenirs and full service. As the garment industry is also helpful to an increase in individual income with many job opportunities, it is needed to be encouraged.

Regarding the jobs, there is a shortage of the workers force in some parts of the country as many from the country go abroad to work. Therefore, it is necessary to encourage and create domestic job opportunities. We must make efforts to ensure that our citizens will safely work for a living under the shelter of the country.

In respect of the tax, officials need to conduct systematic supervisory measures to ensure no tax evasion. It is necessary to take supervisory measures under the Farmland law to ensure systematic transfer of land and no manipulation on land. All need to work together for the development of the domestic manufacturing industry to achieve an increase in the income of the country. In promoting the economy of the nation, chief ministers of region and state are to work together practically to truly achieve successes and develop interests of the people and the nation.

Afterwards, chief ministers of regions and states, chairmen of self-administered zones and divisions reported on agriculture and livestock businesses, commodity production businesses, measures being taken for regional development, measures being taken for regional stability and peace, and studying of students regionally.

Then, Member of the Council Lt-Gen Moe Myint Tun reported on import of chemical fertilizer for agricultural enterprises. Next, union ministers reported on measures being taken for promotion of the nation's economy, the assistance on ensuring development of agriculture and livestock businesses and commodity production businesses, imbursement of investment loans, measures being taken for improvement of rubber and palm oil cultivation and production, agricultural research work, forming of the cooperative societies, and measures for increase in creating job opportunities.

Regarding the reports, the Senior General gave necessary instructions and concluding remarks saying that it is necessary to take measures to eradicate illegal trade. Illegal trade in border trade causes damage to the nation's income. It is necessary to be correct and lawful in conducting overseas trade and to expose activities breaching the law and take action against them.

It is necessary to take measures to ensure a decrease in the poverty rate of the country. Many live in rural areas focusing on agriculture and livestock businesses. Only if the per capita income rises, will there be a decline in the poverty rate. Therefore, efforts are to be made in regions and states for development of agriculture and livestock, tourism, service and manufacturing industries. It is necessary to achieve success practically rather than that in statistics. Thus, all the chief ministers of regions and states need to encourage and push measures for promotion of the nation's economy.

Regarding the education, not only teachers but parents and administrative officials are to focus on enabling the students studying in the present academic year to learn education until the end of the academic year, improvement of grade transit measures, increase in percentage of school enlistment, increase in number of students studying subjects on agriculture, livestock, industrial technology to produce human resources necessary for the nation, and to be able to produce the physically and mentally developed youths for the future of the nation.

# Plan to build 20-ton refined cooking oil mill in Tanintharyi Region


A refined cooking oil mill in operation.

**Dawei August 9**

A plan is underway to establish a 20-ton refined cooking oil mill in Tanintharyi Region, according to Tanintharyi Region Government office.

In this regard, the region government will cooperate with businesspersons in building the oil mill.

"More than 400,000 acres of oil palm plantations are located in Tanintharyi Region, producing a lot of crude oil. But, the region does not have any refined oil mills, so the region's oil sufficiency is 0.25 per cent. Hence, the region government plans to join hands with local businesspersons in building the refined oil mill," said assistant director U Ko Ko Soe of the region government office.

Officials observed the refined oil mill in China in order to build a refined oil mill in the region. The former plan was set to produce 10 tons of refined oil per day but it was changed to establish 10 tons of oil per day due to a narrow difference of cost between the two types.

Myanmar imports some 800,000 tons of cooking oil abroad yearly to meet the local demand due to lack of sufficiently producing oil at home.

Hence, the whole country needs to be supplied 1.1 million tons of oil for year-wise consumption and importing cooking oil, accounting for 60 per cent of local demand.

ASH

# Kyaiklat Township sent 12,00 viss of fresh chilli to Yangon within one month

**Kyaiklat August 9**

Local growers from Kyaiklat Township in Ayeyawady Region sent 12,000 viss of fresh chilli to Yangon within one month, said Daw Htay Htay, owner of agricultural produce brokerage in Kyaiklat Township.

In May and June, the township sent 6,700 viss of fresh chilli to Yangon but 12,000 viss in July. Demand of chilli is still high in Kyaiklat Township due to lesser number of chilli growers.

"Demand of chilli is remarkably high. Chilli of Kyaiklat Township is quality one, attracting merchants. The fruit is sent to Pyapon as well as Yangon. So, local growers get high incomes from their farms. As such, some growers decided to expand their farmlands," said Daw Htay Htay.

Chilli from Kyaiklat Township flows into Pyapon, Maubin and Yangon, fetching K5,500 per viss in the market.


Samples of fresh chillies.

Local farmers cultivate chilli in addition to paddy in Kyaiklat Township. So, they get good price of K16,000 per viss in the start of harvesting the chilli this summer.

"Preparations are being made to cultivate monsoon chilli on more than one acre of farmlands for the second time. Chilli fetches high price. Monsoon chilli needs fertilizers and pesticides. This year, I will use water and other inputs in cultivation of chilli due to high prices of inputs," said farmer Ko Myo Zaw from Kyaiklat Township. Kyaw Kyaw Lin

# Eggplants produced in Shan State receive good price in Mandalay

**Mandalay August 9**

The eggplants produced from the Shan State received good price in the Thiri Marla Green Wholesale Market in Aungmyethazan District, Mandalay, according to the eggplant stalls in the market.

These eggplants come from the southern and northern areas of Shan State and enter the Thiri Marla Green Market in Mandalay. In a day, five to six 6-wheeled vehicles are entering in the market regularly. The price of eggplants in Southern Shan State is 1,200 kyats per viss and 800 to 1,000 kyats per viss in northern Shan State, said U Aung Moe Naing, the owner of the Aung wholesale center in Mandalay.

At present, these eggplants are entering the Mandalay market every day, and they are getting good deals and good prices. In addition to eggplant, the rest of the green crops such as cauliflower, cabbage, kidney bean, mustard green, tomato, chayote, potatoes and onions are also good prices.

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Betel leaves get high prices in Bogale Township, fetching K95,000 per 10 viss

**Bogale August 9**

Price of betel leave reaches K95,000 per 10 viss in Bogale Township of Ayeyawady Region, said Daw Htay Khaing, betel leave trading of Bogale Township.

The leave earned K65,000 per 10 viss in May and June, compared to K85,000 per 10 viss at present, up from the second week of July. It is because betel farms cannot produce larger volume of leave to the market.

"Demand of local market is high, helping price of betel leaves be higher. The leaves are sent to Yangon market. Due to high demand, local farmers get good prices. Now, merchants cannot get adequate volume of leaves as they expected," said Daw Htay Khaing.

Merchants go to betel farms in Bogale Township to purchase it with systematic packaging to be sent to Yangon market. Then, brokers from Yangon distribute betel leaves to other regions. At present, Yangon market handles 100-150 viss of betel leaves with purchasers.

Kyaw Kyaw Lin


Betel leaves for sale at a market.

185

# နိုင်ငံတကာစစ်မှုရေးရာအပြောပြော

## ဗြိတိန်က ASRAAM ဒုံးကျည်များတပ်ဆင်ထားသော လေကြောင်းရန်ကာကွယ်ရေးစနစ်သစ်ကို ယူကရိန်းထံပေးအပ်မည်



ဗြိတိန်အစိုးရသည် HMT ထရပ်ကားပေါ်တွင် ASRAAM (Advanced Short Range Air-to-Air Missile) ဒုံးကျည်များတပ်ဆင်ထားသော လေကြောင်းရန်ကာကွယ်ရေးစနစ်သစ် တစ်မျိုးကို ယူကရိန်းနိုင်ငံသို့ ထပ်မံပေးအပ်သွားမည်ဟု ဩဂုတ် ၄ ရက်က Ukraine Weapons Tracker ၏ Twitter အကောင့်တွင် လွှင့်တင်ခဲ့သော အချက်အလက်များအရ သိရသည်။

ယူကရိန်းနိုင်ငံအတွက် လေကြောင်းရန်ကာကွယ်ရေးယာဉ်သစ်ကို ဗြိတိန်ကာကွယ်ရေးဝန်ကြီးဌာနနှင့် ဒုံးကျည်များ၊ ဒုံးကျည်စနစ်များ တီထွင်ထုတ်လုပ်နေသည့် MBDA ကုမ္ပဏီတို့က ပူးပေါင်းတီထွင်ခဲ့ခြင်းဖြစ်သည်။ မကြာသေးမီရက်များအတွင်း ယူကရိန်းသမ္မတက ရုရှားတပ်ဖွဲ့များ၏ နေ့စဉ် ဒရုန်းနှင့် ဒုံးကျည်တိုက်ခိုက်မှုများကို တန်ပြန်နိုင်ရန်အတွက် လေကြောင်းရန်ကာကွယ်ရေးစနစ်များ ပိုမိုထောက်ပံ့ပေးအပ်ရန် ဥရောပနိုင်ငံများနှင့် အမေရိကန်တို့ထံ ဆက်လက်တောင်းဆိုခဲ့သည်။ ဗြိတိန်နိုင်ငံက ယူကရိန်းကိုထောက်ပံ့ပေးအပ်မည့် ယာဉ်တင်လေကြောင်းရန်ကာကွယ်ရေးစနစ်သစ်သည် မည်သည့်လက်နက်ကိုင်တပ်ဖွဲ့မျှ အသုံးမပြုဖူးသေးသော လက်နက်စနစ်အသစ်အဆန်းလည်းဖြစ်သည်။

အဆင့်မြင့်တာတိုပစ် ဝေဟင်မှဝေဟင်ပစ် Advanced Short Range Air-to-Air Missile သို့မဟုတ် ASRAAM ဒုံးကျည်သည် MBDA က ထုတ်လုပ်သော အနီအောက်ရောင်ခြည် (IR) လမ်းညွှန်မှုစနစ်သုံးပဲ့ထိန်းဒုံးအမျိုးအစားလည်းဖြစ်သည်။ ၎င်းကို တာတိုလေကြောင်းတိုက်ခိုက်ရေးအခြေအနေများတွင် အသုံးပြုရန်အတွက် ဒီဇိုင်းထုတ်ထားပြီး ဗြိတိန်တော်ဝင်လေတပ်နှင့်အတူ အခြားနိုင်ငံတကာလေတပ်အချို့တွင် အသုံးပြုလျက်ရှိသည့် ဒုံးကျည်အမျိုးအစားလည်းဖြစ်သည်။

ASRAAM ဒုံးကျည်၏ အဓိကအင်္ဂါရပ်များထဲမှ တစ်ခုမှာ ဘက်စုံသုံးတိုက်ပွဲဝင်နိုင်စွမ်းဖြစ်သည်။ ဆိုလိုသည်မှာ ရန်သူလေယာဉ်များကို လားရာစုံမှ ပစ်မှတ်ထားတိုက်ခိုက်နိုင်ပြီး လက်တွေ့စစ်ဆင်ရေးအခြေအနေများတွင် ဒုံးကျည်၏တိုက်ပွဲဝင်နိုင်စွမ်းထိရောက်မှုကို သိသိသာသာတိုးမြှင့်ကောင်းမွန်စေသည်။ ဒုံးကျည်တွင်တပ်ဆင်ထားသည့် အနီအောက်ရောင်ခြည်အာရုံခံကိရိယာသည် အပူအာရုံခံနိုင်စွမ်းရှိသည့်အတွက် ရန်သူလေယာဉ်မှ အပူရှိန်ကို ခြေရာခံထိန်းချုပ်နိုင်မည်ဖြစ်သည်။

ASRAAM ဒုံးကျည်သည် အမြန်နှုန်းနှင့် ထိန်းကျောင်းနိုင်မှုကိုလည်း ပိုင်ဆိုင်ထားသောကြောင့် တိုက်ပွဲအခြေအနေအမျိုးမျိုးတွင် ကြောက်မက်ဖွယ်ကောင်းသော တိုက်စွမ်းအားလက်နက်တစ်ခုဖြစ်လာသည်။ ၎င်းတွင် ပစ်လွှတ်ပြီးနောက် ပစ်မှတ်ကို Lock လုပ်ထားနိုင်သောစွမ်းရည်ပါရှိသည်။ ဆိုလိုသည်မှာ ဒုံးကျည်ပစ်ခတ်ပြီးနောက် ပစ်မှတ်ကို ခြေရာခံထိန်းချုပ်လုပ်ဆောင်နိုင်မည်ဖြစ်သည်။ အထူးသဖြင့် ရှုပ်ထွေးနက်နဲသည့် လေကြောင်းတိုက်ခိုက်ရေးအခြေအနေများတွင် ၎င်းအချက်သည် အထူးကောင်းမွန်သည်။

ASRAAM ဒုံးကျည်၏ နောက်ထပ်ထင်ရှားသောလက္ခဏာမှာ ရန်သူလေယာဉ်များ မကြာခဏအသုံးပြုလေ့ရှိသည့် အပူရာဒုံးကျည်များကို လမ်းကြောင်းပြောင်းလဲစေရန် ရန်သူဘက်က တန်ပြန်အသုံးပြုလာနိုင်မည့် မီးကျည်များကဲ့သို့သော အီလက်ထရွန်နစ် ကာကွယ်ရေးစနစ်များအပေါ်လည်း ခံနိုင်ရည်စွာ တိုက်ပွဲဝင်နိုင်စွမ်းရှိသည်။ ဤစွမ်းရည်သည် ဒုံးကျည်၏အဆင့်မြင့်ထိန်းကျောင်းလမ်းညွှန်မှုနည်းပညာကြောင့်ဖြစ်သည်။

ယူကရိန်းသို့ပို့ဆောင်မည့် ဒုံးကျည်ဗားရှင်းသည် မြေပြင်မှ ဝေဟင်ပစ်ဒုံးကျည်အမျိုးအစားအဖြစ် အသုံးပြုနိုင်သည့် ASRAAM ကို ပြုပြင်မွမ်းမံထားသော ဗားရှင်းအသစ်ဖြစ်သည်။ ဗြိတိန်နိုင်ငံ Supacat ကုမ္ပဏီထုတ် HMT ထရပ်ကားနောက်ဘက်တွင် ဒုံးပစ်လောင်ချာတစ်ခုကိုတပ်ဆင်၍ တိုက်ပွဲဝင်နိုင်မည်ဖြစ်သည်။

**UK to deliver Ukraine new air defense system using AS-RAAM IR missiles mounted on HMT truck ကို ဘာသာပြန်ဆိုထားပါသည်။**

## တူရကီက ပါကစ္စတန်နိုင်ငံအတွက် Milgem Babur အတန်းအစား စတုတ္ထမြောက်ကော်ဗက်စစ်ရေယာဉ် Tariq ကို ရေချနိုင်ခဲ့




တူရကီနိုင်ငံသည် ပါကစ္စတန်နိုင်ငံအတွက် တည်ဆောက်ထားသော Milgem Babur အတန်းအစား စတုတ္ထမြောက် ကော်ဗက်စစ်ရေယာဉ် Tariq ကို ရေချနိုင်ခဲ့ကြောင်း ASFAT တွစ်တာအကောင့်မှ ဩဂုတ် ၂ ရက်တွင် ထုတ်ပြန်ထားသည့် အချက်အလက်များအရ သိရသည်။

PNS Tariq စစ်ရေယာဉ်သည် ပါကစ္စတန်ရေတပ်အတွက် တည်ဆောက်ထားသော အကြီးစားကော်ဗက်စစ်ရေယာဉ်များထဲမှ MILGEM အတန်းအစားဟုလည်း လူသိများသော Babur အတန်းအစားကော်ဗက်စစ်ရေယာဉ်အမျိုးအစားလည်းဖြစ်သည်။ ဤအတန်းအစားသည် တူရကီနိုင်ငံထုတ် Ada-class ကော်ဗက်စစ်ရေယာဉ်များထက် ပိုမိုကြီးမားလေးလံသော ဝိသေသလက္ခဏာများပါဝင်သည့် တူရကီနိုင်ငံ MILGEM စီမံကိန်း၏ တစ်စိတ်တစ်ပိုင်းဖြစ်ပြီး ဒေါင်လိုက်ပစ်လွှတ်ခြင်းစနစ်များ တပ်ဆင်အသုံးပြုထားသည်။

အရှည် ၁၀၈ ဒသမ ၈ မီတာနှင့် အလေးချိန် ၂၈၈၈ တန်ရွှေ့ပြောင်းနိုင်သော အဆိုပါစစ်သင်္ဘောသည် ကိုယ်ထည်အကျယ် ၁၄ ဒသမ ၈ မီတာနှင့် ကြမ်းခင်းအနက် ၄ ဒသမ ၀၅ မီတာရှိသည်။ တွန်းကန်အားစနစ်တွင် MTU 16V 595 TE90 အင်ဂျင်နှစ်လုံးနှင့် General Electric LM2500 အင်ဂျင်တစ်လုံးတို့ပါဝင်ပြီး အမြင့်ဆုံးအမြန်နှုန်း 27-31 knots ထိ ခုတ်မောင်းနိုင်သည်။ စစ်ရေယာဉ်သည် ရေမိုင် ၃၅၀၀ အကွာအဝေးထိ ပင်လယ်ပြင်တွင် ၁၅ ရက်ကြာစစ်ဆင်ရေးတာဝန်ထမ်းဆောင်နိုင်သည်။

Tariq ကော်ဗက်စစ်ရေယာဉ်တွင် အဓိကအသုံးပြုထားသော ဆိုနာစနစ်မှာ Meteksan YAKAMOS ဆိုနာစနစ်ဖြစ်သည်။ အီလက်ထရွန်နစ်စစ်ဆင်ရေးစွမ်းရည်များတွင် Aselsan ARES-2N ရေဒါ ESM စနစ်၊ ELINT နှင့် SIGINT အီလက်ထရွန်နစ်ထောက်လှမ်းရေးစနစ်များပါဝင်သည်။ ဤစနစ်သည် ပစ်မှတ်အမျိုးမျိုးမှ လျှပ်စစ်သံလိုက်လှိုင်းထုတ်လွှင့်မှုကို ရှာဖွေထောက်လှမ်း၊ ကြားဖြတ်၊ အမျိုးအစားစိစစ်ခွဲခြား၊ ခြေရာခံထိန်းကျောင်းကာ မှတ်တမ်းတင်နိုင်သည်။

သင်္ဘောခြေရာခံစနစ်များတွင် Aselsan SeaEye-AHTAPOT Electro-optical (EO) စောင့်ကြည့်ထောက်လှမ်းရေးစနစ် Aselsan PIRI အနီအောက်ရောင်ခြည်ရှာဖွေရေးနှင့် ခြေရာခံရေးစနစ်တို့ ပါဝင်သည်။

လေကြောင်းရန်ကာကွယ်ရေးအတွက် GWS-26 VLS ဒုံးကျည် ၁၂ တောင့်မှ ၁၆ တောင့်ထိပစ်ခတ်နိုင်သော ရေတပ်သုံးဒေါင်လိုက်ပစ်လေကြောင်းရန်ကာကွယ်ရေးစနစ် တပ်ဆင်အသုံးပြုထားသည်။ ၎င်းတွင် ကနဦးစီစဉ်ထားသည့် တရုတ်ထုတ် HHQ-16 မြေပြင်မှ ဝေဟင်ပစ်ဒုံးကျည်များအစား MBDA က ထုတ်လုပ်သည့် Albatros NG မြေပြင်မှ ဝေဟင်ပစ်ဒုံးကျည်များကိုထည့်သွင်းပစ်ခတ်နိုင်ရန် ပါကစ္စတန်ရေတပ်က ၂၀၂၁ ခုနှစ်တွင် ဆုံးဖြတ်ခဲ့သည်။ အဆိုပါဒုံးကျည်များသည် သင်္ဘောဖျက်ဒုံးကျည်များ၊ ဒရုန်းများနှင့် တိကျလမ်းညွှန်ခဲယမ်းများအပါအဝင် ဝေဟင်ခြိမ်းခြောက်မှုအမျိုးမျိုးကို တန်ပြန်ဖျက်ဆီးနိုင်သည်။

ရေငုပ်သင်္ဘောတိုက်ဖျက်ရေးစွမ်းဆောင်ရည်အတွက် ကော်ဗက်စစ်ရေယာဉ်များတွင် 3-cell Mark 32 324 mm အပေ့ါစားတော်ပီဒိုဒုံးပြွန်နှစ်ခုနှင့် Agusta Westland AW159 Wildcat ရေငုပ်သင်္ဘောဖျက်ရဟတ်ယာဉ်တစ်စင်းလည်း တင်ဆောင်နိုင်မည်ဖြစ်သည်။

**Turkish shipyard launches 4th Milgem Babur class corvette Tariq for Pakistan ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ၅၇၉၉၉ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က ပဲတီစိမ်းစိုက်ခင်းကို တွေ့ရစဉ်။

**စစ်ကိုင်း ဩဂုတ် ၉**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ၅၇၉၉၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်ဦးက ပြောပြ၍ သိရသည်။

စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ဧက ၈၂၄၀၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ မိုးကြိုပဲတီစိမ်း ၃၄၁ ဧက၊ မိုးပဲတီစိမ်း ၃၀၂၃၆ ဧက၊ ထောပတ်ပဲ ၁၉၃ ဧက၊ စွန်တာပြာ ၁၉၉ ဧက၊ ပဲစင်းငုံ ၁၈၃၂၄ ဧက၊ ပဲလွမ်း ၃၁၂ ဧက၊ အခြားပဲ ၈၃၉၄ ဧက စုစုပေါင်း ၅၇၉၉၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ပဲသီးနှံအထွက်နှုန်းနဲ့ အရည်အသွေးကောင်းမွန်ဖို့အတွက် လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိပ်သိမ်းချိန်လွန်နည်းပညာပေးတာတွေကို တောင်သူတွေနဲ့ပူးပေါင်းပြီးတော့ ဆောင်ရွက်လျက်ရှိပါတယ်။ ဒီနှစ် စစ်ကိုင်းမြို့နယ်မှာ ပဲမျိုးစုံသီးနှံဧက ၈၀၀၀၀ ကျော် လျာထားစိုက်ပျိုးခဲ့ရာ ဧက ၅၇၀၀၀ ကျော်စိုက်ပျိုးပြီးပါပြီ"ဟု မြို့နယ်ဦးစီးမှူး ဦးဇော်ဦးက ပြောပြသည်။

စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် ပဲမျိုးစုံသီးနှံစိုက်ပျိုးရန်လျာထားမှုအနေဖြင့် မိုးပဲတီစိမ်း ၄၅၁၉၄ ဧက၊ မိုးကြိုပဲတီစိမ်း ၃၄၁ ဧက၊ ပဲစင်းငုံ ၁၉၇၈၅ ဧက၊ ပဲလွမ်း ၄၅၇ ဧက၊ စွန်တာပြာ ၁၁၅၀ ဧက၊ ထောပတ်ပဲ ၉၁၅ ဧက၊ အခြားပဲ ၁၄၅၅၈ ဧက စုစုပေါင်းဧက ၈၂၄၀၀ ဖြစ်ကြောင်း သိရသည်။

ပဲမျိုးစုံသီးနှံစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်း၊ မျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စစ်ကိုင်းမြို့နယ်တွင် ယခင်နှစ် မိုးသီးနှံစိုက်ပျိုးရာသီက ပဲမျိုးစုံစိုက်ပျိုးခဲ့ရာ မိုးကြိုပဲတီစိမ်း ၃၄၁ ဧက၊ မိုးပဲတီစိမ်း ၄၄၃၆၆ ဧက၊ ထောပတ်ပဲ ၉၀၆ ဧက၊ စွန်တာပြာ ၁၀၈၈ ဧက၊ ပဲစင်းငုံ ၁၉၅၅၇ ဧက၊ ပဲလွမ်း ၄၅၃ ဧက၊ အခြားပဲ ၁၄၅၆၁ ဧက စုစုပေါင်း ၈၁၄၇၂ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။ (၂၀၆)

# မကွေးမြို့နယ် ပေပင်စမ်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**မကွေး ဩဂုတ် ၉**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေ ရရှိရေးအတွက် ပေပင်စမ်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများဆောင်ရွက်နေမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မကွေးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းဇော်ဟန်နှင့် အင်ဂျင်နီယာဝန်ထမ်းများသည် ပေပင်စမ်းကျေးရွာသောက်သုံးရေရရှိရေးကော်မတီဝင်များနှင့်အတူ အကျယ် လေးလက်မ၊ အနက် ပေ ၇၀၀ ရှိ စက်ရေတွင်းတူးဖော်ခြင်းနှင့် ဆိုလာစနစ် တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက Dears Brain ကုမ္ပဏီမှ တာဝန်ခံအား ဆောင်ရွက်ရန်ကျန်ရှိသောလုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် မှာကြားသည်။



မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် တိုင်းဒေသကြီးရန်ပုံငွေကျပ် ၆၈ ဒသမ ၀၄ သန်းဖြင့် ပေပင်စမ်းကျေးရွာ၌ အကျယ် လေးလက်မ၊ အနက် ပေ ၇၀၀ ရှိ စက်ရေတွင်းတူးဖော်ခြင်း၊ ၉ ဒသမ ၉ ကီလိုဝပ်ဆိုလာစနစ် တည်ဆောက်ခြင်းနှင့် ဂါလန် ၂၄၀၀ ဆံ့ ရေစင်တည်ဆောက်ခြင်းလုပ်ငန်းများကို Dears Brain ကုမ္ပဏီက တာဝန်ယူ၍ ယခုနှစ် ဇူလိုင် ၂၆ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၈၅ ရာခိုင်နှုန်းခန့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပါက ပေပင်စမ်းကျေးရွာရှိ အိမ်ခြေ ၂၃၈ အိမ်၊ လူ ၉၀၂ ဦးနှင့် ကျွဲနွားတိရစ္ဆာန်များအတွက် သန့်ရှင်းသော သောက်သုံးရေ လုံလောက်စွာရရှိမည့်အပြင် ဆိုလာစနစ်ဖြစ်သည့်အတွက် ဒီဇယ်ဆီဖိုး သက်သာခြင်း၊ ပတ်ဝန်းကျင်ဆူညံသံမရှိခြင်း၊ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုကို ကာကွယ်နိုင်ခြင်းစသည့်အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ကြောင်း သိရသည်။

**အိပိုးပိုး**

# ကွမ်းလုံမြို့နယ် နမ့်ဟူး(ရှမ်း)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကွမ်းလုံ ဩဂုတ် ၉**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကွမ်းလုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း နှစ်ရွာတစ်ယူနစ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သည့် နမ့်ဟူး(ရှမ်း)+နောင်ပန်ကျေးရွာအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ စတုတ္ထအကြိမ် ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက နမ့်ဟူး(ရှမ်း)ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကွမ်းလုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးသိန်းသိန်းမော်က မြစိမ်းရောင်ကျေးရွာစီမံကိန်းဆောင်ရွက်ခြင်းဖြင့် ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေပြီး လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေမည်ဖြစ်ကြောင်း၊ ရရှိလာသော မြစိမ်းရောင်ကျေးရွာ စီမံကိန်းအတိုးရငွေဖြင့် မိမိတို့ကျေးရွာအတွက် ဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ကွမ်းလုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ မြစိမ်းရောင်ကျေးရွာစီမံကိန်းတာဝန်ခံ ဒေါ်နန်းအိမ်စည်က စီမံကိန်းချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းချက်များ၊ ချေးငွေအတိုးနှုန်းသတ်မှတ်ချက်၊ ပြန်ဆပ်ရမည့်ကာလတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားကာ မြစိမ်းရောင်ကျေးရွာကော်မတီလုပ်ငန်းအဖွဲ့ဝင်များထံ ငွေကျပ် ၃၃ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းကော်မတီလုပ်ငန်းအဖွဲ့ဝင်များက နမ့်ဟူး(ရှမ်း)+နောင်ပန်ကျေးရွာတို့ရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူအသင်းသား ၁၄ ဦးအား ငွေကျပ် ၃၃ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကျော်ဇောဦး(မောရှမ်းမြေ)**


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



**နိုင်ငံတော်မိဖွံ့ဖြိုးရေးအတွက်**

**အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို**

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၉-၈-၂၀၂၃**

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၁၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၀၂၀၀၀/၁၀၄၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၅၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၇၄၀၀၀/၇၈၀၀၀ |
| ဧည့်ဗီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၉၀၀၀/၇၂၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၃၀၀၀/၁၄၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၈၇၀၀/၈၉၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၄၁၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၄၈၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၂၃၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၂၄၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၃၆၀ |
| **(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ** | | |
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် တိုင်းဥက္ကဋ္ဌများကို တွေ့ဆုံအမှာစကားပြောကြားစဉ်။

၂၂ ရှေ့ဖုံးမှအဆက်

**နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရန်ဖြစ်ပြီး လက်တွေ့ကျသည့် စီးပွားရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်လို**ကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံတော်တာဝန်များကို ထမ်းဆောင်ချိန်တွင် နိုင်ငံရေးသဘောထားကွဲလွဲမှုများကြောင့်ဖြစ်ပေါ်လာသည့် နိုင်ငံရေးပဋိပက္ခများကို ဥပဒေနှင့်အညီသာ ဖြေရှင်းဆောင်ရွက်ခဲ့ပြီး နိုင်ငံရေးအရဖြစ်ပေါ်လာသည့်အခြေအနေများကြောင့် နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု နောက်ကျခဲ့ရကြောင်း။

ပညာရည်မြင့်မားတိုးတက်မှုသည် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် နိုင်ငံတော်တာဝန်ကို စတင်ထမ်းဆောင်ချိန်မှစ၍ ပညာရည်မြင့်မားရေးကိစ္စရပ်များကို အားပေးဆောင်ရွက်ခဲ့ကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များအားလုံး၌ စာသင်ကျောင်းများအားလုံး ဖွင့်လှစ်သင်ကြားနိုင်ပြီး ဗလငါးတန်နှင့်ပြည့်စုံသည့် လူငယ်များကို မွေးထုတ်ပေးနိုင်ရန်လိုကြောင်း၊ ဘွဲ့နှင်းတော်ကြီးသင်ပညာရေးကျောင်းများ၊ အခြေခံပညာအထက်တန်းကျောင်းများ၊ အဆင့်မြင့်ပညာသင်ကျောင်းများနှင့် ပညာသင်ကြားရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် စင်တာများအားလုံး၌ ကျောင်းသား၊ ကျောင်းသူများ လုံခြုံအေးချမ်းစွာဖြင့် ပညာသင်ကြားနိုင်ရေးအတွက် ကျောင်းသား၊ မိဘနှင့် ဆရာများသာမက အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများအနေဖြင့်လည်း ဝိုင်းဝန်းဆောင်ရွက်ပေးရန်လိုကြောင်း။

ပညာသင်ကြားရေးတွင် ဆရာ၊ ဆရာမများ၏ အခန်းကဏ္ဍမှာ အလွန်ကျယ်ပြန့်ပြီး အဓိကကျသဖြင့် ဆရာ၊ ဆရာမများ၏ နေထိုင်စားသောက်မှုများ အဆင်ပြေစေရေးအတွက် နိုင်ငံတော်က တတ်နိုင်သမျှ ဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်နှင့် မြို့နယ်များအလိုက်လည်း တတ်နိုင်သည့်ဘက်က ဖြည့်ဆည်းဆောင်ရွက်ပေးကြစေလိုကြောင်း၊ ယခင်က ပညာရေးစနစ်၏ အားနည်းမှု၊ စီမံခန့်ခွဲမှုပိုင်းဆိုင်ရာ အားနည်းမှုများရှိခဲ့ခြင်းကြောင့် ကျောင်းသား၊ ကျောင်းသူများ၏ ပညာရေးမှာ အားနည်းချက်များရှိခဲ့ကြောင်း၊ ကျောင်းသား၊ ကျောင်းသူများ အမှန်တကယ်စာတတ်မြောက်စေရေး ဆရာ၊ ဆရာမများအနေဖြင့် သင်ကြားပေးရန်လိုသကဲ့သို့ အခြားလိုအပ်သော မှန်ကန်သည့်တွေးခေါ်မှုနှင့် အသိအမြင်များရရှိရေးအတွက်လည်း သင်ကြားပေးရန်လိုကြောင်း။

ခရိုင် ၅၀ ရှိ အခြေခံပညာအထက်တန်းကျောင်းများ၌ ထပ်မံတိုးချဲ့ဖွင့်လှစ်ထားသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုနည်းပညာ ဘာသာရပ်များကို သင်ကြားတတ်မြောက်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ပညာသင်ကြားပြီးချိန်တွင် ၎င်းတို့၏ဘဝတိုးတက်ရေးအတွက် ဆောင်ရွက်နိုင်မည်ဖြစ်သကဲ့သို့ နိုင်ငံ၏ ကုန်ထုတ်လုပ်မှုကို အထောက်အကူပြုစေမည့် လူသားအရင်းအမြစ်များကိုလည်း ရရှိစေမည်ဖြစ်ကြောင်း၊ ထို့ကြောင့်ကျောင်းသား၊ ကျောင်းသူများ ပညာရည်မြင့်မားရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း။

ကုန်ထုတ်လုပ်မှုနှင့်ပတ်သက်၍ မိမိတို့နိုင်ငံ၏ GDP မှာ အာဆီယံနိုင်ငံများနှင့် နှိုင်းယှဉ်ပါက နည်းပါးလျက်ရှိကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အဓိကဆောင်ရွက်သည့် နိုင်ငံဖြစ်သည့်အတွက် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသော သေချာခိုင်မာသည့် ကုန်ထုတ်လုပ်မှုများကို ဆောင်ရွက်နိုင်ရန် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကိုဆောင်ရွက်ရာတွင် စိုက်ပျိုးမြေများကို ထိရောက်စွာ အကျိုးရှိရှိအသုံးချရန်လိုကြောင်း၊ ပြည်သူများအလုပ်အကိုင်အခွင့်လမ်းများရရှိပြီး လူမှုစီးပွားဘဝများ တိုးတက်အောင် ဆောင်ရွက်ပေးရန်လိုကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် **လူနည်းစု၏ အကျိုးစီးပွားထက် လူအများစု၏ အကျိုးစီးပွားကို ဖော်ဆောင်ပေးနိုင်သည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ပိုမိုအားပေးဆောင်ရွက်ရန်လို**ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများအနေဖြင့် မိမိတို့ဒေသအလိုက် စိုက်ပျိုးရေးကဏ္ဍ၊ သားငါးကဏ္ဍနှင့် ကုန်ထုတ်လုပ်မှုကဏ္ဍများ တိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားရန်လိုကြောင်း၊ မိမိတို့တာဝန်ထမ်းဆောင်နေချိန် ကာလအတွင်း ပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်သွားရန်လိုကြောင်း။

မြေယာအသုံးချမှု ကိစ္စရပ်များနှင့်ပတ်သက်၍ စိုက်ပျိုးမြေများ ထိခိုက်လျော့နည်းမှုမရှိအောင် ဆောင်ရွက်ရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် **စိုက်ပျိုးမြေများကို အခြားနည်းများဖြင့် အသုံးပြုခြင်းများမရှိစေရေး ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ကြပ်ကြပ်**

**တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဒေသစီးပွားရေး တိုးတက်စေရန်အတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ၊ ခရီးသွားလုပ်ငန်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများနှင့် စက်မှုကုန်ထုတ်လုပ်ငန်းများကို ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ကြစေလို . . .**

**မတ်မတ်ဖြင့် ဆောင်ရွက်သွားရန်လို**ကြောင်း။

နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းများ စနစ်တကျ လည်ပတ်ဆောင်ရွက်နေရန်လိုကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် လုပ်ငန်းများအောင်မြင်မှုရှိစေရေး ကြပ်မတ်ကွပ်ကဲဆောင်ရွက်နေရန်လိုကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့်လည်း ဝိုင်းဝန်းကြပ်မတ်ဆောင်ရွက်ပေးရန်လိုပြီး နိုင်ငံပိုင် စက်ရုံ၊ အလုပ်ရုံများအားလုံး လည်ပတ်နိုင်ရေး ဝိုင်းဝန်းဆောင်ရွက်ပေးရန်လိုကြောင်း။

MSME ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်သည့်ကုန်ကြမ်းအတွက် သေချာခိုင်မာသည့် ဒေသတွင်းနှင့် ပြည်တွင်းမှထွက်ရှိသော ကုန်ကြမ်းများကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများကို အဓိကထား ဆောင်ရွက်ရန်လိုကြောင်း၊ **MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမည်ဆိုပါက ပြည်တွင်းကုန်ထုတ်လုပ်မှုများတိုးတက်လာပြီး အလုပ်အကိုင်အခွင့်အလမ်းများတိုးတက်လာကာ ဒေသ၏ လူမှုစီးပွားဘဝများ တိုးတက်လာမည်ဖြစ်**ကြောင်း၊ ထိုမှတစ်ဆင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဒေသအလိုက် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရန်လိုကြောင်း၊ အလားတူ **ဝန်ဆောင်မှုလုပ်ငန်းတစ်ခုဖြစ်သည့် ခရီးသွားလုပ်ငန်းသည်လည်း မီးခိုးမထွက်သည့် စက်မှုလုပ်ငန်းတစ်ခုဖြစ်ပြီး ဒေသတွင်းသို့ ပြည်တွင်း၊ ပြည်ပမှ ခရီးသွားများဝင်ရောက်ခြင်းဖြင့် ဒေသအကျိုးစီးပွားကို ဖြစ်ပေါ်စေနိုင်မည်ဖြစ်သောကြောင့် အားပေးမြှင့်တင်ဆောင်ရွက်သွားရန်လို**ကြောင်း၊ ထို့ကြောင့် ဒေသအလိုက် သန့်ရှင်းသာယာလှပမှုရှိစေရေး၊ တည်ငြိမ်နေထိုင်ရေး၊ ဒေသအစားအစာများ၊ ဒေသထွက်လက်ဆောင်ပစ္စည်းများရောင်းချနိုင်ရေး၊ ဝန်ဆောင်မှု အပြည့်အဝပေးနိုင်ရေးအတွက်လည်း ကြိုတင်ပြင်ဆင် စီမံဆောင်ရွက်ထားရန်လိုကြောင်း၊ အလားတူ အထည်ချုပ်လုပ်ငန်းများသည်လည်း အလုပ်အကိုင်အခွင့်အလမ်းများစွာကို ဖြစ်ပေါ်စေနိုင်ကာ တစ်ဦးချင်းစီ၏ ဝင်ငွေကို တိုးတက်စေနိုင်သည်ဖြစ်သောကြောင့် အားပေးဆောင်ရွက်သွားရန်လိုကြောင်း။

အလုပ်အကိုင်နှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် ပြည်ပသို့ သွားရောက်လုပ်ကိုင်မှုများ များပြားလျက်ရှိခြင်းကြောင့် နိုင်ငံအတွင်းရှိ အချို့နေရာဒေသများတွင် လုပ်သားအင်အားရှားပါးမှုများ ဖြစ်ပေါ်လျက်ရှိကြောင်း၊ ထို့ကြောင့် ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်းများကို အားပေးဖော်ဆောင်ပေးနိုင်ရန်လိုကြောင်း၊ မိမိတို့နိုင်ငံသားများအား မိမိတို့၏နိုင်ငံတွင်း၌ပင် နိုင်ငံတော်၏ အရိပ်အာဝါသအောက်၌ လုံခြုံစွာဖြင့် အေးအေးချမ်းချမ်း လုပ်ကိုင်စားသောက်နိုင်ရေး မိမိတို့အနေဖြင့် ကြိုးပမ်းဖော်ဆောင်ပေးနိုင်ရမည်ဖြစ်ကြောင်း။

အခွန်ဆောင်မှုနှင့်ပတ်သက်၍ အခွန်ရှောင်မှုများမရှိစေရေး တာဝန်ရှိသူများအနေဖြင့် စနစ်တကျ စစ်ဆေးကြပ်မတ်ဆောင်ရွက်ရန်လိုကြောင်း၊ မြေများဈေးကစားမှုမရှိစေရေးနှင့် စနစ်တကျရှိစေရေး လယ်ယာမြေဥပဒေဖြင့် ကြပ်မတ်ဆောင်ရွက်နေရန်လိုကြောင်း၊ နိုင်ငံ့ဝင်ငွေတိုးတက်ရေးအတွက် ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများ မြင့်မားတိုးတက်စေရေး အားလုံးဝိုင်းဝန်းဆောင်ရွက်သွားရန်လိုကြောင်း၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးဆောင်ရွက်ရာတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ အားလုံးအနေဖြင့် အမှန်တကယ်အောင်မြင်မှုရှိစေရေး၊ နိုင်ငံတော်နှင့် ပြည်သူပြည်သားတို့၏ အကျိုးစီးပွားကို ဖော်ဆောင်ပေးနိုင်ရေး လက်တွေ့ကျကျဖြင့် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြစေလိုကြောင်းဖြင့် မှာကြားသည်။

ယင်းနောက် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် တိုင်းဥက္ကဋ္ဌများက ဒေသအလိုက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ ဒေသတည်ငြိမ်အေးချမ်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားလျက်ရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်းက စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည့် ဓာတ်မြေဩဇာများ တင်သွင်းပေးလျက်ရှိမှုကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးများက နိုင်ငံစီးပွားမြှင့်တင်ရေးအတွက် လုပ်ငန်းများဆောင်ရွက်လျက်ရှိမှု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး ကူညီဆောင်ရွက်ပေးလျက်ရှိမှု၊ ရင်းနှီးမြှုပ်နှံမှုချေးငွေများ ထုတ်ချေးပေးထားမှု၊ ရော်ဘာနှင့် ဆီအုန်းစိုက်ပျိုးထုတ်လုပ်မှုများ တိုးတက်စေရေး ဆောင်ရွက်လျက်ရှိမှု၊ စိုက်ပျိုးရေး သုတေသနလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ သမဝါယမအသင်းများ ဖွဲ့စည်းဆောင်ရွက်ပေးလျက်ရှိမှု၊ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ရေး ဆောင်ရွက်လျက်ရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များ လမ်းညွှန်မှာကြားပြီး နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် ကုန်သွယ်မှုနှင့်ပတ်သက်၍ တရားမဝင်ကုန်သွယ်မှုများ တိုက်ဖျက်ရေး ဆောင်ရွက်ရန်လိုကြောင်း၊ နယ်စပ်ကုန်သွယ်မှုများ၌ တရားမဝင်ကုန်သွယ်မှုများကြောင့် နိုင်ငံ့ဝင်ငွေများကို ထိခိုက်နစ်နာစေလျက်ရှိကြောင်း၊ ပြည်ပသို့ ကုန်သွယ်မှုများဆောင်ရွက်ရာတွင် တရားဥပဒေနှင့်အညီ မှန်မှန်ကန်ကန်ဖြင့် ဆောင်ရွက်ရန်လိုကြောင်း၊

စာမျက်နှာ ၁၉ သို့

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး မြန်မာ့မီးရထားစက်ခေါင်းသစ် တပ်ဆင်ထုတ်လုပ်ရေးစက်ရုံ(နေပြည်တော်) ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဩဂုတ် ၉**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးသည် ယနေ့တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ မြန်မာ့မီးရထား စက်ခေါင်းသစ် တပ်ဆင်ထုတ်လုပ်ရေးစက်ရုံ (နေပြည်တော်)သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ စက်ရုံအစည်းအဝေးခန်းမ၌ မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက စက်ရုံ၏ နောက်ခံသမိုင်းနှင့် ဒီဇယ်လျှပ်စစ်စက်ခေါင်းသစ်များ တပ်ဆင်ထုတ်လုပ်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက စက်ခေါင်းများ လက်ရှိသုံးစွဲနိုင်မှု၊ အနာဂတ်ရည်မှန်းချက်နှင့် စက်ခေါင်းများ ထပ်မံလိုအပ်မှုအခြေအနေတို့ကို ကြိုတင်မြော်တွေး၍ စက်ခေါင်းအမျိုးအစား၊ အရေအတွက်တို့ကို လက်တွေ့ကျစွာ လျာထားတပ်ဆင်ထုတ်လုပ်နိုင်ရန် စီမံဆောင်ရွက်ရေး၊ စက်ရုံကြီး၌ တပ်ဆင်ထားသော စက်ကိရိယာပစ္စည်းများ၊ ကျွမ်းကျင်ဝန်ထမ်းများ၏ အတွေ့အကြုံများကိုအသုံးချ၍ နောင်တွင် စက်ခေါင်းသစ် တပ်ဆင်တည်ဆောက်မှုလုပ်ငန်းများကို ကိုယ့်အားကိုယ်ကိုးဆောင်ရွက်နိုင်အောင်ကြိုးပမ်းရေး၊ ပစ္စည်းလိုအပ်ချက်အပေါ် ဆက်စပ်ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့်ဆက်သွယ်၍ ပြည်တွင်း၌ ထုတ်လုပ်၊ ဝယ်ယူရရှိနိုင်အောင် ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်၏ နိုင်ငံခြားငွေသုံးစွဲရမှုကို ချွေတာနိုင်စေရေး၊ ပစ္စည်းဝယ်ယူရေး တင်ဒါလုပ်ငန်းစဉ်များတွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ဂရုပြုဆောင်ရွက်ရေး၊ စက်ရုံ၏လုံခြုံရေး၊ ဝန်ထမ်းများ၏ လုံခြုံရေးကို အလေးအနက်ထား ဆောင်ရွက်ရေးတို့ကိုမှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နေပြည်တော်စက်ခေါင်းသစ် တပ်ဆင်ထုတ်လုပ်ရေး စက်ရုံအတွင်းရှိ စက်ခေါင်းသစ်အတွက် လိုအပ်သည့် ကိုယ်ထည်နှင့် ဘီးဘိုဂီအစိတ်အပိုင်းများ ထုတ်လုပ်နေမှု၊ တပ်ဆင်ထုတ်လုပ် ပြီးစီးနေပြီဖြစ်သည့် ဒီဇယ်လျှပ်စစ်စက်ခေါင်းသစ် DF-1273 နှင့် တပ်ဆင်ထုတ်လုပ်ဆဲ စက်ခေါင်းသစ်နှစ်ခုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း ရေဘေးသင့်ပြည်သူများကို တွေ့ဆုံအားပေးပြီး ထောက်ပံ့ပစ္စည်းများ ပေးအပ်

**ဘားအံ ဩဂုတ် ၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် အရှေ့တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဇော်မင်းအောင်၊ ကရင်ပြည်နယ် လူမှုရေးရာဝန်ကြီး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဘားအံမြို့ ရေဘေးကယ်ဆယ်ရေးစခန်းများတွင် ယာယီပြောင်းရွှေ့နေထိုင်လျက်ရှိသော ရေဘေးသင့်ပြည်သူများကို တွေ့ဆုံအားပေး၍ စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဘားအံမြို့ အနိမ့်ပိုင်းဖြစ်သော အမှတ်(၅)ရပ်ကွက် အောင်နန်း(၅)လမ်းသို့ သွားရောက်၍ မိုးသည်းထန်စွာရွာသွန်းသည့်အတွက် ချောင်းရေ၊ မြစ်ရေများ လျှံတက်ပြီး ရေကြီးရေလျှံမှုများဖြစ်ပွားကာ ဒေသခံပြည်သူများ၏ နေအိမ်များအတွင်း ရေများဝင်ရောက်နေမှု၊ သက်ဆိုင်ရာတာဝန်ရှိသူများက ဘေးလွတ်ရာ ကယ်ဆယ်ရေးစခန်းများသို့ ပြောင်းရွှေ့နေရာချထားပေးမှု အခြေအနေများကို လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဘားအံမြို့ အမှတ်(၅)ရပ်ကွက် Cyclone Shelter ရေဘေးကယ်ဆယ်ရေးစခန်းတွင် ယာယီပြောင်းရွှေ့နေထိုင်လျက်ရှိသော အိမ်ထောင်စု ၄၇ စု၊ လူဦးရေ ၁၉၂ ဦးကို တွေ့ဆုံ၍ အားပေးစကားပြောကြားပြီး ဆန်ရိက္ခာဖိုး ငွေကျပ် ၁၇၂၈၀၀၀ နှင့် ခေါက်ဆွဲခြောက်၊ ကြက်ဥ အစရှိသော စားသောက်ကုန်ပစ္စည်းများကို ထောက်ပံ့ပေးအပ်ကာ ရေဘေးကယ်ဆယ်ရေးစခန်း၌ ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးထားသည့်အခြေအနေ၊ ရေ၊ မီး၊ မိလ္လာ ပြည့်စုံလုံလောက်မှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများကို လိုအပ်သည်များမှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဘားအံမြို့ အမှတ်(၁) ရပ်ကွက် မိုးလုံလေလုံအားကစားခန်းမ ရေဘေးကယ်ဆယ်ရေးစခန်းတွင် ယာယီပြောင်းရွှေ့နေထိုင်သော ရေဘေးသင့်ပြည်သူများကို ရင်းရင်းနှီးနှီးတွေ့ဆုံအားပေးစကားပြောကြားပြီး အိမ်ထောင်စု ၁၄၇ စု၊ လူဦးရေ ၇၅၁ ဦးအတွက် ဆန်ရိက္ခာဖိုးငွေကျပ် ၆၇၅၉၀၀၀ နှင့် စားသောက်ကုန်များကို ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဘားအံမြို့ အမှတ်(၅)ရပ်ကွက် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း အားကစားခန်းမ ရေဘေးကယ်ဆယ်ရေးစခန်းတွင် ယာယီပြောင်းရွှေ့နေထိုင်သော ရေဘေးသင့်ပြည်သူများကို တွေ့ဆုံ၍ အားပေးစကားပြောကြားပြီး အိမ်ထောင်စု ၁၉၁ စု၊ လူဦးရေ ၉၆၈ ဦးအတွက် ဆန်ရိက္ခာဖိုး ငွေကျပ်



၈၇၁၂၀၀၀ နှင့် စားသောက်ကုန်ပစ္စည်းများကို ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဘားအံမြို့ ကျက်သရေဆောင်ရွှေယဉ်မျှော်ပြည်တော်ဧ စေတီတော် ပရိဝုဏ်အတွင်း ယာယီပြောင်းရွှေ့နေထိုင်သောရေဘေးသင့်ပြည်သူများနှင့်တွေ့ဆုံ၍ အားပေးစကားပြောကြားကာ အိမ်ထောင်စု ၉၈ စု၊ လူဦးရေ ၅၄၈ ဦးအတွက် ဆန်ရိက္ခာဖိုးငွေကျပ် ၄၉၃၂၀၀၀ နှင့် စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကော့ကရိတ်ခရိုင် ကော့ကရိတ်မြို့နယ် ကျုံဒိုးမြို့ အခြေခံပညာအထက်တန်းကျောင်း ရေဘေးကယ်ဆယ်ရေးစခန်းတွင် ပြောင်းရွှေ့နေထိုင်သော ရေဘေးသင့်ပြည်သူများကို တွေ့ဆုံ၍ အားပေးစကားများ ပြောကြားကာ အိမ်ထောင်စု ၁၂၀၊ လူဦးရေ ၅၁၆ ဦး အတွက် ဆန်ရိက္ခာဖိုး ငွေကျပ် ၄၆၄၄၀၀၀ နှင့် စားသောက်ကုန်ပစ္စည်းများကို ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ကျုံဒိုးမြို့ ဓမ္မသုခဘုန်းတော်ကြီးကျောင်း စတုဒိသာဆောင်တွင် ပြောင်းရွှေ့နေထိုင်သော ရေဘေးသင့်အိမ်ထောင်စု ၄၄ စု၊ လူဦးရေ ၁၉၈ ဦးအတွက် ဆန်ရိက္ခာဖိုး ငွေကျပ် ၁၇၈၂၀၀၀ နှင့် စားသောက်ကုန် ပစ္စည်းများကို ထောက်ပံ့ပေးအပ်သည်။

ပြည်ထောင်စုဝန်ကြီးသည် ဘားအံမြို့ ပေါ်ရှိ ရေဘေးကယ်ဆယ်စခန်း ကိုးခုမှ အိမ်ထောင်စု ၇၀၄ စု၊ လူဦးရေ ၃၄၇၀ အတွက် ဆန်ရိက္ခာဖိုး ငွေကျပ် ၃၁၂၃၀၀၀၀ နှင့် ငွေကျပ် ၂၂၆၂၁၄၀ တန်ဖိုးရှိ ခေါက်ဆွဲခြောက်နှင့် ကြက်ဥများ၊ ကျုံဒိုးမြို့ရှိ ရေဘေးကယ်ဆယ်ရေးစခန်း သုံးခုမှ အိမ်ထောင်စု ၁၇၂ စု၊ လူဦးရေ ၇၅၂ ဦးအတွက် ဆန်ရိက္ခာဖိုး ငွေကျပ် ၆၇၆၈၀၀၀ နှင့် ငွေကျပ် ၈၄၂၂၄၀ တန်ဖိုးရှိ ခေါက်ဆွဲခြောက်နှင့် ကြက်ဥများကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**စာမျက်နှာ ၁၈ မှအဆက်**

ဥပဒေကို ဖောက်ဖျက်ဆောင်ရွက်မှုများကို ဖော်ထုတ်အရေးသွားယူရန်လိုကြောင်း။

မိမိတို့နိုင်ငံ၏ ဆင်းရဲမှုရာခိုင်နှုန်းကိုလျှော့ချနိုင်ရေး ဆောင်ရွက်ရန်လိုကြောင်း၊ ကျေးလက်ဒေသတွင် နေထိုင်သူများပြားပြီး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အဓိကထားဆောင်ရွက်ကြကြောင်း၊ တစ်ဦးချင်းဝင်ငွေများပြားမှသာ ဆင်းရဲမှုကို လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် **တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဒေသစီးပွားရေးတိုးတက်စေရန်အတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ၊ ခရီးသွားလုပ်ငန်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများနှင့် စက်မှုကုန်ထုတ်လုပ်ငန်းများကို ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ကြစေလို**ကြောင်း၊ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် စာရင်းဇယားများ၌ တိုးတက်ခြင်းထက် လက်တွေ့တိုးတက်မှုရှိအောင် ဆောင်ရွက်ရန်လိုကြောင်း၊ ထို့ကြောင့် **နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် အရှိန်အဟုန်ဖြင့်ဆောင်ရွက်နိုင်ရန်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအားလုံးက ပိုင်းဝန်းတွန်းအားပေး ဆောင်ရွက်ကြရန်** လိုကြောင်း။

ပညာရေးနှင့်ပတ်သက်၍ ယခု ပညာသင်နှစ်တွင် ကျောင်းတက်ရောက်လျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများအားလုံး ပညာရေးဆုံးခန်းတိုင်သည်ထိ ပညာသင်ကြားနိုင်ရေး၊ တန်းစဉ်ကူးပြောင်းမှုများ တိုးတက်စေရေး၊ ကျောင်းနေရာခိုင်နှုန်းမြင့်မားလာရေး ပိုင်းဝန်းဆောင်ရွက်ရန်လိုကြောင်း၊ နိုင်ငံအတွက် လိုအပ်လျက်ရှိသည့် လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုနည်းပညာဘာသာရပ်များကိုသင်ကြားသည့် ကျောင်းသား၊ ကျောင်းသူများ တိုးတက်လာရေးဆောင်ရွက်ပေးရန်လိုကြောင်း၊ **မိမိတို့နိုင်ငံ၏ အနာဂတ်အတွက် ဗလငါးတန်နှင့်ပြည့်စုံသည့် လူငယ်များမွေးထုတ်ပေးနိုင်ရေး ဆရာ၊ ဆရာမများ သာမက မိဘများနှင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများအနေဖြင့်လည်း အလေးထား ဆောင်ရွက်ပေးကြစေလို**ကြောင်းဖြင့် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

➤ ➤ ➤

# မွန်ပြည်နယ်နှင့် သာပေါင်းမြို့နယ်အတွင်းရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကို တွေ့ဆုံ



အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် စိုးမင်း စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များကို တွေ့ဆုံအမှာစကား ပြောကြားစဉ်။

**နေပြည်တော် ဩဂုတ် ၉**

မွန်ပြည်နယ်အတွင်းရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား တွေ့ဆုံခြင်းကို ယနေ့တွင် အရှေ့တောင်တိုင်းစစ်ဌာနချုပ် အောင်ဆန်းခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်စိုးမင်းနှင့် တာဝန်ရှိသူများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။ ထို့နောက် တိုင်းမှူးက စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များကို စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူပြီး ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့သည်။

အလားတူ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်နိုင်က ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ်အတွင်းရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကို သာပေါင်းမြို့နယ် နယ်မြေခံတပ်ရင်းခန်းမ၌ သွားရောက်တွေ့ဆုံ အမှာစကားပြောကြားပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးကာ ဆန်၊ ဆီ၊ ဆား၊ ပဲ အမည်လေးမျိုးနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။ ယင်းနောက် တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများကို တိုင်းမှူးနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။



အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်နိုင် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ဆေးကုသပေးနေမှုကို ကြည့်ရှုအားပေးစဉ်။

# ပဲခူး-မော်လမြိုင် ရထားလမ်းပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရထားလမ်းရေကျော်သဖြင့် ရထားခရီးစဉ်များ ခေတ္တရပ်နားထားရ



**နေပြည်တော် ဩဂုတ် ၉**

မွန်ပြည်နယ်အတွင်း ယနေ့နံနက်ပိုင်းမှစတင်၍ မိုးသည်းထန်စွာရွာသွန်းပြီး တောင်ကျရေများအရှိန်အဟုန်ဖြင့် စီးဆင်းလာသောကြောင့် ဘီးလင်းမြို့နယ် ဒုံဝန်းဘူတာနှင့် နှင်းပုလဲဘူတာအကြား မေ ၁၅၀၀ ခန့် ရှည်လျားသောရထားလမ်းနေရာတွင် သံလမ်းအထက်နှစ်လက်မခန့် ရေကျော်မှုဖြစ်ပွားနေသဖြင့် လူစီးရထားများဖြတ်သန်းရာတွင် ဘေးအန္တရာယ်မဖြစ်ပေါ်စေရေးအတွက် ရန်ကုန်-မော်လမြိုင် လူစီးရထားခရီးစဉ် လေးခုကို ရပ်တန့်ထားရသည်။

အဆိုပါဖြစ်စဉ်ကြောင့် ရန်ကုန်မှထွက်ခွာလာသော အမှတ်(၈၁)အဆန်လူစီးအမြန်ရထားနှင့်အမှတ်(၈၉)အဆန် RBE အမြန်ရထားတို့သည် နှင်းပုလဲဘူတာ၌လည်းကောင်း၊ မော်လမြိုင်မှထွက်ခွာလာသော အမှတ်(၈၂)အစုန် လူစီးအမြန်ရထားသည် တောင်စွန်းဘူတာနှင့် အမှတ်(၉၀)အစုန် RBE အမြန်ရထားသည် ဒုံဝန်းဘူတာတို့တွင်လည်းကောင်း ယာယီရပ်တန့်၍ ရေပြန်လည်ကျဆင်းသည့်အချိန်ကို စောင့်ဆိုင်းလျက်ရှိသည်။

ယနေ့ညနေပိုင်းတွင် ရေများပြန်လည်ကျဆင်းလျက်ရှိသော်လည်း အဆိုပါနယ်မြေအတွင်း တံတား လေးခုတွင် ရေစီးဆင်းမှုပြင်းထန်လျက်ရှိသောကြောင့် မြန်မာ့မီးရထားမှတာဝန်ရှိသူများအနေဖြင့် ရထားလမ်းတစ်လျှောက် ရေတိုက်စားမှုများနှင့် တံတားများကြံ့ခိုင်ရေးကိုထိခိုက်မှု ရှိ၊ မရှိ စစ်ဆေးဆောင်ရွက်လျက်ရှိပြီး ပျက်စီးမှုများရှိပါက အချိန်နှင့်တစ်ပြေးညီ ပြင်ဆင်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်းနှင့် လုံခြုံစိတ်ချရမှုအခြေအနေပေါ်မူတည်၍ မူလခရီးစဉ်အတိုင်း ဆက်လက်ပြေးဆွဲနိုင်ရေး စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန မြေတိုင်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိန်မင်းကို ယင်းဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပြည်တွင်းပြည်ပ စေတနာရှင်ပြည်သူများက အလှူငွေများလှူဒါန်းနိုင်ရေး အသိပေးကြေညာ

၁။ မြန်မာနိုင်ငံတွင် မေ ၁၄ ရက်တွင်ဖြစ်ပွားခဲ့သည့် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင်ပြည်သူများအနေဖြင့် မြန်မာကျပ်ငွေစာရင်းအမှတ် OA-011834 နှင့် နိုင်ငံခြားငွေစာရင်းအမှတ် IDA- 0300086 သို့ ထည့်ဝင်လှူဒါန်းနိုင်ကြောင်း ကြေညာခဲ့ပါသည်။

၂။ ထိုသို့ ကြေညာရာတွင် အခြားသော အီလက်ထရောနစ်ငွေပေးချေမှုစနစ်နှင့် မိုဘိုင်းငွေပေးချေမှုစနစ်များဖြင့် လှူဒါန်းနိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ထပ်မံအသိပေးကြေညာသွားမည်ဟု ပါရှိပါသည်။

၃။ လှူဒါန်းရာတွင် ယခင်ကြေညာထားသည့် ဖုန်းနံပါတ်နှင့် ဖွင့်လှစ်ထားသည့် အကောင့်သို့ လှူဒါန်းမှုပြုနိုင်ရေးကြေညာထားပြီး ဖုန်းနံပါတ်ဖြင့် လှူဒါန်းမှုပြုလုပ်ခြင်းမှာ ရောထွေးနိုင်သဖြင့် ဖုန်းနံပါတ်အစား QR ဖြင့် လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီးဖြစ်ပါသည်။

၄။ KBZ Pay၊ Wave Money တို့ဖြင့် လှူဒါန်းနိုင်ပြီး လှူဒါန်းလိုပါက KBZ Pay၊ Wave Money တို့၏ QR ကို Scan ဖတ်ခြင်း၊ QR တွင် ပါဝင်သော ကုတ်နံပါတ်အားရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၅။ ယခုအခါ ပြည်သူများ လှူဒါန်းမှုပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေး ပြည်သူများအသုံးပြုမှုများပြားသည့် CB Pay၊ AYA Pay၊ OK S၊ UAB pay နှင့် Citizens Pay တို့ဖြင့်လည်း လှူဒါန်းနိုင်ရေးဆောင်ရွက်ထားပြီးဖြစ်သဖြင့် QR ကို Scan ဖတ်ခြင်း၊ QR တွင်ပါဝင်သော ကုတ်နံပါတ်ကိုရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၆။ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ပါသည်-

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| ဒေါ်လှဲ့လှဲ့အေး<br>ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၅၀<br>၀၉-၂၀၂၂၄၉၁ | ဦးသန်းစိုး<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု<br>ဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၂၅၀၁၂၃၈၈၅ | ဦးအေးမင်းသူ<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု<br>ဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၀၈၈၂၇ |
| ဦးဝင်းရွှေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၄၈<br>၀၉-၂၅၄၁၇၀၀၁၁ | ဒေါ်သန်းသန်းဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု<br>ဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၄၀၁၆၀ | |
| ဒေါ်ဖြူဖြူဝင်း<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၃၁၆<br>၀၉-၄၃၀၅၄၈၄၄ | | |

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**

# မြစ်ကြီးနားမြို့ မြစ်ကြီးနားလေတပ်စခန်းဌာနချုပ်အတွင်း တည်ထားကိုးကွယ်သော လေးကျွန်းရန်အောင် ကပ်ကျော်စေတီတော်မြတ်ကြီး ရွှေထီးတော်တင်လှူပူဇော်ခြင်းနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင် မဟာမင်္ဂလာအခမ်းအနား ကျင်းပပြုလုပ်



မြစ်ကြီးနားမြို့ မြစ်ကြီးနားလေတပ်စခန်းဌာနချုပ်အတွင်း တည်ထားကိုးကွယ်သော လေးကျွန်းရန်အောင် ကပ်ကျော်စေတီတော်မြတ်ကြီး ရွှေထီးတော်တင်လှူပူဇော်ခြင်းနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင် မဟာမင်္ဂလာအခမ်းအနား ကျင်းပပြုလုပ်စဉ်။

**နေပြည်တော် ဩဂုတ် ၉**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မြစ်ကြီးနား လေတပ်စခန်းဌာနချုပ်အတွင်း တည်ထားကိုးကွယ်သော လေးကျွန်းရန်အောင်ကပ်ကျော် စေတီတော်မြတ်ကြီး ရွှေထီးတော်တင်လှူပူဇော်ခြင်းနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင် မဟာမင်္ဂလာ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါ စေတီတော်မြတ်ကြီး၌ ပြုလုပ်ရာ မြစ်ကြီးနားမြို့ ဝန်းသိုကျောင်းတိုက် ပဓာန နာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကေတုမာလာ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင်နှင့် အဖွဲ့ဝင်များ၊အရာရှိ စစ်သည်၊ မိသားစုဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဝန်းသိုကျောင်းတိုက် ပဓာန နာယကဆရာတော်ထံမှ ကိုးပါးသီလခံယူဆောက်တည်ကြပြီး ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်ဘုံအဆင့်ဆင့်နှင့် လှူဖွယ်ပစ္စည်းများကို သံဃာတော်များထံ ဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဝန်းသိုကျောင်းတိုက်ပဓာနနာယကဆရာတော်ထံမှ ရေစက်ချအနုမောဒနာ တရားနာယူကာ ရေစက်သွန်းချအမျှပေးဝေကြပြီး သံဃာတော်များထံမှ ပရိတ်တရားတော်များ နာယူကြည်ညိုကြသည်။

ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်ဘုံအဆင့်ဆင့်တို့ကို ပင့်ဆောင်၍ စေတီတော်မြတ်ကြီးအား လက်ယာရစ်သုံးကြိမ်လှည့်လည်ပူဇော်ကြပြီး မင်္ဂလာရထားပျံဖြင့် စေတီတော်အထွတ်သို့ပင့်ဆောင်တင်လှူပူဇော်ကာ အမွှေးနံ့သာရည်များ ပက်ဖျန်းပူဇော်ကြသည်။

ဆက်လက်၍ သံဃာတော်များက စေတီတော်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင်၍ ဗုဒ္ဓါဘိသိက်သွန်းတော်မူကြသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက သံဃာတော်များအား နေ့ဆွမ်းဆက်ကပ် လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

# ပြင်ဦးလွင်မြို့နယ် ရပ်ကွက်ကြီး(၁၇)ရှိ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၉**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ရပ်ကွက်ကြီး(၁၇)ရှိ သာသနာ့နွယ်ဝင် သီလရှင်များနှင့် ဒေသခံပြည်သူများကို ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က အဆိုပါမြို့ရှိ ဗုဒ္ဓဓီတာသီလရှင်စာသင်တိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သာသနာ့နွယ်ဝင်သီလရှင် ၇၁ ပါးနှင့် ဒေသခံပြည်သူ ၇၃ ဦးတို့ကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ကလေးရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးခြင်း၊ ECG စက်ဖြင့် ရောဂါရှာဖွေစမ်းသပ်ခြင်း၊ သွေးဖောက်၍ ဆီးချိုသွေးချိုစစ်ဆေးခြင်းနှင့် သွေးအုပ်စုများ စစ်ဆေးပေးခြင်းတို့ကိုဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သူများကို နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို ပြင်ဦးလွင်တပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ သာသနာ့နွယ်ဝင် သီလရှင်များအား ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို တာဝန်ရှိသူများက ကြည့်ရှုအားပေးစဉ်။

# ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများကို ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များ၊ စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ

**နေပြည်တော် ဩဂုတ် ၉**

ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် မုန်တိုင်းဒဏ်သင့်ဒေသခံပြည်သူများနှင့်ဌာနဆိုင်ရာဝန်ထမ်းများ၏ စားသောက်ရေးအဆင်ပြေစေရန်နှင့် မိမိတို့အလိုရှိရာ စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက နေ့စဉ်ရောင်းချပေးလျက်ရှိသည်။

ယနေ့တွင်လည်း စစ်တွေမြို့ ဦးဥတ္တမပန်းခြံ၌ ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် တပ်မတော်စက်ရုံများနှင့် မြန်မာစီးပွားရေးကော်ပိုရေးရှင်းတို့မှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် စည်သွတ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မျှစ်စားတော်ပဲဘူး၊ ကြက်သားအာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငါးပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူး စသည့်စားသောက်ကုန်များ၊ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်အရောင်းဆိုင်များ၏ စားကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက်သက်သာသောဈေးနှုန်းများဖြင့် ဆက်လက်ရောင်းချပေးလျက်ရှိသည်။



စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများကို ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များ၊ စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးစဉ်။

ထိုသို့ ရောင်းချပေးလျက်ရှိရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းမိသားစုများက တစ်ခဲနက်ဝယ်ယူအားပေးကြကြောင်းနှင့် ယခုကဲ့သို့ စားရေးအခက်အခဲဖြစ်ပေါ်နေချိန်တွင် သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများကို အထူးပင်ကျေးဇူးတင်ရှိကြောင်း သတင်းရရှိသည်။

# လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိ

**နေပြည်တော် ဩဂုတ် ၉**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ခွင့်ပြုချက်ဖြင့် N.P.K Motors Co.,Ltd. က တင်သွင်းလာသော MG,MG ZS EV အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ် ရှစ်စီး၊MG,MG4 အမျိုးအစားလျှပ်စစ်သုံးမော်တော်ယာဉ် ၂၃စီးနှင့် Myanmar ArrThit Man MotorCo.,Ltd. က တင်သွင်းလာသော ChanganBenni E-Star အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ် အစီး ၅၀ စုစုပေါင်း လျှပ်စစ်သုံးမော်တော်ယာဉ် ၈၁ စီးသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာရာ ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်းနှင့် အဆိုပါလျှပ်စစ်သုံးမော်တော်ယာဉ်များ တင်သွင်းမှုအတွက် အကောက်ခွန် ကင်းလွတ်ခွင့်ပြုထားကြောင်းသိရသည်။ **(သတင်းစဉ်)**



# ဩဂုတ် ၉ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ခုနစ်ဦးတွေ့ရှိ

**နေပြည်တော် ဩဂုတ် ၉**

ဩဂုတ် ၈ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၄၇၀၂ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲ အတည်ပြုလူနာသစ် ခုနစ်ဦးတွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

**ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ**

| | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၄၁၁၀၇ ဦး |
| သေဆုံးသူ | ၁၉၄၉၄ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၁၉၉၁၂ ဦး |

# NUG၊ CRPH တို့၏လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သမားများ၏ မတရားအနိုင်ကျင့်ဖမ်းဆီးချုပ်နှောင်ထားသူများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ကောင်းမွန်စွာ ပြန်လည်ကယ်တင်နိုင်

NUG၊ CRPH တို့၏လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများ၏ မတရားအနိုင်ကျင့်ဖမ်းဆီးချုပ်နှောင်ထားသူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ကောင်းမွန်စွာ ပြန်လည်ကယ်တင်နိုင်ခဲ့သည့် နေရာပြမြေပုံ




**နေပြည်တော် ဩဂုတ် ၉**

NUG၊ CRPH တို့၏လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သမားများက စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မြို့ရွာများမှ မတရားအနိုင်ကျင့် ဖမ်းဆီးချုပ်နှောင်ထားသော နိုင်ငံ့ဝန်ထမ်းနှင့် ကျေးရွာသူ၊ ကျေးရွာသားစုစုပေါင်း ဦးရေ ၃၀ ကို ယနေ့နံနက်ပိုင်းတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ခင်ဦးမြို့နယ် ရွာသန်းကျေးရွာရှိ နေအိမ် နှစ်လုံးအတွင်းမှ ကောင်းမွန်စွာ ပြန်လည်ကယ်တင်နိုင်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် ဘုန်းကုန်းကျေးရွာ၏ အနောက်ဘက် နှစ်မိုင်ခန့်အကွာ လယ်တွင်းများ၌ စပါးစိုက်ပျိုးနေကြသည့် ဒေသခံပြည်သူ ၂၁ ဦးနှင့် နွား၊ သိုး၊ ဆိတ်နှင့် လှည်းများကို ဩဂုတ် ၅ ရက် ညနေ ၄ နာရီခွဲခန့်တွင် PDF အမည်ခံအကြမ်းဖက်သမားများက အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်သွားပြီး အဆိုပါ ကျေးရွာသူ၊ ကျေးရွာသားများအား ငွေကြေးဖြင့် လာရောက်ရွေးရန် အတင်းအဓမ္မခြိမ်းခြောက်ခြင်းများ လုပ်ဆောင်လျက်ရှိသဖြင့် ဒေသခံပြည်သူများက ဖမ်းဆီးခံကျေးရွာသူ၊ ကျေးရွာသားများကို ပြန်လည်ကယ်တင်ပေးရန် နယ်မြေခံတပ်သို့ လာရောက် အကူအညီတောင်းခံခဲ့သည်။

ထိုသို့ ဒေသခံပြည်သူများ၏ လာရောက် အကူအညီတောင်းခံမှုအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက မြေပြင်သတင်းဖော်ထုတ်၍ ယနေ့နံနက် ၁ နာရီခန့်တွင် PDF အမည်ခံအကြမ်းဖက်သမားများ ယာယီအခြေပြုနေထိုင်သည့် ခင်ဦးမြို့နယ် ရွာသန်းကျေးရွာသို့ ဝင်ရောက်စီးနင်းရှာဖွေကယ်ဆယ်ခြင်းများ ဆောင်ရွက်ခဲ့ရာ နံနက် ၅ နာရီ ၁၀ မိနစ်ခန့်တွင် အကြမ်းဖက်သမားများ ဖမ်းဆီးထားသော ဘုန်းကုန်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ အပြစ်မဲ့ဒေသခံပြည်သူ ၂၉ ဦးနှင့် မီးသတ်ဝန်ထမ်း တစ်ဦးစုစုပေါင်း ဦးရေ ၃၀ တို့ကို ကယ်ဆယ်နိုင်ခဲ့ပြီး PDF အမည်ခံအကြမ်းဖက်သမားများထံမှ လက်လုပ်စိန်ပြောင်းသုံးလက်၊ လက်လုပ်ဖုံးသီး ၄၂ လုံး၊ လက်လုပ်ရှော့တိုက်ဒုံး ၁၂ လုံး၊ လက်လုပ်သေနတ်လေးလက်၊ မိုင်းမျိုးစုံ ၁၆ လုံးနှင့် ဆက်စပ်ပစ္စည်းများ ဖမ်းဆီးရမိခဲ့သည်။

PDF အမည်ခံအကြမ်းဖက်သမားများ ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည့် ကျေးရွာသူ၊ ကျေးရွာသားများ၏ ရင်တွင်းစကားသံများကို ယခုလိုကြားသိခဲ့ရပါသည်-

ကျွန်တော်တို့ ဩဂုတ် ၅ ရက်နေ့မှာ PDF အကြမ်းဖက်သမားများက ကျွန်တော်တို့တောင်သူတွေ၊ နွားကျောင်းသားတွေ၊ လယ်ယာလုပ်ကိုင်သူတွေကို လူ ၂၀၊ ၂၅ လောက် ကျွန်တော်တို့ရွာရဲ့ အနောက်ဘက်မှာ လာရောက်ပြီးတော့ ပျိုးနုတ်သမားများကို ဖမ်းဆီးခဲ့တယ်။ နောက် နွားကျောင်းသားများ၊ ဆိတ်ကျောင်းသားများကိုလည်း ဖမ်းဆီးခဲ့တယ်။ ကျွန်တော်ဟာ ဦးပေါ်ဖြစ်တဲ့အတွက် ကျွန်တော့် ငါးကန်နဲ့ ကျွန်တော့် နွားအုပ်များကိုကျောင်းနေတဲ့အချိန်မှာ ကျွန်တော်တို့ရွာက လူတွေကို လှည်းနွားက ငါးစီး၊ နွားထီး ဆယ်ကောင်ပေါ့ဗျာ။ အဲ့အချိန်မှာ သူတို့က မောင်းလာပြီး ကျွန်တော်က ကြည့်လိုက်တဲ့အချိန် ကျွန်တော်တို့ သားအဖနှစ်ယောက်ကိုပါ လှည်းပေါ်တက် မင်းတို့ဆိုပြီး သူတို့က အကုန်လုံး ဖမ်းဆီးခေါ်ဆောင်သွားပါတယ်။ ခေါ်ဆောင်သွားတဲ့အချိန်မှာ နွားတွေကို အတင်းရိုက်မောင်းခိုင်းပြီး လှည်းတွေပေါ် ကျွန်တော်တို့တက်ခိုင်း၊ ကြိုးတုပ်အဲ့လိုလုပ်ခဲ့တဲ့အချိန်မှာ ကျွန်တော်တို့ဟိုဘက်ရောက်တဲ့အချိန်မှာ ကျွန်တော်တို့တင်လားလို့ တွက်ကြည့်လိုက်တော့ အင်အားက လူတွေကို ၂၁ ယောက် ဖြစ်သွားတယ်။ ဟ-- ဒီလူတွေရော ငါတို့ရွာကပါလားလို့ အဲ့ဒီအချိန်မှာ ကျွန်တော် နွားအုပ်ကလည်း အကုန် ၇၀ နီးပါးလောက်ရှိပါတယ်။ အဲ့ဒီအချိန်မှာ သိုး၊ဆိတ်သမားက အကောင် ၃၀၀ ကျော်ဖြစ်သွားတယ်။ ဖြစ်တဲ့အချိန်မှာ ကျွန်တော်တို့ကို မျက်စိတွေ ပဝါတွေစည်း လှည်းတွေနဲ့ အတင်းမောင်း ကျွန်တော်တို့ သူတို့ဘက်နီးလာတဲ့ အချိန်ကြမှ ကျွန်တော်တို့မျက်စိတွေကို ပဝါနဲ့စည်းပြီးတော့ ဘယ်ရွာဆိုတာ အစတုန်းက ခေါ်သွားမှန်း ကျွန်တော်တို့လည်း မသိခဲ့ဘူး။ ဟိုဆီရောက်တဲ့အချိန်မှာ ကျွန်တော်တို့ထားတဲ့ ရွာဘေးမှာတိုက် တစ်တိုက်ထဲမှာ ထည့်လိုက်တဲ့အချိန်မှာ ကျွန်တော်တို့က အဲ့အချိန်မှာ ပဝါတွေကို ဖွင့်တဲ့ အချိန်မှာ မျက်စိတွေက တစ်နာရီ နှစ်နာရီထက်မက ပိတ်ထားတဲ့ အချိန်မှာ ကျွန်တော်တို့ ပြာနေတဲ့အချိန်မှာ မသိဘူး။ နောက်ကျမှ ဘယ်သူဘယ်ဝါကြည့်လိုက်တော့ ဒါတွေလဲ ငါ့ရွာကပါလား။ အဲ့ချိန်မှာ သူတို့က PDF အကြမ်းဖက်တွေကနေပြီးတော့ ခင်များတို့ ထွက်မပြေးနဲ့ ထွက်ပြေးလိုက်ရင် ခင်ဗျားတို့ အကုန်ပစ်သတ်မှာ ခင်ဗျားတို့လမ်းကတည်းက သူတို့က ကြိမ်းခဲ့တယ်။ ကြိမ်းခဲ့တဲ့အချိန်မှာ ဩော် ကိုယ်ကတော့ မိသွားပြီဆိုတော့ ကျွန်တော်တို့ကတော့ ငါတို့ကတော့ သေလူပဲ။ ဒီအချိန်မှာ သူတို့သတ်ရင် သေရမှာဆိုတဲ့ အတွေးနဲ့ သူတို့ကို ကျွန်တော်တို့က ပြန်မပြောဘဲ ဒီအတိုင်းပဲနေခဲ့ရတယ်။ နေတဲ့အချိန်မှာ အဲ့ဒီအချိန်ကြမှ ဒီတစ်ယောက်ချင်းကို ခင်ဗျားတို့ထွက်ပြေး တစ်ယောက်ချင်း ထွက်ပြေးခိုင်းတယ်။ မပြေးရဲဘူး ကျွန်တော်တို့လည်း ဒီလူတွေဟာ သေအတူ ရှင်အတူနေမယ်ဆိုပြီး ကျွန်တော်တို့လည်းနေခဲ့တယ်။ နေခဲ့တဲ့အချိန်မှာ ကျွန်တော်တို့ ကြားဖူးနားဝရှိထားတယ်။မင်းတို့ ခင်ဗျားတို့ပိုက်ဆံပေး။ ခင်ဗျားတို့ပြန်ချင်ရင် ပိုက်ဆံနဲ့ ရွေးခိုင်းရမယ်။ အဲ့ဒီအချိန်မှာ ကျွန်တော်တို့က ပိုက်ဆံနဲ့လည်း ရွေးစရာမရှိတော့ဘူး။ နွားတွေ ဘာတွေကလည်းပါနေတဲ့အချိန်မှာ ကျွန်တော်တို့က အဲ့ဒီပိုက်ဆံရွေးခိုင်းတဲ့အချိန်ဘေးမှာလည်း ကြားထားတယ်။ တစ်ရွာတွေက မိလာတဲ့လူတွေကို PDF အကြမ်းဖက်တွေကနေပြီးမှ ပိုက်ဆံတောင်း



တယ်။ ပိုက်ဆံမပေးရင် သတ်ပစ်တယ်။ သတ်ပစ်တဲ့အပြင် ဘာတွေလုပ်လဲဆိုရင် ကျွန်တော်တို့က ကြားထားတာ မူးချောင်းထဲမှာ ရေမျောတယ် ဇက်ဖြတ်တယ်။ကျွန်တော်တို့ကိုယ်တွေ့ကို မြင်နေရတာ ကန်တော်အတွင်းထဲမှာ တွေ့တယ်။ တွေ့နေတဲ့ အချိန်မှာ ကျွန်တော်တို့က မပြောရဲတဲ့အတွက် ကျွန်တော်တို့က ဒီအတိုင်းပဲ နေလိုက်တယ်။ အဲ့အချိန်မှာ ကျွန်တော်တို့လို ဘေးရွာကလည်း ချုပ်နှောင်ထားတဲ့သူ အဲ့အထဲမှာရှိပါတယ်။ ရှိတဲ့အချိန် ကျွန်တော်တို့ လူ ၂၁ ယောက်က အခုချိန်မှာ ၉ ရက် ၈ လ ၂၀၂၃ ချိန်မှာ ၃ ၅ နာရီလောက်မှာ သေနတ်သံတွေက ကြားရော ကြားတဲ့အချိန်မှာ ကျွန်တော်တို့ကလည်း ဝပ်နေရတယ်။ ဝပ်နေတဲ့အချိန်မှာ ကျွန်တော်တို့ လူတစ်ယောက်က ကျွန်တော်တို့ရွာသားတစ်ယောက်က ပျောက်သွား။ ပျောက်တဲ့အချိန်မှာ နောက်ကျွန်တော်တို့က ကြည့်လိုက်တဲ့အချိန်မှာ ဟ- ဒီဟာတော့ ကယ်ဆယ်ရေးတွေလာတာပဲ ဟော့ကောင်းတွေ ထွက်ခဲ့ မင်းတို့ကို ငါတို့လာကယ်တယ် မင်းတို့ကို ဘာလုပ်မယ့်သူမဟုတ်ဘူး။ ညာလုပ်မယ့်သူမဟုတ်ဘူးဆိုတော့ ကျွန်တော်ပြည်သူ့တပ်မတော်သားတွေကို အထူးပဲကျေးဇူးတင်တယ်။ ကျွန်တော်တို့က ကျွန်တော်တို့ကို ဒီလိုအသက်ရှင်စွာနဲ့ ကယ်ထုတ်ခဲ့တဲ့အတွက် ကျွန်တော် နိုင်ငံတော်ကာကွယ်စောင့်ရှောက်နေတဲ့ ပြည်သူ့တပ်မတော်သားများနဲ့ ကျွန်တော် အကုန်ဝမ်းသာလွန်းလို့ အခုချိန်ထိအသက်ရှင်ရှင်နဲ့ ကျွန်တော် ရောက်လာတဲ့အတွက် ကျွန်တော် အထူးပဲဝမ်းလည်းသာပါတယ်။ ဝမ်းလည်းနည်းတယ်။ ကျွန်တော့်ရွာသားတွေကို ဒီလိုလုပ်နေတဲ့အတွက်ကျွန်တော်ခံစားရလွန်းလို့ ကျွန်တော်ရင်ဖွင့်တာပါဗျာ။ ကျွန်တော် ဒါပါပဲဗျာ။

အကြမ်းဖက်သမားများ အနေဖြင့် ယခုကဲ့သို့ ရိုးသားစွာနေထိုင်လုပ်ကိုင်စားသောက်လျက်ရှိသော အပြစ်မဲ့ကျေးရွာသူ၊ ကျေးရွာသားများကို အတင်းချုပ်နှောင်ဖမ်းဆီးခြင်း၊ နိုင်ငံ့ဝန်ထမ်းများကို အကျပ်ကိုင်ခြိမ်းခြောက် ချုပ်နှောင်ခြင်းများသည် ဂျီနီဗာကွန်ဗင်းရှင်းများနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေတို့အရ စစ်ရာဇဝတ်မှု (War Crime) ကျူးလွန်ရာရောက်ပြီး အဆိုပါ စစ်ရာဇဝတ်မှုများအတွက် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ၊ ရာဇသတ်ကြီးနှင့် သက်ဆိုင်ရာ တည်ဆဲဥပဒေများဖြင့် ၎င်းတို့အပေါ် ထိရောက်စွာ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက အကြမ်းဖက်ချေမှုန်းရေးဆောင်ရွက်မှု (Counter-terrorism Action) ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် အများပြည်သူများအနေဖြင့် အကြမ်းဖက်အဖွဲ့၏ လှုပ်ရှားမှုသတင်းများ ရရှိက လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လျှို့ဝှက်စွာသတင်းပေးတိုင်ကြားရန် အသိပေး ထုတ်ပြန်ထားကြောင်း သတင်းရရှိသည်။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဩဂုတ် ၉**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကိုအကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဩဂုတ် ၈ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "Ye Min Hein" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မကွေးတိုင်းဒေသကြီး မကွေးမြို့ ရွာသစ်ရပ်နေ ရဲမင်းဟိန်းကို ည ၆ နာရီ မိနစ် ၄၀ တွင် မကွေးနယ်မြေ ရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေး သတင်းထုတ်ပြန်အပ်ပါသည်။

# အမေရိကန်နိုင်ငံတွင် မုန်တိုင်းတိုက်ခတ်ခဲ့ပြီး သစ်ပင်ကြီးများလဲကျကာ လျှပ်စစ်မီးပြတ်တောက်မှုဖြစ်ပွား



**ဝါရှင်တန် ဩဂုတ် ၉**

အမေရိကန်နိုင်ငံ အရှေ့ပိုင်း ပြည်နယ်များသို့ ဩဂုတ် ၇ ရက်မှစ၍ ပြင်းထန်သောမုန်တိုင်း ဝင်ရောက်တိုက်ခတ်ခဲ့ပြီး ပြည်နယ်အများအပြားတွင် မိုးသီးကြွေကျခြင်း၊ သစ်ပင်ကြီးများလဲပြိုခြင်းနှင့် လျှပ်စစ်ဓာတ်အားလိုင်းပြတ်တောက်ခြင်းများ ဖြစ်ပွားလျက်ရှိကြောင်း အမေရိကန်မိုးလေဝသဌာနမှ ဩဂုတ် ၈ ရက် ထုတ်ပြန်သော သတင်းများကို ကိုးကား၍ NPR သတင်းဌာနက ဩဂုတ် ၈ ရက်တွင် ရေးသားဖော်ပြထားသည်။

နိုင်ငံ၏ သုံးပုံတစ်ပုံခန့်ရှိသော ပြည်နယ်အများအပြားတွင် လေပြင်းတိုက်ခတ်ခြင်းများ၊ မိုးသည်းထန်စွာရွာသွန်းခြင်းများနှင့်သစ်ပင်များလဲပြိုခြင်းများကြောင့် လူနှစ်ဦးသေဆုံးပြီး လူသန်းနှင့်ချီ၍ လျှပ်စစ်မီးများ ပြတ်တောက်လျက်ရှိသည့်အပြင် နိုင်ငံအတွင်းရှိ အဓိကလေဆိပ်ကိုးခု၏ လေကြောင်းခရီးစဉ်များကိုလည်း ရပ်နားထားရကြောင်း သိရသည်။

သေဆုံးသူနှစ်ဦးအနက် တစ်ဦးမှာ တောင်ကာရိုလိုင်းနားပြည်နယ် အန်ဒါဆန်မြို့မှ ၁၅ နှစ်အရွယ် ကလေးတစ်ဦးဖြစ်ပြီး သစ်ပင်ကြီးများလဲပြိုမှုကြောင့် ပိမိသေဆုံးခဲ့ခြင်းဖြစ်ကာ အခြားတစ်ဦးမှာ ဖလော်ရင့်မြို့မှ အသက် ၂၈ နှစ်အရွယ် အမျိုးသားတစ်ဦးဖြစ်ပြီး မိုးကြိုးထိမှန်၍ သေဆုံးခဲ့ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့က အတည်ပြုခဲ့သည်။

အင်ဒီယားနားပြည်နယ်နှင့်နယူးယောက်ပြည်နယ်တို့တွင် လေဆင်နှာမောင်းဝင်ရောက်တိုက်ခတ်ခဲ့ပြီး ထိခိုက်ပျက်စီးမှုများ ဖြစ်ပွားခဲ့ကြောင်း၊ နယူးယောက်ပြည်နယ်နှင့် ပင်ဆယ်ဗေးနီးယားပြည်နယ်တို့တွင် ဩဂုတ် ၈ ရက်က လေတိုက်နှုန်း တစ်နာရီလျှင် မိုင် ၇၀ ထိ တိုက်ခတ်ခဲ့ရာ နယူးယောက်မြို့ကမ်းခြေဒေသများကို မြစ်ရေကြီးမှုသတိပေးချက်တစ်ရပ် ထုတ်ပြန်ထားရကြောင်း သိရသည်။

AZH

# အမေဇုန်သစ်တောထိန်းသိမ်းရေးအတွက် ဆက်စပ်နိုင်ငံရှစ်နိုင်ငံမှ ခေါင်းဆောင်များ ထိပ်သီးအစည်းအဝေး ကျင်းပ

**ဘရာဇီးလီးယား ဩဂုတ် ၉**

အမေဇုန်မိုးသစ်တော ထိန်းသိမ်းရေးအတွက် သစ်တောနှင့် ထိစပ်နေသော တောင်အမေရိကနိုင်ငံ ရှစ်နိုင်ငံမှ ခေါင်းဆောင်များသည် ဩဂုတ် ၈ ရက်မှစ၍ နှစ်ရက်တာ ထိပ်သီးအစည်းအဝေးကို ကျင်းပလျက်ရှိကြောင်း ဘရာဇီးအစိုးရက ဩဂုတ် ၈ ရက်ထုတ်ပြန်သောသတင်းများကို ကိုးကား၍ VOA သတင်းဌာနက ဩဂုတ် ၈ ရက်တွင် ရေးသားဖော်ပြထားသည်။

မကြာသေးမီ ဆယ်စုနှစ်များအတွင်း စည်းကမ်းမဲ့ ကျွဲ၊ နွားမွေးမြူရေးလုပ်ငန်းများ၊ တရားမဝင် သတ္တုတူးဖော်ခြင်း၊ သစ်ထုတ်လုပ်ခြင်းနှင့် ရေနံတူးဖော်ခြင်းလုပ်ငန်းများကြောင့် မိုးသစ်တော၏ ၁၀ ရာခိုင်နှုန်းကျော် ထိခိုက်ဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ကြောင်း၊ အဆိုပါဆုံးရှုံးမှုများကို ထိန်းသိမ်းရန် ယခုထိပ်သီးအစည်းအဝေးကို ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

အမေဇုန်ဒေသသည် ကာဗွန်ဓာတ်ငွေ့ထုတ်လွှတ်မှုကို လျှော့ချပေးနိုင်သော သဘာဝအရင်းအမြစ်တစ်ခုအဖြစ် သိပ္ပံပညာရှင်များက ပြောကြားထားရာ သစ်တောဆုံးရှုံးမှုအများစုသည် သစ်တောဧရိယာသုံးပုံနှစ်ပုံနှင့်ဆက်စပ်လျက်ရှိသော ဘရာဇီးနိုင်ငံတွင် အများဆုံးဖြစ်ပေါ်လျက်ရှိပြီး အဆိုပါပျက်စီးမှုများကြောင့် ဓာတ်ငွေ့ထုတ်လွှတ်မှုလျှော့ချရေးတွင် ထိခိုက်လာနိုင်ကြောင်း သိရသည်။

ကမ္ဘာမြေ၏ ဇီဝမျိုးစုံမျိုးကွဲများ၏ ၁၀ ရာခိုင်နှုန်းခန့်၊ လူသန်းပေါင်း ၅၀ နှင့် သစ်ပင်ပေါင်း ဘီလီယံရာနှင့်ချီ၍ ရှိနေသည့် ကြီးမားကျယ်ပြန့်သော အဆိုပါဒေသကို ထိန်းသိမ်းစောင့်ရှောက်ရေးနှင့်ပတ်သက်၍ ဘုံသဘောတူညီချက်များချမှတ်နိုင်ရေး ရာနှင့် ချီသောသဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးသမားများ၊ တက်ကြွလှုပ်ရှားသူများနှင့် ဒေသခံတိုင်းရင်းသားများက ထိပ်သီးအစည်းအဝေးကျင်းပရာ ဘရာဇီးနိုင်ငံ ဘယ်လန်မြို့တွင် စုဝေး၍ တောင်းဆိုမှုများပြုလုပ်လျက်ရှိကြောင်း သိရသည်။

အဆိုပါထိပ်သီးအစည်းအဝေးပွဲတွင် အမေဇုန်သစ်တောပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ အဖွဲ့ဝင်နိုင်ငံများဖြစ်သော ဘိုလီးဗီးယားနိုင်ငံ၊ ကိုလံဘီယာနိုင်ငံ၊ အီကွေဒေါနိုင်ငံ၊ ဂိုင်ယာနာနိုင်ငံ၊ ပီရူးနိုင်ငံ၊ ဆူရီနမ်နိုင်ငံ၊ ဗင်နီဇွဲလားနိုင်ငံနှင့် အိမ်ရှင်ဘရာဇီးနိုင်ငံတို့မှ နိုင်ငံခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များ တက်ရောက်လျက်ရှိကြောင်း သိရသည်။

AZH

# အင်ဒိုနီးရှားနိုင်ငံ ဂရိုဘိုဂန်နယ်မြေတွင် အယ်လ်နီညိုရာသီဥတုကြောင့် သောက်သုံးရေပြတ်လပ်မှုဖြစ်ပွား

**ဂျကာတာ ဩဂုတ် ၉**

အင်ဒိုနီးရှားနိုင်ငံ အလယ်ပိုင်း ဂျာဗားစီရင်စု ဂရိုဘိုဂန်နယ်မြေတွင် တည်ရှိသည့် ဆူနာဒီကျေးလက်ဒေသတွင် ပြီးခဲ့သော ဧပြီလမှစ၍ အယ်လ်နီညို ရာသီဥတုကြောင့် မိုးခေါင်ရေရှားပါးမှုဖြစ်ပွားနေပြီး မိုးခေါင်သည့် ပြဿနာမှာလည်း ကာလရှည်ကြာနေပြီ ဖြစ်သည့်အတွက် ကျေးလက်ဒေသခံများအနေဖြင့် သောက်သုံးရေပြတ်လပ်မှုဖြင့် ရင်ဆိုင်နေရကြောင်း ဂရိုဘိုဂန်နယ်မြေ အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု Asahi သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

ကျေးလက်ဒေသခံပြည်သူများမှာ သောက်သုံးရေရရှိရေးအတွက် ရေအနည်းငယ်သာ ကျန်ရစ်တော့သည့် မြစ်ကြမ်းပြင်တွင် သေးငယ်သောတွင်းများတူးကာ ၎င်းတွင်းများမှ ရေများကို ခပ်ယူကာ သောက်သုံးရေပြဿနာကို ဖြေရှင်းနေရကြောင်း၊ ရေခန်းခြောက်နေသည့်မြစ်အတွင်း မြစ်ကြမ်းပြင်တွင် တွင်းငယ်များတူးဖော်ပါက ရေအနည်းငယ် ရရှိသည့်အတွက် ဒေသခံများမှာ မြစ်ကြမ်းပြင်တွင် တွင်းငယ်များတူးဖော်ကာ သောက်သုံးရေယူနေရသည်ကို အာဏာပိုင်အဖွဲ့အစည်းက သိသော်လည်း ထိရောက်သည့်ကူညီမှုများ ဆောင်ရွက်ပေးနိုင်ခြင်းမရှိသည့် အခြေအနေဖြစ်ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ ဧပြီလကတည်းက မိုးခေါင်ရေရှားပါးတဲ့ ပြဿနာနဲ့ ရင်ဆိုင်နေရတာပါ။ အစောပိုင်းကတော့ ဒီပြဿနာကိုဖြေရှင်းဖို့အဆင်ပြေသေးတယ်။ အခုနောက်ပိုင်းမှာတော့ သောက်သုံးရေပြတ်လပ်တဲ့ထိ ဖြစ်လာတယ်။ ခန်းခြောက်နေတဲ့ မြစ်အတွင်း မြစ်ကြမ်းပြင်မှာ တွင်းငယ်လေးတွေ သွားတူးတယ်။ တစ်နာရီ၊ နှစ်နာရီလောက်ထိ စောင့်ပြီးရင် မြစ်ကြမ်းပြင်မှာ တူးထားတဲ့ တွင်းငယ်တွေမှာ နောက်ကျိပြီး ဆားငန်ဓာတ်ပါတဲ့ ရေတွေ ထွက်လာတယ်။ အဲဒီရေတွေကို ခပ်ယူပြီးတော့ သောက်သုံးရေ ခက်ခဲတဲ့ပြဿနာကို ဖြေရှင်းနေရပါတယ်"ဟု ဒေသခံတစ်ဦးက ပြောကြားခဲ့သည်။

**နိုင်းဆက်**



# တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့တွင် အပူလှိုင်းဖြတ်သန်းကာ အပူချိန်မြင့်တက်မှုကြောင့် ရေလှောင်တမံများတွင် ရေပမာဏကျဆင်း

**အစ္စတန်ဘူလ် ဩဂုတ် ၉**

တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့တွင် အပူလှိုင်းဖြတ်သန်းကာ အပူချိန်မြင့်တက်ခြင်း၊ မိုးရွာသွန်းမှုမရှိခြင်းတို့ကြောင့် ရေလှောင်တမံများတွင် ရေပမာဏကျဆင်းနေကြောင်း အစ္စတန်ဘူလ် ရေနှင့် မိလ္လာစနစ် စီမံအုပ်ချုပ်ရေးအဖွဲ့ (ISKI) က ထုတ်ပြန်ခဲ့သည်ဟု Hurriyet သတင်းဌာနက ဩဂုတ် ၈ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အစ္စတန်ဘူလ်မြို့တွင်ရှိသော ရေလှောင်တမံများတွင် ကိုးနှစ်အတွင်း ရေပမာဏအဆိုးရွားဆုံးကျဆင်းမှုပြဿနာဖြင့် ရင်ဆိုင်နေရသည့်အတွက် သောက်သုံးရေဖြန့်ဝေရေးစနစ်များကို ကန့်သတ်ထိန်းချုပ်မှုများ ပြုလုပ်ရမည်ဖြစ်ကြောင်း အစ္စတန်ဘူလ် ရေနှင့် မိလ္လာစနစ် စီမံအုပ်ချုပ်ရေးအဖွဲ့ (ISKI)က ထုတ်ပြန်ခဲ့သည်။

"ရေလှောင်တမံတွေမှာ ကိုးနှစ်အတွင်းရေပမာဏအဆိုးရွားဆုံးကျဆင်းလာတာဟာ ရာသီဥတုပြောင်းလဲမှုတစ်ခုတည်းကြောင့် မဟုတ်ပါဘူး။ လူသားတွေရဲ့လုပ်ဆောင်ချက်တွေကြောင့်လဲ ဂေဟစနစ်တွေ ယိုယွင်းလာပြီး ရေထုအရင်းအမြစ်တွေ ပျက်စီးလာတာဖြစ်ပါတယ်။ ဒီလိုခက်ခဲနေတဲ့ ကာလအတွင်းမှာ သောက်သုံးရေကို အကန့်အသတ်နဲ့ပဲ ပေးဝေသွားမှာဖြစ်ပါတယ်"ဟု အစ္စတန်ဘူလ် ရေနှင့် မိလ္လာစနစ် စီမံအုပ်ချုပ်ရေးအဖွဲ့ (ISKI)မှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောကြားခဲ့သည်။

ရေလှောင်တမံများတွင်ရှိသော ရေပမာဏသည် အစ္စတန်ဘူလ်မြို့အတွင်း ပုံမှန်ဖြန့်ဝေနေသည့် ရေပမာဏ၏ ၃၆ ဒသမ ၂၀ ရာခိုင်နှုန်းသာ ဖြန့်ဝေနိုင်သည့် အခြေအနေဖြစ်နေကြောင်း၊ ၂၀၂၂ ခုနှစ်တွင် အစ္စတန်ဘူလ်မြို့အတွင်း ရေလှောင်တမံများမှ ရေဖြန့်ဝေနိုင်မှုမှာ ၆၅ ဒသမ ၂၉ ရာခိုင်နှုန်းထိ ရှိနေခဲ့သည့်အတွက် လက်ရှိရေဖြန့်ဝေနိုင်မှုပမာဏသည် ၂၀၂၂ ခုနှစ်အောက် ထက်ဝက်ခန့်လျော့နည်းလာကြောင်း သိရသည်။

အစ္စတန်ဘူလ်မြို့ရှိ ရေလှောင်တမံများအနီးတွင် Drone များဖြင့် ကင်းထောက်မှုများ ပြုလုပ်ခဲ့ရာ ရေလှောင်တမံများသို့ စီးဝင်နေသော မြစ်များအနီးတွင် သတ္တုမိုင်းတွင်းလုပ်ကွက်များ များပြားနေပြီး ဂေဟစနစ်များယိုယွင်းလာကြောင်း တူရကီ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး သုတေသီများက ထောက်ပြထားကြောင်း သိရသည်။

**နိုင်းဆက်**

# နော်ဒစ်နိုင်ငံများတွင် မုန်တိုင်းတိုက်ခတ်မှုကြောင့် မိုးရွာသွန်းပြီး မြေပြိုမှုဖြစ်ပွား

**အော့စလို ဩဂုတ် ၉**

ဥရောပတိုက်မြောက်ဘက်ပိုင်းနှင့် အတ္တလန္တိတ်မြောက်ဘက်ပိုင်းတွင်တည်ရှိသော နော်ဒစ်နိုင်ငံများသို့ ဩဂုတ် ၈ ရက်က အားကောင်းသည့်မုန်တိုင်းတိုက်ခတ်ကာ မုန်တိုင်းသည် နော်ဒစ်နိုင်ငံများစာရင်းဝင် နော်ဝေနိုင်ငံကို ကနဦးဝင်ရောက်တိုက်ခတ်ခဲ့ခြင်းဖြစ်ပြီး မုန်တိုင်းကြောင့် မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး မြေပြိုကျမှုများဖြစ်ပွားနေကြောင်း နော်ဝေအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ST သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါမုန်တိုင်းကို ဟန့်မုန်တိုင်းဟုအမည်ပေးထားပြီး နော်ဝေနိုင်ငံကို တိုက်ခတ်ခဲ့ပြီးနောက် နော်ဒစ်နိုင်ငံများစာရင်းဝင် ဆွီဒင်နိုင်ငံသို့လည်း တိုက်ခတ်ခဲ့ကြောင်း၊ မုန်တိုင်းဖြတ်သန်းရာ လမ်းကြောင်းတစ်လျှောက်ပျက်စီးဆုံးရှုံးမှုမြင့်မားခဲ့ပြီး လျှပ်စစ်မီးပြတ်တောက်နေသည့်နေအိမ် သန်းနှင့်ချီ၍ ရှိနေကြောင်း သိရသည်။

မုန်တိုင်းသည် နော်ဒစ်နိုင်ငံများအားလုံးတွင် တိုက်ခတ်သွားခဲ့ခြင်းဖြစ်ပြီး နော်ဝေနိုင်ငံ၊ ဆွီဒင်နိုင်ငံအပြင် ဒိန်းမတ်နိုင်ငံနှင့် ဖင်လန်နိုင်ငံတို့တွင် တိုက်ခတ်ခဲ့ကြောင်း၊ မုန်တိုင်းကြောင့် နေရာတော်တော်များများတွင် လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်လျက်ရှိကြောင်း သိရသည်။

နော်ဝေနိုင်ငံတွင်လည်း မြေပြိုကျမှုဖြစ်စဉ် နေရာအမြောက်အမြားတွင် ဖြစ်ပွားခဲ့ပြီး မြေပြိုကျမှုကြောင့် လူဦးရေ ၁၀၀ ထက်မနည်း ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရကြောင်း နော်ဝေအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။


ဆွီဒင်နိုင်ငံအရှေ့ဘက်ပိုင်းတွင် မြေပြိုကျမှုကြောင့် ရထားလမ်းပျက်စီးကာ မီးရထားတစ်စီး တိမ်းမှောက်မှုဖြစ်ပွားခဲ့ကြောင်း၊ မီးရထားတိမ်းမှောက်မှုကြောင့် ခရီးသည် သုံးဦးထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ဆွီဒင်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

**နိုင်းဆက်**

0w kfv ld @

# ဆေးခါးကြီးတစ်ခွက်

နေဝန်းအိမ်(မင်းအိုး)




(၁)

သူ သည်ရွာကလေးကို တစ်လတစ်ကြိမ်သွားဖြစ်သည်။ ရွာကလေးက မြို့ပြနှင့်အလှမ်းကွာဝေးပြီး ဆက်သွယ်ရေးလမ်းကြောင်းကလည်း မကောင်းလှပေ။ အိမ်ခြေ ၅၀ ခန့်သာရှိပြီး လူဦးရေမှာလည်း ၁၅၀ ခန့်သာရှိသည်။ ရွာကလေးကိုရောက်ရှိရန် မြို့မှရွာအပြင်ကားလမ်းထိ ကားနှစ်နာရီခန့်စီးရပြီး တစ်ဖန် ကားလမ်းမှ ရွာသို့ရောက်ရန် ငါးနာရီခန့် လမ်းလျှောက်ရသည်။ လမ်းတစ်လျှောက် တောင်ဆင်းတောင်တက်များသလို ချောင်းများကိုလည်းဖြတ်ရသည်။ မိုးရာသီဆိုလျှင် လမ်းလျှောက်ရသည်မှာ ပို၍ပင်ခက်ခဲသည်။ ချောင်းဖြတ်ကူးချိန် ရေစီးသန်လှသဖြင့် ပို၍ သတိထားရသည်။

ရွာကလေး၏နာမည်မှာ ပြန်လှည့်ကျေးရွာဖြစ်သည်။ ရွာကိုလာလည်ကြသူများ စိတ်ပျက်အားလျော့သွားကြသူများ၍ ရွာအမည်ကို ပြန်လှည့်ကျေးရွာဟု မှည့်ခေါ်ခဲ့ကြသလားဟု ထင်စရာပင်ဖြစ်သည်။ သို့သော်လည်း ရွာတွင်နေကြသူများက လာသမျှ ဧည့်သည်အပေါ် ဖော်ရွေပျူငှာကြပြီး ဧည့်ဝတ်ကျေပွန်ကြသည်။ ရွာသူ၊ ရွာသားအများစုကလည်း စိတ်ရင်းဖြူစင်ကြပြီး ရိုးသားကြသည်။ ရွာကလေးတည်ထားပုံကလည်း တောင်ခြေအောက်ဘက်တွင်ဖြစ်ပြီး ရွာနံဘေးကဖြတ်ကာ စီးဆင်းနေသည့် ချောင်းကလေးရှိနေသည့်အတွက် သဘာဝက ဖန်တီးပေးထားသည့်အလှတရားဟုပင် ခေါ်ရမည်ဖြစ်သည်။ သူဆိုသည်မှာ ကျန်းမာရေးလုပ်သားကလေး ကောင်းစည်သူပင်ဖြစ်သည်။ ကျန်းမာရေးအဖွဲ့အစည်းတစ်ခုမှာ အလုပ်ဝင်လုပ်နေပြီး ဝေးလံခက်ခဲသည့် သည်ရွာကလေးကိုလာ၍ ကျန်းမာရေးစောင့်ရှောက်ပေးနေသူလည်းဖြစ်သည်။

"ဆရာလေး ဒီတစ်ခေါက်လာတာ နောက်ကျတယ်နော်"

ရွာက စေတနာ့ဝန်ထမ်း ဆရာမ မနှင်းအေးက ခရီးဦးကြိုပြုရင်းပြောသည်။

"ဟုတ်တယ်ဆရာမရေ၊ လချုပ်စာရင်းတွေ လုပ်နေရတာနဲ့ ဒီတစ်ခေါက်က ဆရာမတို့ရွာကိုလာတာ နောက်ကျသွားတယ်ဗျာ။ ဒါနဲ့ မနက်ဖြန်ကျရင် ရွာသူ၊ ရွာသားတွေ ဆရာမရဲ့အိမ်ကို လာကြဖို့ ပြောထားပါအုံး။ ကျွန်တော် ငှက်ဖျားရောဂါအကြောင်း ကျန်းမာရေးအသိပညာပေး ပြောပြချင်လို့ပါ"

"ဟုတ်ကဲ့ပါ ဆရာလေး၊ ကျွန်မ ညနေကျရင် ရွာသူ၊ ရွာသားတွေကို ပြောထားပေးပါ့မယ်"

"ကျွန်တော်လဲ ချောင်းရေတွေဖြတ်လာရတော့ အဝတ်တွေစိုနေပြီဆရာမရေ၊ ကိုမြင့်အိမ်ကိုသွားပြီး ရေမိုးချိုး အဝတ်အစားလဲတော့မယ်။ ကိုမြင့်လဲ ကျွန်တော့်ကို မျှော်နေရော့မယ်ဗျ"

"ဟာ. . . ဆရာလေး၊ ဒီတစ်ခေါက်ကြာလိုက်တာဗျာ။ ကျွန်တော် ဆရာလေးကိုမျှော်နေတာ"

ကိုမြင့်က ကျွန်တော့်ကိုတွေ့သည်နှင့် ဝမ်းသာအားရဆိုသည်။

"ဟုတ်တယ်ကိုမြင့်၊ ဒီတစ်ခေါက်က အလုပ်နည်းနည်းရှုပ်နေလို့ ကြာသွားတာ"

"ကဲကဲ အထုပ်တွေ ကျွန်တော့်ကိုပေး၊ ကျွန်တော် သယ်ပေးမယ်"

ကိုမြင့်က ကျွန်တော့်လက်ထဲက အထုပ်ကိုလှမ်းဆွဲပြီး အိမ်ပေါ် တက်သွားသည်။ ကျွန်တော် အိမ်ပေါ် မတက်သေးဘဲ အိမ်အောက်က တန်းလျားပေါ်မှာ ခဏထိုင်နေသည်။ လမ်းလျှောက်ရတာကြာခဲ့ပြီဖြစ်သောကြောင့် လူက ပင်ပန်းသလိုဖြစ်နေသည်။

"ဆရာလေး အေးဆေးနားနော်။ ကျွန်တော် ဆရာလေးအတွက် ညနေစာပြင်ဆင်အုံးမယ်"

"ဟုတ်ပါပြီဗျာ။ ကျွန်တော်လဲ ကိုမြင့်ရဲ့လက်ရာကို စားချင်နေပါပြီ"

(၂)

ညက အိပ်ကောင်းကောင်းနှင့် အိပ်လိုက်သည်မှာ နံနက်နေမြင့်မှ အိပ်ရာနိုးသည်။ လက်မှနာရီကို ကြည့်မိသည်။ နံနက် ၈ နာရီပင်ထိုးနေပြီ။ အိပ်ရာမှ လူးလဲထပြီး အိမ်ရှေ့ရေကန်တွင် ကိုယ်လက်သန့်စင်လိုက်သည်။

"ဆရာလေး နိုးပြီလား။ ညကအတော်အိပ်ကောင်းတယ်ထင်တယ်"

"ဟုတ်တယ်ကိုမြင့်၊ မနေ့က ခရီးပန်းသွားလို့ဖြစ်မယ်"

"လာ လာ ဆရာလေး၊ ကျွန်တော် ကောက်ညှင်းပေါင်းနဲ့ရေနွေးပြင်ထားတယ်"

"ဟာ ကောက်ညှင်းပေါင်းက အနံ့လေးကိုသင်းနေပါလား။ ပူပူနွေးနွေးရှိသေးတယ်နော်"

ကောက်ညှင်းပေါင်းရနံ့က ကျွန်တော့်ဗိုက်ကို ဆွဲဆောင်နေသည်။ ဗိုက်ကလည်း ဆာနေသည်နှင့် အတော်ဖြစ်သွားသည်။

"ကိုမြင့်ရေ ကောက်ညှင်းပေါင်းကလဲ စားလို့ကောင်းတယ်ဗျာ။ ဗိုက်လဲပြည့်သွားပြီ။ ဆရာမ မနှင်းအေးတို့အိမ်သွားရအုံးမယ်။ မနေ့ကကျွန်တော် ရွာသူ၊ ရွာသားတွေကို ခေါ်ဖို့ပြောထားခဲ့တာ။ အခုဆို ဆရာမတို့အိမ်မှာ လူစုံနေလောက်ပြီ။ ကိုမြင့်ကျွန်တော်နဲ့လိုက်မှာလား"

"လိုက်မှာပေါ့ ဆရာလေးရာ၊ ကျွန်တော်လဲ ဆရာလေးရဲ့ ကျန်းမာရေးအသိပညာပေးပြောတာကို နားမထောင်ရတာကြာနေပြီ။ ကျွန်တော့်အတွက် ကျန်းမာရေးဗဟုသုတရတာပေါ့ဗျာ"

"ကဲ. . . ဒါဆိုသွားကြစို့ဗျာ။ ဆရာမလဲ ကျွန်တော်တို့ကို စောင့်နေလောက်ပြီ"

လိုအပ်မည့်စာရွက်များကို ဘေးလွယ်အိပ်ထဲထည့်ယူခဲ့ပြီး ကိုမြင့်နှင့် ဆရာမ မနှင်းအေးအိမ်ကို လာခဲ့သည်။ ကျွန်တော်တို့ရောက်ချိန် ဆရာမအိမ်တွင် ရွာသူ၊ ရွာသားများလည်း စုံသလောက်ဖြစ်နေပြီ။

"ကဲ. . . လူစုံပြီဆို ကျွန်တော် ကျန်းမာရေးအသိပညာပေးပြောဖို့ စလိုက်တော့မယ်နော်"

"ဟုတ်ဆရာလေး၊ လူလဲစုံသလောက်ဖြစ်နေပါပြီ။ ဆရာလေး စပြောလို့ရပါပြီ"

ကျွန်တော် ရွာသူ၊ ရွာသားများရှေ့တွင် မတ်တတ်ရပ်လိုက်သည်။

"ဒီက ရွာသူ၊ ရွာသားအားလုံးကို ခေါ်ရတဲ့အကြောင်းရင်းက ငှက်ဖျားရောဂါအကြောင်း ပြောပြချင်လို့ပါ။ ငှက်ဖျားရောဂါကို သိကြပါသလား"

ကျွန်တော် ရွာသူ၊ ရွာသားများကို မေးသည်။

"သိပါတယ်ဆရာလေး"

အားလုံးဆီမှ ထွက်လာသည့်စကားသံများဖြစ်သည်။

"ဟုတ်ပြီ၊ ငှက်ဖျားရောဂါ ဘာလို့ဖြစ်ကြရပါသလဲ"

အချိန်အတန်ကြာသည်ထိ ရွာသူ၊ ရွာသားများဆီမှ ဖြေသံထွက်မလာပေ။

"ကျွန်တော် ပြောပြမယ်နော်။ ငှက်ဖျားရောဂါဖြစ်ရတဲ့အကြောင်းရင်းက ငှက်ဖျားပိုးသယ်ဆောင်တဲ့ခြင်ကိုက်တာခံရလို့ ငှက်ဖျားရောဂါဖြစ်တာပါ။ ခြင်ကိုက်ခံရတိုင်း ငှက်ဖျားဖြစ်တာမဟုတ်ဘူးနော်။ ငှက်ဖျားပိုးသယ်ဆောင်တဲ့ခြင်ကနေ လူတစ်ယောက်ကို ကိုက်မယ်။ အဲဒီခြင်ကိုက်တာခံရပြီဆိုရင် အကိုက်ခံရသူရဲ့ ခန္ဓာကိုယ်ထဲကို ငှက်ဖျားပိုးကရောက်သွားပါတယ်။ အဲဒီကနေတစ်ဆင့် ငှက်ဖျားရောဂါဖြစ်စေပါတယ်။ အဓိကငှက်ဖျားဖြစ်ရတဲ့အကြောင်းရင်းက ငှက်ဖျားပိုးသယ်ဆောင်တဲ့ခြင်ကိုက်ခံရလို့ပဲဖြစ်ပါတယ်။ စိမ့်စမ်းရေချိုးလို့၊ စိမ့်စမ်းရေသောက်လို့၊ မျှစ်၊ မှို၊ လိပ်သားစတာတွေစားလို့လဲ မဟုတ်ပါဘူး"

"ဒါဆိုရင် တောတောင်ထဲမှာ အလုပ်လုပ်ပြီးပြန်လာတဲ့သူတွေ ငှက်ဖျားဖြစ်တာကကော တောထဲအိပ်လို့ငှက်ဖျားဖြစ်တာမဟုတ်ဘူးလား"

အသက် ၆၀ ကျော်ရှိမည့် ဦးလေးတစ်ယောက်က မေးသည်။

"ဟုတ်ကဲ့၊ ငှက်ဖျားဖြစ်တာက တောတောင်ထဲအိပ်မှုရယ်လို့မဟုတ်ပါဘူး။ ရွာထဲ၊ မြို့ထဲမှာအိပ်လဲဖြစ်တတ်ပါတယ်။ ကျွန်တော်အစောပိုင်းက ပြောခဲ့သလိုပါပဲ။ ငှက်ဖျားပိုးသယ်ဆောင်တဲ့ခြင်က ကိုက်လို့ငှက်ဖျားဖြစ်ရတာပါ။ ငှက်ဖျားရောဂါဖြစ်နေတဲ့သူကို ခြင်ကကိုက်တယ်။ အဲဒီကနေတစ်ဆင့် နောက်တစ်ယောက်ကို ပြောင်းပြီးကိုက်တယ်ဆို ငှက်ဖျားပိုးက အကိုက်ခံရသူရဲ့ ခန္ဓာကိုယ်ထဲကိုရောက်သွားပါတယ်။ အဲဒါကြောင့် အကိုက်ခံရသူက ငှက်ဖျားဖြစ်တာပါ"

"ဩော်. . . ဟုတ်ကဲ့ပါဆရာလေး၊ အခုလိုရှင်းပြပေးလို့ ကျွန်တော်တို့လဲ ငှက်ဖျားဖြစ်ရတဲ့အကြောင်းကို နားလည်သွားပါပြီ"

သည်ရွာမှာ နေကြသည့်ရွာသူ၊ ရွာသားအများစုက တောင်ယာလုပ်ငန်းကိုသာ အဓိကထားလုပ်ကြသူများဖြစ်သည်။ မြို့ပြနှင့် အလှမ်းဝေးကွာကြသူများဖြစ်သောကြောင့် ပြင်ပဗဟုသုတ၊ ကျန်းမာရေးအသိ၊ ဗဟုသုတဘက်မှာ အားနည်းကြရှာသည်။

"နောက်ထပ်ပြောချင်တာက ငှက်ဖျားရောဂါဖြစ်ပြီဆိုရင် ပေါ့ပေါ့ဆဆမနေကြပါနဲ့။ သေချာစနစ်တကျကုသမှုခံယူရပါမယ်။ အဲဒီလိုမှမဟုတ်ဘဲ ပေါ့ပေါ့ဆဆနေကြရင် အချိန်ကြာလာတာနဲ့အမျှ ငှက်ဖျားရောဂါက ပိုဆိုးလာပြီး အသက်ပါသေဆုံးနိုင်ပါတယ်နော်။ ဒီနေ့တော့ အချိန်လဲနည်းနေပြီမို့ ဒီလောက်နဲ့ပဲနားလိုက်ပါ့မယ်။ ကျွန်တော် နောက်တစ်ခေါက်ပြန်လာမှပဲ ငှက်ဖျားရောဂါပိုးတွေအကြောင်းနဲ့ ငှက်ဖျားရောဂါကာကွယ်ရမဲ့ နည်းလမ်းတွေကို ပြောပြပေးပါမယ်ဗျ"

"တစ်ခုလောက်ပြောချင်ပါတယ်ကွဲ့"

စကားထပြောသူက အသက် ၆၀ ကျော်အရွယ်ဘကြီးကြိုင်ပင်ဖြစ်လေသည်။ ဘကြီးပုံစံကြည့်ရသည်မှာ သူ့ကိုယ်သူ ယုံကြည်မှုအပြည့်ဖြစ်သည်။

"ဟုတ်ကဲ့ဘကြီး၊ ပြောပါခင်ဗျ"

"အစောပိုင်းက မောင်ရင်လေးပြောသွားတဲ့အထဲမှာ ငှက်ဖျားရောဂါဖြစ်ပြီဆိုရင် အသက်သေဆုံးနိုင်တယ်လို့ ပြောသွားတာ ကြားလိုက်ပါတယ်"

"ငှက်ဖျားရောဂါဖြစ်တိုင်း သေဆုံးတယ်လို့ ကျွန်တော်မပြောပါဘူးခင်ဗျ။ ပေါ့ပေါ့ဆဆနေကြပြီး စနစ်တကျဆေးကုသမှုမခံယူကြရင် သေဆုံးနိုင်တယ်လို့ ပြောတာပါခင်ဗျ"

"ကဲကဲ ထားပါတော့မောင်ရင်။ မောင်ရင်လေး သိအောင် တစ်ခုတော့ပြောမယ်ကွဲ့။ ငှက်ဖျားရောဂါကို ဘကြီးလဲဖြစ်ဖူးပါတယ်။ ဘကြီးတင်မဟုတ်ဘူး။ ဘကြီးအိမ်သားတွေလဲ ဖြစ်ဖူးကြတာပဲ။ ဒါပေမဲ့ ငှက်ဖျားကြောင့် ဘယ်သူမှမသေခဲ့ဘူး။ ဘကြီးကိုယ်တိုင် ဆေးခါးကြီးကိုသုံးခဲ့တာ အခုချိန်ထိပဲ။ ဘကြီးအိမ်သားတွေလဲ ဒီဆေးပဲတိုက်တယ်။ ဆေးခါးကြီးတစ်ခွက်နဲ့တင် သိသိသာသာကောင်းလာတယ် မောင်ရင်ရ။ အိမ်မှာလဲ ဆေးခါးကြီးပင်ကို စိုက်ထားတာ။ မောင်ရင်ပြောတဲ့ ငှက်ဖျားဆိုတာက ဘကြီးအတွက်တော့ အသေးအဖွဲ့ရောဂါတစ်ခုပါကွာ။ ဒီက လူတွေကသာ ယုံချင်ယုံကြလိမ့်မယ်ကွဲ့။ ဘကြီးကတော့ မောင်ရင်ပြောတာ လက်မခံနိုင်ဘူးကွာ"

ဘကြီးက သူပြောတာ အမှန်ဟုယူဆထားပုံရသည်။ ယခုချိန်မှာတော့ ဘကြီးစကားကို အတိုက်အခံလုပ်ပြီး ပြောနေလည်း လက်ခံမည့်ပုံမပေါ်ပေ။ တစ်ချိန်ချိန်မှာတော့ သူနားလည်လာလိမ့်မည်ဟုသာ စိတ်ထဲက အောက်မေ့မိလိုက်သည်။

(၃)

"ဟာ ဆရာလေး ရောက်လာပြီနော်။ ဒီတစ်ခါလဲ အရင်ကလို ကြာတာပါပဲလား"

ကိုမြင့်က ကျွန်တော့်ဆီက အဝတ်အစားထုပ်ကို လှမ်းယူကာပြောသည်။

"ဟုတ်တယ်ကိုမြင့် ရုံးမှာလုပ်စရာအလုပ်တွေ ပေါ်လာလို့ကြာသွားတာပါဗျာ"

"ဆရာမ မနှင်းအေးအိမ်ကို ဝင်ခဲ့လား"

"မဝင်ခဲ့ဘူး ကိုမြင့်၊ မနက်ဖြန်ကျမှပဲ လိုအပ်တဲ့ဆေးတွေပေးရင်း ဆရာမအိမ်ကိုသွားတော့မယ်ဗျာ"

ဤသို့ဖြင့် ခေတ္တနားနေစဉ်-

"ကိုမြင့်ရေ၊ ကိုမြင့်"

စာမျက်နှာ ၂၅သို့ ➤

# ဘားအံမြို့နယ် ဘုရားကြိုင်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**ဘားအံ ဩဂုတ် ၉**

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကော့ကဒါကျေးရွာအုပ်စု ဘုရားကြိုင်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ဩဂုတ် ၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဘားအံခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းဇော်၊ ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသူရလွင်နှင့် တာဝန်ရှိသူများက လမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ ဘုရားကြိုင်ကျေးရွာ၌ ကွန်ကရစ်လမ်း ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ရတနာပြည့်လျှံကုမ္ပဏီမှ တာဝန်ရှိသူနှင့်တွေ့ဆုံကာ ကွန်ကရစ်လမ်းကို သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။



အဆိုပါ ဘုရားကြိုင်ကျေးရွာ၌ လမ်းအရှည် ငါးဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကရင်ပြည်နယ်အစိုးရရန်ပုံငွေကျပ် ၇၄ ဒသမ ၂၅ သန်းဖြင့် ရတနာပြည့်လျှံကုမ္ပဏီက ယခုနှစ် မေလ စတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၈၅ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ပြီးစီးပါက ဘုရားကြိုင်ကျေးရွာရှိ အိမ်ခြေ ၁၁၁ အိမ်မှ လူ ၆၆၂ ဦးအတွက် စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် အခြားလူမှုရေးကိစ္စများ ဆောင်ရွက်ရာ၌ အဆင်ပြေမည်ဖြစ်ကြောင်း သိရသည်။

**အထွေး**

---

➤ စာမျက်နှာ ၂၄မှအဆက်

ဆရာမ မနှင်းအေး၏ အသံဖြစ်သည်။ ဆရာမ အမူအရာကြည့်ရသည်မှာ တစ်ခုခုကို စိတ်ပူပန်ဖြင့် ကိုမြင့်အိမ်ဘက်ပြေးလာသည်။

"ဟင်. . . ဆရာလေးရောက်နေတာပါလား။ အတော်ပဲဆရာလေးရေ၊ ဘကြီးကြိုင်ရဲ့ မြေးလေးငှက်ဖျားတက်နေလို့ ကိုမြင့်ကိုလာခေါ်တာ။ ဆရာလေးရောက်နေတာနဲ့ အဆင်ပြေသွားပြီ။ လိုက်ခဲ့ပါအုံးဆရာလေးရယ်။ ကလေးက အဖျားတွေတက်ပြီး သတိတောင်မရချင်ဘူးဖြစ်နေတယ်"

ဘကြီးကြိုင်၏အိမ်ရောက်ချိန် ကလေးနားတွင် ဘကြီးကြိုင်အပါအဝင် ကလေးမိဘနှင့်ဆွေမျိုးများက ဝိုင်းနေကြသည်။

"ခဏဖယ်ပေးကြပါအုံး"

ဆရာမ မနှင်းအေးက ကလေးအနားမှ လူများကိုပြောသည်။

"ဆရာမ ကလေးက ငှက်ဖျားဖြစ်တာ သေချာလား"

"သေချာပါတယ် ဆရာလေး၊ ကျွန်မစစ်ကြည့်ပြီးပါပြီ"

ကလေးက အသက် ၁၀ နှစ်ခန့်ဖြစ်သည်။ ကျွန်တော် ဆရာမ စစ်ထားသော ငှက်ဖျားစစ်ကိရိယာကိုယူကြည့်သည်။ တွေ့ပါပြီ။ ဦးနှောက်ငှက်ဖျားပိုးဖြစ်နေသည်။ ကလေးအခြေအနေကို ကြည့်လိုက်ချိန် အသားများလည်းဝါနေသည်။ မျက်လုံးကိုကြည့်တော့ မျက်လုံးများပါ ဝါနေသည်ကိုတွေ့ရသည်။ ကလေးက သတိလည်း ကောင်းကောင်းမရပေ။ စိတ်ချရမည့်အခြေအနေဖြစ်စေရန် ဆေးရုံကို လွှဲရန်ဆုံးဖြတ်လိုက်သည်။

"ကလေးမိဘတွေကိုပြောချင်ပါတယ်။ ကလေးမှာ တွေ့နေရတဲ့ ငှက်ဖျားပိုးက ဦးနှောက်ငှက်ဖျားပိုးဖြစ်နေပါတယ်။ စနစ်တကျ ဆေးကုသဖို့လိုအပ်ပါတယ်။ အချိန်ဆွဲနေလို့မရပါဘူး။ ကလေးအတွက်လဲ အသက်အန္တရာယ်စိုးရိမ်ရပါတယ်။ ဒါကြောင့် ဆေးရုံကိုသွားဖို့လိုပါတယ်"

ဘကြီးကြိုင်တစ်ယောက် ယခုတစ်ကြိမ်မှာ ဘာမျှဝင်မပြောပေ။ သူကြည့်ရသည်မှာ နေမထိထိုင်မသာဖြစ်နေသည်။ သူလက်ထဲတွင်လည်း ဆေးခါးကြီးထည့်ထားသည့် ခွက်တစ်လုံးကိုကိုင်ထားသည်။ သူမြေးအတွက် စိုးရိမ်သောကဖြစ်နေပုံရသည်။ လက်ထဲမှာ ကိုင်ထားသည့်ဆေးခါးကြီးခွက်ကိုတစ်လှည့်၊ သူမြေးကလေးကို တစ်လှည့်ကြည့်၍ နေသည်။

"ကဲကဲ အချိန်လဲရှိတုန်း ကလေးကို ဆေးရုံပို့ဖို့စီစဉ်ကြရအောင်"

ကျွန်တော့်စကားဆုံးတော့ မိဘများရော ဘကြီးကြိုင်ပါ ကလေးကို ဆေးရုံပို့ကြရန်ပြင်ကြသည်။ ကလေးအတွက် လိုအပ်မည့်အရာများကို ကျွန်တော်စီစဉ်ပေးသည်။ ဆရာမ မနှင်းအေးကိုလည်း ကလေးနှင့်အတူ ဆေးရုံကိုလိုက်သွားရန် ပြောရသည်။ လမ်းတွင်လည်း သေချာဂရုတစိုက်သွားကြရန်မှာကြားကာ ကိုမြင့်နှင့်ကျွန်တော် အိမ်ပြန်လာခဲ့သည်။

နောက်ရက်များတွင် ဆရာမ မနှင်းအေးအိမ်မှာပင် ရွာသူ၊ ရွာသားများကိုခေါ်ပြီး ငှက်ဖျားရောဂါပိုးအကြောင်း၊ ငှက်ဖျားမဖြစ်အောင် ကြိုတင်ကာကွယ်ရမည့်နည်းလမ်းများကို နားလည်သဘောပေါက်အောင် ရှင်းပြပေးရသည်။ နေမကောင်းဖြစ်ကြပြီဆိုလျှင်လည်း ငှက်ဖျားရောဂါ ဟုတ်၊ မဟုတ်သေချာသိရှိစေရန်အတွက် ဆရာမ မနှင်းအေးဆီမှာ စစ်ဆေးကြည့်ကြရန် ပြောကြားရသည်။ လိုက်နာကြရန်လည်း တိုက်တွန်းရသည်။ သို့မှသာ ငှက်ဖျားရောဂါဖြစ်ပွားခြင်းမှ ကာကွယ်နိုင်မည်ဖြစ်သည်။

(၄)

"ဆရာလေး ဒီတစ်ခါ ပြန်လာရင် စောစောလာခဲ့ဗျာ။ ဆရာလေးပြန်သွားတော့ ကျွန်တော်တစ်ယောက်တည်း ပျင်းနေခဲ့တာ"

"ဟုတ်ပါပြီ ကိုမြင့်ရယ်။ ဒီတစ်ခေါက် အလုပ်တွေအမြန်ပြီးအောင် လုပ်ပြီး စောစောလာခဲ့ပါမယ်"

မနက်ဖြန် ရုံးကိုပြန်ရန် ပြင်နေစဉ် ကိုမြင့်က စောစောပြန်လာရန် ပြောရှာသည်။ ကိုမြင့်နှင့်အတူနေလာချိန်ကြာလာပြီဖြစ်သဖြင့် ဆွေမျိုးသားချင်းသဖွယ် သံယောဇဉ်ဖြစ်လာကြသည်။

"ကဲ. . . ပြန်ပြီနော်ကိုမြင့်၊ ကျွန်တော် ဆရာမ မနှင်းအေးကိုလဲ ဝင်ပြီးနှုတ်ဆက်လိုက်အုံးမယ်"

"ဟုတ်ကဲ့ပါ ဆရာလေး"

ကျွန်တော် ကိုမြင့်ကို နှုတ်ဆက်ပြီး ဆရာမ မနှင်းအေးဆီ ထွက်လာသည်။ ဆရာမ မနှင်းအေးအိမ်ရောက်ချိန် ဆရာမက အိမ်အပေါက်ဝမှ ကျွန်တော့်ကိုစောင့်နေသည်။

"ကိုမြင့်က လိုက်မပို့ဘူးလား ဆရာလေး"

"ကျွန်တော် မပို့ခိုင်းတာပါ။ သူလဲ အလုပ်ကတစ်ဖက်နဲ့ မအားရှာပါဘူးဗျာ။ ဒီလမ်းဒီခရီးကလဲ ကျွန်တော်သွားနေကျမို့ပါ"

"ဩော်. . . ဘကြီးကြိုင်ရဲ့မြေးလေးမိဘတွေက ဆရာလေးကို ကျေးဇူးတင်နေကြတာ။ ဆရာလေးအချိန်မီ ဆေးရုံကိုလွှဲပေးလို့ သူတို့သားလေး အသက်ရှင်ရတာတဲ့။ ဆရာလေးပေးတဲ့ အသက်ပဲရှိတယ်လို့ ဝမ်းသာမဆုံးပြောနေကြတာ"

"ကလေးက နေကောင်းကျန်းမာလာလို့ ဝမ်းသာပါတယ်ဗျာ။ ကျွန်တော့်ကို ကျေးဇူးတင်ဖို့မလိုပါဘူး။ သူတို့တွေ ကျန်းမာရေးဗဟုသုတရသွားရင်ပဲ ကူညီရကျိုးနပ်ပါပြီ"

"ဆရာလေးအတွက် ကောက်ညှင်းပေါင်း ကျွန်မလုပ်ထားတယ်။ အပြန်လမ်းမှာ ဆရာလေးစားဖို့အတွက်ပါ"

ဆရာမ မနှင်းအေးက သူလက်ထဲတွင် ကိုင်ထားသည့် ကောက်ညှင်းပေါင်းထုပ်ကို ကျွန်တော့်ပေးသည်။

"ကျေးဇူးပဲ ဆရာမ၊ ဆရာမလဲ ကျွန်တော့်အတွက် အလုပ်ပိုသွားပြီ"

"အပန်းမကြီးပါဘူး ဆရာလေး၊ ကောက်ညှင်းပေါင်းက ကျွန်မတို့ရွာအတွက် ရိုးရာအစားအစာတစ်ခုဖြစ်နေပါပြီ။ နောက်တစ်ခေါက် ဆရာလေးပြန်လာရင် အိမ်မှာ အေးအေးဆေးဆေးလုပ်ပြီး ကျွေးပါအုံးမယ်"

"ဟုတ်ကဲ့ပါ ဆရာမရေ၊ နောက်တစ်ခေါက်မှ ပြန်ဆုံကြတာပေါ့။ အခုအချိန်ရှိတုန်း ပြန်လိုက်ပါအုံးမယ်"

"ဆရာလေး။ ဗျို့ဆရာလေး"

ချောင်းကိုဖြတ်ကူးနေစဉ် နောက်မှခေါ်သံကြား၍ လှည့်ကြည့်မိသည်။ ဘကြီးကြိုင်၊ ကလေးမိဘနှင့် ဆရာမ မနှင်းအေးတို့ဖြစ်နေသည်။

"ခဏနေပါအုံးဆရာလေး"

ဘကြီးကြိုင်တစ်ယောက် ပုဆိုးကိုမပြီး ချောင်းဖြတ်ကူးရန်ပြင်သည်။

"ဘကြီးကြိုင်မလာနဲ့ ရေစီးကသန်တယ်။ အဲဒီမှာပဲနေ ကျွန်တော်လာခဲ့မယ်"

ဘကြီးကြိုင်ကို မလာရန်ပြောပြီး သူတို့ရှိရာ ပြန်လှည့်ခဲ့သည်။

"ဘကြီးကြိုင် ဆရာလေးကို တောင်းပန်ချင်လို့ လိုက်လာခဲ့တာပါကွယ်။ ဘကြီးကြိုင်လဲ နောင်တရနေပါပြီ။ ဆရာလေးကို မဆင်မခြင်ပြောခဲ့မိတဲ့ စကားတွေအတွက် ဘကြီးကြိုင်ကို ခွင့်လွှတ်ပါလို့ တောင်းပန်ပါတယ်ကွယ်"

ဘကြီးကြိုင်၏လက်တစ်စုံက ကျွန်တော့်လက်ကိုကိုင်ပြီး ပြောရှာသည်။ ဘကြီးကြိုင်မျက်ဝန်းမှာလည်း ဝမ်းနည်းမျက်ရည်စတချို့က တွဲခိုနေသည်။

ဘကြီးကြိုင်လိုလူတစ်ယောက် ကျန်းမာရေးအသိတစ်ခုရသွားသည်က ရွာအတွက်ရော ကျွန်တော့်အတွက်ပါ ကြည်နူးဝမ်းသာဖြစ်မိသည်။ ရွှဲစိုနေသည့် မိုးရေကိုပင် သတိမထားမိအောင် ဝမ်းသာပီတိအပြုံးတို့က ကျွန်တော့်ကို လွှမ်းခြုံထားသည်။ ကျွန်တော့်မျက်လုံးထဲမှာလည်း နောက်တစ်ခေါက် သည်ရွာကလေးကိုပြန်လာလျှင် ရှေ့ဆုံးကနေ တက်ကြွစွာပါဝင်နေမည့် ဘကြီးကြိုင်၏ပုံရိပ်တို့ကိုမြင်ယောင်နေပြီး အပြန်လမ်းက ကြည်နူးဝမ်းသာစိတ်အပြည့်တို့ဖြင့်သာ။

---

## သာယာပါစေ တို့မြန်ပြည်

\- နိုင်ငံတော် သာယာရေး
ကြိုးစားပေး စွမ်းဆောင်ပါ၊
ပြည်သူတွေ စိတ်ကောင်းထားလို့
လှုပ်ရှားရမှာ၊
နိုင်ငံအတွက် ရှန်းကန်ကာ
ရှေ့ဆက်ရာ ကောင်းကျိုးရ၊
ဥပဒေ စည်းကမ်းရှိရန်
သတိပြုကြ။

\- ရှင်သန်စေ စနစ်လှနဲ့
စံပြလျက် တာဝန်ယူ၊
လက်တွဲပါ သွေးမကွဲနဲ့
ဆင်နွှဲစို့အတူ၊
ဇွဲမာန်သုံး တို့ပြည်သူ
သမိုင်းသစ်ထူ တိုးတက်ရေး၊
နိုင်ငံတော် တာဝန်ထမ်းကာ
လျှောက်လှမ်းစို့လေး။

\- နိုင်ငံတော် ဂုဏ်ရည်ဖွေး
သာယာမနေး အေးချမ်းမည်၊
ပေးဆပ်ပါ ဝန်ထမ်းအပေါင်း
စိတ်ကောင်းဖြင့်ချီ၊
တိုးတက်သည့် နိုင်ငံဆီ
လျှောက်လှမ်းညီ စည်းကမ်းသုံး၊
အတွေးတွေ လမ်းမမှားနဲ့
လှုပ်ရှားလို့ရှုန်း။

\- တို့နိုင်ငံ တစ်ပြည်လုံးမှာလ
ပျော်ရွှင်ပြုံး သာယာပို၊
ပြည်သူတွေ ပူးပေါင်းရေး
အားပေးလျက်ကြို၊
ပြည်ထောင်စု အဓိဋ္ဌာန်ကို
ကျင့်ကြံဆို မမေ့ဘဲ၊
စည်းလုံးညီ ရှေ့ချီတက်ရင်
ကောင်းရက်ရောက်မြဲ။ ။

**ဖြိုးထက်(ရေစကြို)**

---

**ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်**

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



# ဥာနနှင့်သက်ဆိုင်ပါလျှင် တရားစွဲဆိုခွင့်

**စိန်လှိုင်ပိုလ်**

ပြစ်မှုဆိုင်ရာအမှုများတွင် တရားစွဲဆိုရာ၌ တရားစွဲဆိုခံရမည့်သူကို မည်သူက တရားလိုပြုလုပ်၍ စွဲဆိုရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းချက်ရှိသည်။ ယေဘုယျအားဖြင့် နစ်နာသူက ၎င်းအပေါ် နစ်နာအောင်ပြုလုပ်သူအား တရားလိုပြုလုပ်၍ စွဲဆိုရမည်ဖြစ်သည်။ တရားရုံးတော်ရှေ့မှောက် သက်သေထွက်ဆိုရာတွင် မမှန်မကန်လိမ်လည်ထွက်ဆိုမှုပြုပါက ထိုသူကို မည်သူက တရားလိုပြုလုပ်၍ စွဲဆိုရမည်ကိုလည်း ပြဋ္ဌာန်းချက်ရှိပြီး ဖြစ်ခြင်းမျိုးဖြစ်သည်။

အမှုတစ်ခုတွင်ဖြစ်သည်။ အိမ်နှင့်မြေကို ဝယ်ယူပိုင်ဆိုင်ခဲ့သူက ၎င်း၏အိမ်နှင့်မြေကို ထိန်းသိမ်းစောင့်ရှောက်ရန် အခြားသူတစ်ဦးကို အပ်နှံခဲ့သည်။ အပ်နှံခြင်းခံရသူက စာချုပ်အတုပြုလုပ်ကာ မြေငှားဂရန်လျှောက်ထားသည်။ အပ်နှံသူက သိရှိသွားသောအခါ တရားစွဲဆိုခဲ့သည်။ ထိုအမှုသည် အထူးအယူခံခုံရုံးထိ ရောက်ရှိသွားသည်။ ပြဿနာမှာ စာချုပ်အတုဖြင့် မြေငှားဂရန်လျှောက်ထားခြင်းမှန်ပါက မည်သူက တရားစွဲဆိုခွင့်ရှိသည်ဟူသော ပြဿနာဖြစ်သည်။ ဥပဒေဗဟုသုတရရှိစေရန် လမ်းညွှန်စီရင်ထုံးကို ကိုးကား၍ ရေးသားတင်ပြပါဦးမည်။

**အမှုဖြစ်စဉ်အကျဉ်း**

ဒေါ်တင်ရီဆိုသူသည် ဦးမောင်စီနှင့် ဒေါ်မြရင်တို့ထံမှ အရောင်းအဝယ်ကတိစာချုပ်ချုပ်ဆို၍ ရန်ကုန်တိုင်း သာကေတမြို့နယ်ရှိ မြေအကျယ်အဝန်း (ပေ ၂၀ × ၆၀) ဝယ်ယူပိုင်ဆိုင်ခဲ့သည်။ အိမ်နှင့်မြေကို စောင့်ရှောက်ထိန်းသိမ်းရန် ဒေါ်တင်ရီက ဒေါ်တင်ကြည်နှင့် သား မောင်မျိုးဟန်၊ သမီး မနီနီတို့အား ယုံကြည်စွာအပ်နှံခဲ့သည်။ ဒေါ်တင်ကြည်တို့သည် မရိုးမဖြောင့်သောသဘောဖြင့် စာချုပ်အတုပြုလုပ်ကာ မြေငှားဂရန်ကို ရယူခဲ့သည်ဟုသိရ၍ ဒေါ်တင်ကြည်၊ မောင်မျိုးဟန်၊ မနီနီတို့အား ဥပဒေအရအရေးယူပေးရန် ပိုင်ရှင်ဒေါ်တင်ရီ၏ ခင်ပွန်း ဦးမောင်မောင်စိုးက သာကေတမြို့နယ် ရဲစခန်းတွင် အမှုဖွင့်တိုင်ကြားရာမှ ပေါ်ပေါက်လာသောအမှုဖြစ်သည်။

သာကေတမြို့နယ်တရားရုံး၊ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် (၆၃၉/၉၇) တွင် ဒေါ်တင်ကြည်အပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-၄၀၆ အရလည်းကောင်း၊ ပုဒ်မ-၄၆၈ အရလည်းကောင်း စွဲချက်နှစ်ရပ်တင်သည်။ ဒေါ်တင်ကြည်က ၎င်းအပေါ် တင်ထားသောစွဲချက်များကို ပယ်ဖျက်ပေးရန် ရန်ကုန်တိုင်းတရားရုံး (အရှေ့ပိုင်းခရိုင်)တွင် ပြင်ဆင်မှုတင်သွင်းလျှောက်ထားသော်လည်း အောင်မြင်မှုမရရှိခဲ့ပေ။ တရားရုံးချုပ်တွင် ပြင်ဆင်မှုဝင်ရောက်ခဲ့သော်လည်း ပလပ်ခြင်းခံခဲ့ရသည်။

ဒေါ်တင်ကြည်က တရားရုံးချုပ် ပြစ်မှုဆိုင်ရာအထွေထွေလျှောက်လွှာ (အထူးအယူခံ)မှုကို ဆက်လက်လျှောက်ထားရာ အထူးအယူခံခုံရုံးက-

(၁) မြေဂရန်ကိုထုတ်ပေးသော စည်ပင်သာယာရေးကော်မတီသည် ၎င်းမြေဂရန်ထုတ်ပေးသည့်ကိစ္စနှင့်စပ်လျဉ်း၍ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ-၁၉၅(၂) တွင် ဖော်ပြထားသော "အခွန်ရုံး"ဖြစ်သည်ဆိုလျှင် မှန်ပါသလား။

(၂) ဒေါ်တင်ကြည်က ဦးကေတီရန်သီးနှင့် ပြုလုပ်ထားသည်ဆိုသော အရောင်းအဝယ်စာချုပ်အတုကိုတင်ပြပြီး ဂရန်ကို လိမ်လည်ရယူခဲ့ရာတွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မြေယာစီမံခန့်ခွဲမှုဌာနအနေဖြင့် လိမ်လည်အတုပြုကြောင်းကို သိနိုင်မည်မဟုတ်၍ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ-၁၉၅(၁)(ဂ)တွင် အကျုံးမဝင်ဟုဆိုခြင်းသည် မှန်ကန်မှုရှိ၊ မရှိဟူသော ပြဿနာကို ကြားနာရန် အထူးအယူခံဝင်ခွင့်ပြုခဲ့သည်။

**အထူးအယူခံခုံရုံး၏ ဓိစစ်သုံးသပ်ဆုံးဖြတ်ချက်**

ယခုအမှုတွင် ဦးမောင်မောင်စိုး၏ ဇနီး ဒေါ်တင်ရီအမည်ဖြင့် ဝယ်ယူခဲ့သောမြေကွက်ကို ဒေါ်တင်ကြည်က ၎င်းဝယ်ယူခဲ့သောမြေကွက်ဖြစ်လေဟန် စာချုပ်အတုတစ်စောင်ပြုလုပ်ပြီး မြေငှားဂရန်ထုတ်ပေးရန် လျှောက်ထားခဲ့သဖြင့် မြေဂရန်ရရှိသည်ဟု ဦးမောင်



မောင်စိုးက စွပ်စွဲထားသည်။ ၎င်းစွပ်စွဲချက်အရ ဒေါ်တင်ကြည်သည် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မြေယာစီမံခန့်ခွဲမှုဌာနတွင် မြေဂရန်ကို မရိုးမဖြောင့်သောသဘောဖြင့် လိမ်လည်ရယူရန်အလို့ငှာ လိမ်လည်အတုပြုမှုကို ကျူးလွန်ခဲ့သည်ဟု ဆိုရမည်ဖြစ်သည်။

မြေဂရန်ကို လိမ်လည်ရယူရန်အလို့ငှာ အစစ်အမှန်မဟုတ်သော စာချုပ်စာတမ်းကို ဌာနဆိုင်ရာသို့ လိမ်လည်တင်ပြပြီး မြေဂရန်ရယူခဲ့ခြင်းဖြစ်သောကြောင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြေယာစီမံခန့်ခွဲမှုဌာနက ဒေါ်တင်ကြည်အား ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-၄၆၈ အရ အရေးယူနိုင်မည်ဖြစ်သည်။ **ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီသည် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ-၁၉၅(၂) တွင် ဖော်ပြထားသော အခွန်ရုံးတွင် ပါဝင်သောရုံးဖြစ်လျှင် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ-၁၉၅(၁)(ဂ) အရ ထိုရုံးက စာဖြင့် ရေးသားတိုင်ကြားရမည်ဖြစ်သည်။** ကရမ်းဆင်နှင့် ဒေါ်ပရင်းကော(ရ်)အမှု ၁၉၇၅ ခုနှစ် မတစ စာ-၁ ကို အထူးအယူခံခုံရုံးက ရည်ညွှန်းပြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မြေယာစီမံခန့်ခွဲမှုဌာနသည် အခွန်ရုံးဟုတ်၊ မဟုတ် ဆက်လက်စိစစ်ခဲ့သည်။

ဒေါ်တင်ကြည်က မြေဂရန်ထုတ်ပေးရန် လျှောက်ထားခြင်းသည် မှတ်ပုံတင်ရန်ကိစ္စမဟုတ်၍ ရေစစ္စရီမှတ်ပုံတင်သည့်ရုံးက ဆောင်ရွက်သောကိစ္စမဟုတ်သည်မှာ ထင်ရှားသည်။ ယခင်က မြေဂရန်ထုတ်ပေးသောကိစ္စကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်ဝန်များက ကော်လိတ္တော်အဖြစ် ဆောင်ရွက်ခဲ့သော်လည်း ယခုအခါတွင် ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့၌ သက်ဆိုင်ရာမြို့တော် စည်ပင်သာယာရေးကော်မတီများက ဆောင်ရွက်လျက်ရှိသည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မြေယာစီမံခန့်ခွဲမှုဌာနသည် မြေဂရန်ထုတ်ပေးရာတွင် ယခင်ကော်လိတ္တော်အရာရှိ ဆောင်ရွက်သကဲ့သို့ အဆင့်ဆင့်စိစစ်ပြီးမှ ဂရန်ထုတ်ပေးခြင်းဖြစ်သည်။ ၎င်းအချက်နှင့်စပ်လျဉ်း၍ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ ဌာနစုမှူး ဦးခင်(လိုပြ-၃)က အသေးစိတ်ထွက်ဆိုထားသည်ကို အထူးအယူခံခုံရုံးက စိစစ်ခဲ့သည်။

သို့ဖြစ်ရာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြေယာစီမံခန့်ခွဲမှုဌာနသည် မြေဂရန်ထုတ်ပေးသည့်ကိစ္စနှင့်စပ်လျဉ်း၍ ယခင်ကော်လိတ္တော်၏ အခွင့်အာဏာများကို လွှဲပြောင်းရရှိသော ဌာနဖြစ်သဖြင့်လည်းကောင်း၊ ဂရန်ထုတ်ပေးရာတွင်လည်း ယခင်လုပ်ထုံးလုပ်နည်းအတိုင်း ဆောင်ရွက်သဖြင့်လည်းကောင်း ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ-၁၉၅ ပုဒ်မခွဲ (၂) တွင် ဖော်ပြထားသော "အခွန်ရုံး"ဖြစ်သည်မှာ ယုံမှားဖွယ်ရာမရှိကြောင်း၊ သို့ဖြစ်၍ **ဂရန်လိမ်လည်လျှောက်ထားရယူသည့်ကိစ္စရပ်များတွင် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ-၁၉၅(၁)(ဂ) အရ ၎င်းရုံးကသာ စာဖြင့်ရေးသားတိုင်တန်းလျှောက်ထားရမည်ဖြစ်ကြောင်း** အထူးအယူခံခုံရုံးက ဆင်ခြင်သုံးသပ်ခဲ့သည်။

ဤအမှုတွင် ဦးကေတီရန်သီးထံမှ ဒေါ်တင်ကြည်က ဝယ်ယူခဲ့ပါသည်ဆိုသော မြေနှင့် အိမ်အရောင်းအဝယ်စာချုပ်သည် အစစ်အမှန်မဟုတ်ဘဲ လိမ်လည်အတုပြုလုပ်ထားသော စာချုပ်စာတမ်းဖြစ်ကြောင်း သက်သေထင်ရှားမရှိပေ။ ယုတ်စွအဆုံး ၎င်းစာချုပ်ကို အမှုတွင် သက်သေခံအထောက်အထားအဖြစ် တင်ပြနိုင်ခြင်းလည်းမရှိပေ။ ဤအခြေအနေတွင် ဒေါ်တင်ကြည်က မြေဂရန်လျှောက်ထားရာတွင် လိမ်လည်အတုပြုလုပ်ထားသောစာချုပ်ကို အသုံးပြုခဲ့ကြောင်း အမှုတွင် ထင်ရှားပေါ်ပေါက်ခြင်းမရှိသည်ကို အထူးအယူခံခုံရုံးက စိစစ်သုံးသပ်ခဲ့သည်။

ဦးခင်(လိုပြ-၃)၏ ထွက်ဆိုချက်တွင် ဒေါ်တင်ကြည်မှာ စာချုပ်စာတမ်းအတုပြုလုပ်၍ မြေငှားဂရန်ရရှိအောင် ဆောင်ရွက်ကြောင်း စွပ်စွဲချက်တစ်စုံတစ်ရာမရှိသည့်အပြင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီကလည်း ဒေါ်တင်ကြည်သည် လိမ်လည်အတုပြုလုပ်ထားသော စာရွက်စာတမ်းကို တင်ပြခဲ့ကြောင်း စွပ်စွဲချက်တစ်စုံတစ်ရာမရှိပေ။ သို့ဖြစ်ရာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြေယာစီမံခန့်ခွဲမှုဌာနက တရားစွဲဆိုရန်အကြောင်း မပေါ်ပေါက်၍သာ တရားမစွဲဆိုခဲ့ဟု ဆိုရပေမည်။ အကယ်၍ **တရားစွဲဆိုရန် အကြောင်းတစ်စုံတစ်ရာပေါ်ပေါက်လျှင်မူ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ-၁၉၅(၁)(ဂ) အရ စာဖြင့်ရေးသားတိုင်တန်းရန်လိုအပ်မည်ဖြစ်ကြောင်း** အထူးအယူခံခုံရုံးက ဆင်ခြင်သုံးသပ်ခဲ့သည်။

ဤအမှုတွင် ထိုသို့လိမ်လည်အတုပြုမှုမပေါ်ပေါက်ခဲ့၍သာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက စာဖြင့်ရေးသားတိုင်ကြားခဲ့ခြင်းမရှိဟု ဆိုရမည်ဖြစ်ကြောင်း၊ ထိုသို့ **သက်ဆိုင်ရာအခွန်ရုံး၏ စာဖြင့်ရေးသားတိုင်ကြားချက်မရှိဘဲ မူလမြို့နယ်တရားရုံးက အမှုကို လက်ခံစစ်ဆေးစီရင်ခြင်းမှာ စီရင်ပိုင်ခွင့်အာဏာမရှိဘဲ စစ်ဆေးခြင်းဖြစ်သည်ဟု ဆိုရမည်ဖြစ်ကြောင်း** အထူးအယူခံခုံရုံးက တိကျခိုင်မာစွာ ဆင်ခြင်သုံးသပ်ခဲ့သည်။

သို့အတွက် ဤအထူးအယူခံမှုကို ခွင့်ပြုပြီး မူလမြို့နယ်တရားရုံးက အယူခံတရားလို ဒေါ်တင်ကြည်အပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-၄၀၆ နှင့် ၄၆၈ တို့အရ စွဲချက်တင်သောအမိန့်နှင့် ၎င်းအမိန့်ကို အတည်ပြုသော ရန်ကုန်တိုင်းတရားရုံး (အရှေ့ပိုင်းခရိုင်)၏ အမိန့်နှင့် တရားရုံးချုပ်တို့၏အမိန့်တို့ကို ပယ်ဖျက်လိုက်ပြီး အယူခံတရားလို ဒေါ်တင်ကြည်ကို စွဲချက်မတင်မီ တရားရှင်လွှတ်ကြောင်း အထူးအယူခံခုံရုံးက အမိန့်ချမှတ်လိုက်သည်။

ဌာနဆိုင်ရာနှင့် သက်ဆိုင်သောကိစ္စရပ်များတွင် အမှုအခင်းဖြစ်ပွားပေါ်ပေါက်ပါက တရားလိုအဖြစ် စာဖြင့်ရေးသားတရားစွဲဆိုရမည့်သူမှာ မည်သူမည်ဝါဖြစ်ကြောင်း ဒေါ်တင်ကြည်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ ၂ ၁၉၉၉ ခုနှစ် ပြစ်မှုဆိုင်ရာအထူးအယူခံမှုအမှတ်-၄၂ ကို ရည်ညွှန်းကိုးကားရေးသားတင်ပြလိုက်ရပါသည်။

# မိုင်းပန်မြို့နယ် ညောင်ခုံခမ်းကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်မှု စစ်ဆေး

**မိုင်းပန် ဩဂုတ် ၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မိုင်းပန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် ညောင်ခုံခမ်းကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လင်းခေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလှမျိုးအောင်နှင့် တာဝန်ရှိသူများက ညောင်ခုံခမ်းကျေးရွာ၌ လမ်းအရှည် ခြောက်ဖာလုံ၊ အကျယ် ၁၅ ပေ၊ မြေသား အမြင့် တစ်ပေ ခင်းခြင်းလုပ်ငန်းနှင့် ၎င်းလမ်းပေါ်တွင် လမ်းအကျယ် ၁၂ ပေ၊ သဲဖြူနီးမြေအမြင့် ကိုးလက်မခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီစွာ ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

မိုင်းပန်မြို့နယ် ညောင်ခုံခမ်းကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်းကို ယခုဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၇၂ ဒသမ ၉၂၈ သန်းဖြင့် အောင်သရဖီကုမ္ပဏီက ဇူလိုင်လ တတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၂၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပါက ညောင်ခုံခမ်းကျေးရွာနေ ပြည်သူများ လမ်းပန်းဆက်သွယ်ရေး အဆင်ပြေမည်ဖြစ်ကြောင်း လင်းခေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလှမျိုးအောင်က ပြောပြ၍ သိရသည်။

**မင်းမြင့်မိုရ်**

# ဘိုကလေးမြို့နယ်တွင် ကွမ်းသီးစိမ်းအလုံး ၁၀၀ လျှင် ငွေကျပ် ၈၅၀၀ ထိ ဈေးကောင်းရရှိနေ



**ဘိုကလေး ဩဂုတ် ၉**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ်တွင် ကွမ်းသီးစိမ်းအလုံး ၁၀၀ လျှင် ငွေကျပ် ၈၅၀၀ ထိ ဈေးကောင်းရရှိနေကြောင်း ဘိုကလေးမြို့နယ်မှ ကွမ်းသီးစိမ်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဌေးဝင်းက ပြောပြ၍ သိရသည်။

ဘိုကလေးမြို့နယ်တွင် ပြီးခဲ့သည့် ဇွန်လနှင့်ဇူလိုင်လက ကွမ်းသီးစိမ်းအလုံး ၁၀၀ လျှင် ငွေကျပ် ၆၅၀၀ ထိသာ ဈေးရရှိခဲ့ပြီး ဩဂုတ် ၁ ရက်မှယနေ့ထိ ကွမ်းသီးစိမ်းအလုံး ၁၀၀ လျှင် ငွေကျပ် ၈၅၀၀ ထိ ဈေးကောင်းရရှိနေကြောင်း သိရသည်။

"လက်ရှိမှာ ဒေသထွက် ကွမ်းသီးစိမ်းတွေ အထွက်နှုန်းနည်းလာတာကြောင့် ဈေးကောင်းရရှိနေတာဖြစ်ပါတယ်။ ဩဂုတ်လပထမပတ်ကနေ စတင်ဈေးကောင်းရရှိနေတာပါ။ လက်ရှိ ကွမ်းသီးစိမ်းအလုံး ၁၀၀ ကို ငွေကျပ် ၈၅၀၀ ထိ ဈေးကောင်းရရှိနေပါတယ်။ ပြီးခဲ့တဲ့ ဇွန်လနဲ့ ဇူလိုင်လက အခုလောက် ကွမ်းသီးဈေးမရှိခဲ့ပါဘူး။ ဘိုကလေးမြို့နယ်မှာ ကွမ်းသီးအနုတွေ အဝယ်များလာတော့ ကွမ်းသီးအရင့်တွေရှားလာပြီး ဈေးကောင်းလာတာဖြစ်ပါတယ်။ ဘိုကလေးမြို့နယ်ဘက်ကထွက်တဲ့ကွမ်းသီးတွေကို ရန်ကုန်ဈေးကွက်ကို အဓိက တင်ပို့ရောင်းချနေပါတယ်"ဟု ဘိုကလေးမြို့နယ်ကွမ်းသီးစိမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဌေးဝင်းက ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ထွက်ရှိသည့် ကွမ်းသီးစိမ်းများကို ဒေသကွမ်းသီးရောင်းဝယ်ရေး လုပ်ငန်းရှင်များက ဝယ်ယူပြီး စနစ်တကျသန့်စင်ထုပ်ပိုးကာ ရန်ကုန်မြို့သို့ အဓိက တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ဘိုကလေးမြို့နယ်တွင် ကွမ်းသီးပင်ကို စီးပွားဖြစ်စိုက်ပျိုးသူများရှိပြီး စပါးစိုက်ပျိုးရေးလုပ်ငန်းနှင့် ယှဉ်တွဲကာ အိမ်ခြံကွက်များတွင်လည်း စိုက်ပျိုးကြကြောင်း ဘိုကလေးမြို့နယ်မှ ကွမ်းသီးစိမ်းရောင်းဝယ်ရေး လုပ်ငန်းရှင်များထံမှ သိရသည်။

**ကျော်ကျော်လင်း**

# မြဝတီမြို့နယ် သင်္ကာရကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မြဝတီ ဩဂုတ် ၉**

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန်နှင့် မိသားစုဝင်ငွေတိုးပွားစေရန်ရည်ရွယ်၍ ပူလွဲပူကျေးရွာအုပ်စု သင်္ကာရကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ဩဂုတ် ၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြဝတီခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစိုးနိုင်ဝင်း၊ မြဝတီမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်သူရနှင့်ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ သင်္ကာရကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ် လုပ်ငန်းများ ဆောင်ရွက်နေမှု၊ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ သင်္ကာရကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၅–၂၀၁၆ ဘဏ္ဍာနှစ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ လက်ရှိတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၁၅၃ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၅၄ ဒသမ ၅ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း မြဝတီခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစိုးနိုင်ဝင်းထံမှ သိရသည်။

**ဘိုဘို**

# ဇီးကုန်းမြို့နယ် ကျွဲခြံကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**ဇီးကုန်း ဩဂုတ် ၉**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် ဇီးကုန်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃–၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုရန်ပုံငွေဖြင့် ကျွဲခြံကျေးရွာ၌ ရေရရှိရေးလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ဩဂုတ် ၈ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပဲခူးတိုင်းဒေသကြီးကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးမျိုးအောင်၊ နတ်တလင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဌေးလွင်စိုး၊ ဇီးကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးပြည့်ဖြိုးအောင်နှင့် တာဝန်ရှိသူများက ကျွဲခြံကျေးရွာ၌ ရေရရှိရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တိုင်းဒေသကြီး ဦးစီးမှူးက တင်ဒါအောင်ကုမ္ပဏီမှ တာဝန်ရှိသူများနှင့်တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးအောင် အလေးထား ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ဇီးကုန်းမြို့နယ် ကျွဲခြံကျေးရွာ၌ အကျယ် ၄ ဒသမ ၅ လက်မ၊ အနက်ပေ ၄၀၀ ရှိ တွင်းနက်တူးဖော်ခြင်းလုပ်ငန်း၊ ၄၆၀၀ ဝပ်ဆိုလာတပ်ဆင်ခြင်း လုပ်ငန်းနှင့် ဂါလန် ၂၄၀၀ ဆံ့ ရေစုကန်တည်ဆောက်ခြင်း လုပ်ငန်းများကို ပြည်ထောင်စုရန်ပုံငွေကျပ် ၁၃ ဒသမ ၅၃၈၅ သန်း အသုံးပြုကာ အေးချမ်းပြည့်စုံကုမ္ပဏီက တာဝန်ယူ၍ ယခုနှစ် ဩဂုတ်လ ပထမပတ်မှစတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၁၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ လုပ်ငန်းများပြီးစီးပါက ကျေးရွာရှိ အိမ်ခြေ ၁၂၀ မှ လူဦးရေ ၃၇၀ နှင့် ကျွဲ၊ နွား၊ တိရစ္ဆာန်များအတွက် သောက်သုံးရေဖူလုံစွာရရှိမည်ဖြစ်ကြောင်း ဇီးကုန်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးပြည့်ဖြိုးအောင်က ပြောပြ၍ သိရသည်။



**ကိုညီ**

# နတ်မောက်မြို့နယ် ကြက်လျှာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နတ်မောက် ဩဂုတ် ၉**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် နတ်မောက်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေ ပြည်သူများ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် မိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ပထမအကြိမ်ထုတ်ချေးခြင်းကို ဩဂုတ် ၈ရက်က ကြက်လျှာကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ နတ်မောက်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးလင်းထွဋ်က မြစိမ်းရောင်ကျေးရွာစီမံကိန်းဆောင်ရွက်ရခြင်းရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းအကြောင်းအရာများရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ ပြောကြားပြီး မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေကျပ်သိန်း ၃၀၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ကြက်လျှာကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၇၇ ဦး၊ မွေးမြူရေး လုပ်ငန်းလုပ်ကိုင်သူ ၁၆ ဦး၊ အသေးစားစက်မှုလက်မှုလုပ်ငန်းလုပ်ကိုင်သူ ခြောက်ဦး စုစုပေါင်းအသင်းသား၊ အသင်းသူ ၉၉ ဦးကို ပထမအကြိမ်အဖြစ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံ ငွေကျပ်သိန်း ၃၀၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

နတ်မောက်မြို့နယ်အတွင်း မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄–၂၀၁၅ ဘဏ္ဍာနှစ်မှစတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ လက်ရှိတွင် ကျေးရွာ ၄၁ ရွာ၌ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**သူသူ(နတ်မောက်)**

# ရန်ကုန်တိုင်းဒေသကြီးအတွင်း စပါးခွံပွဲပြာမှ မြေဩဇာထုတ်လုပ်ဖြန့်ချိမည့်စီမံကိန်း ဆောင်ရွက်နေ

**နေပြည်တော် ဩဂုတ် ၉**

ရန်ကုန်တိုင်းဒေသကြီးအတွင်း စပါးခွံပွဲပြာမှ မြေဩဇာထုတ်လုပ်ဖြန့်ချိမည့်စီမံကိန်းကို ဆောင်ရွက်နေကြောင်း သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာကေသွယ်ခိုင်က ပြောပြ၍ သိရသည်။

အဆိုပါ စပါးခွံပွဲပြာမြေဩဇာသည် စပါးခွံပွဲပြာနှင့် ယူရီးယားရောစပ်ကာ မြေဩဇာအဖြစ် ထုတ်လုပ်ထားခြင်းဖြစ်ပြီး အဆိုပါစပါးခွံပွဲပြာမြေဩဇာကို FAO Guide-line အတိုင်း စနစ်တကျထုတ်လုပ်ထားခြင်းဖြစ်ရာ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စပါးစိုက်တောင်သူများ အသုံးပြုနိုင်ရန် ရည်ရွယ်ထုတ်လုပ်ခြင်းဖြစ်ကြောင်း သိရသည်။

"စပါးခွံပွဲပြာ မြေဩဇာကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နဲ့ သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာနတို့ ပူးပေါင်းထုတ်လုပ်တာဖြစ်ပါတယ်။ ဦးစီးဌာနအနေနဲ့ ထုတ်လုပ်မှုနည်းပညာပိုင်းကို အဓိက ဆောင်ရွက်ပေးနေပါတယ်။ ထုတ်လုပ်မှုအပိုင်းမှာလဲ မြေပြင်မှာ လက်တွေ့စမ်းသပ်မှုတွေပြုလုပ်ပြီးတော့မှ FAO Guide-line အတိုင်း စနစ်တကျထုတ်လုပ်ထားတာဖြစ်ပါတယ်။ ဒီမြေဩဇာကတော့ စိုက်ဧကတစ်ဧကကို တစ်တန်ကနေ သုံးတန်ထိ စိုက်ပျိုးမဲ့သီးနှံအမျိုးအစားပေါ် မူတည်ပြီး အသုံးပြုရမှာဖြစ်ပါတယ်။ စပါးခွံပွဲပြာ အမြောက်အမြားထွက်ရှိတဲ့ သီလဝါစက်မှုဇုန်ကနေ စပါးခွံပွဲပြာနမူနာတွေရယူပြီး ယူရီးယားနဲ့ပေါင်းစပ်ထုတ်လုပ်တာဖြစ်ပါတယ်။ စမ်းသပ်မှုတွေအရတော့ ဒီမြေဩဇာသုံးမယ်ဆိုရင် စပါးတစ်ဧကကို ၈ ဒသမ ၄ တင်း ပိုမိုထွက်ရှိလာတာ တွေ့ရပါတယ်" ဟု ဒေါက်တာ ကေသွယ်ခိုင်က ပြောပြသည်။

အဆိုပါ စပါးခွံပွဲပြာမြေဩဇာကို စပါးအပါအဝင် ပဲမျိုးစုံ စိုက်ကွက်များ၌ စမ်းသပ်အသုံးပြုရာတွင် စပါးတစ်ဧကလျှင် စပါးခွံပွဲပြာမြေဩဇာ သုံးတန်နှုန်း၊ ပဲလွမ်း တစ်ဧကလျှင် စပါးခွံပွဲပြာမြေဩဇာ တစ်တန်နှုန်း၊ နေကြာတစ်ဧကလျှင် စပါးခွံပွဲပြာမြေဩဇာ နှစ်တန်နှုန်း ထည့်သွင်း အသုံးပြုရမည်ဖြစ်ကြောင်း သိရသည်။

ASH

ဗလငါးတန် ဖွံ့ဖြိုးဖို့
စာအုပ်စာပေ ဖတ်ကြစို့

# အာဖဂန်နစ္စတန်ဆိုင်ရာ တရုတ်နိုင်ငံ၏ အဂ္ဂမဟာဗျူဟာအလားအလာ

မောင်စိန်အိ(နဘဲမြေ)

တရုတ်နိုင်ငံ၏အဂ္ဂမဟာဗျူဟာသည် ၎င်း၏ အကျိုးစီးပွားများ ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ကမ္ဘာလုံးဆိုင်ရာလွှမ်းမိုးမှုတိုးချဲ့ခြင်း၊ ၎င်း၏နယ်စပ်ဒေသများနှင့် အစွန်အဖျားဒေသများအတွင်း တည်ငြိမ်အေးချမ်းမှုထိန်းသိမ်းရေးအပါအဝင် ရည်မှန်းချက်များစွာလွှမ်းခြုံပါဝင်လျက်ရှိသည်။ ဒေသတွင်း၌ ပဋိပက္ခများဖြစ်ပေါ်နေခြင်းနှင့် ပြုပြင်ပြောင်းလဲမှုမောင်းနှင်အားများကြောင့် အာဖဂန်နစ္စတန်နိုင်ငံတည်ငြိမ်အေးချမ်းမှုအလားအလာသည် တရုတ်နိုင်ငံ၏မဟာဗျူဟာရည်မှန်းချက်များနှင့် အိမ်နီးချင်းနိုင်ငံတို့ကြား မဟာမိတ်ဆက်ဆံရေးထူထောင်ရန် အခွင့်အလမ်းတစ်ရပ်ဖြစ်လာခဲ့သည်။

အာဖဂန်နစ္စတန်တွင် ဆယ်စုနှစ် နှစ်ခုကြာမအောင်မြင်သောမစ်ရှင်ထမ်းဆောင်ပြီးနောက် အမေရိကန်တို့အလျင်စလိုထွက်ခွာသွားခဲ့ရပြီး တာလီဘန်တို့၏အာဏာပြန်လည်ရရှိလာမှုနှင့်အတူ အာဖဂန်နစ္စတန်သည် အရေးပါသောဆုံမှတ်တစ်ခု ဖြစ်လာခဲ့သည်။ နိုင်ငံ၏အနာဂတ်သည် မသေချာမရေရာမှုများဖြစ်လာခဲ့ပြီး တည်ငြိမ်အေးချမ်းမှု ပျက်ပြားလာခြင်းသည် တရုတ်နိုင်ငံအတွက် သိသာထင်ရှားသော စိုးရိမ်ပူပန်မှုများဖြစ်လာခဲ့သည်။ ဒေသတွင်း တည်ငြိမ်အေးချမ်းမှုထိန်းသိမ်းရေးလုပ်ငန်းစဉ်ကို မဖြစ်မနေရင်ဆိုင်ဖြေရှင်းရမည်ဖြစ်သည့်အတွက် တရုတ်၏ တုံ့ပြန်မှုသည် အာဖဂန်နစ္စတန်နိုင်ငံတွင်းနှင့် နိုင်ငံပြင်ပတို့ရှိ တည်ငြိမ်အေးချမ်းမှုတို့အပေါ် မူတည်လာလျက်ရှိသည်။ ထို့ကြောင့် တရုတ်နိုင်ငံ၏ အဓိကတုံ့ပြန်ဆောင်ရွက်မှုလမ်းကြောင်းသည် ပါကစ္စတန်၊ တာလီဘန်တို့နှင့် ခိုင်မာအားကောင်းသော ဆွေးနွေးညှိနှိုင်းမှုများ လုပ်ဆောင်သွားသလို ဖြစ်ပေါ်လာနိုင်သော ဘေးအန္တရာယ်များ လျှော့ချနိုင်ရေးအတွက် အာဖဂန်နစ္စတန် လုံခြုံရေးအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်သွားမည့်နည်းလမ်းကိုလည်း ရှာဖွေခဲ့သည်။

အာဖဂန်နစ္စတန်ရေးရာများတွင် တရုတ်နိုင်ငံ၏ တက်ကြွစွာ ထိတွေ့ဆက်ဆံဆောင်ရွက်မှုသည် အလယ်အာရှနှင့်တောင်အာရှတို့၌ အာဖဂန်နစ္စတန်နိုင်ငံ၏ မဟာဗျူဟာမြောက်တည်ရှိနေမှုနှင့် အရင်းအမြစ်များ ပေါကြွယ်ဝမှုတို့၏ မောင်းနှင်အားများကြောင့်ပင်ဖြစ်ကြောင်း နိုင်ငံရေးလေ့လာသုံးသပ်သူများက ပြောဆိုလျက်ရှိသည်။ အာဖဂန်နစ္စတန်တွင် လစ်သီယံ၊ ကြေးနီနှင့် မြေရှားဒြပ်စင်များအပါအဝင် တန်ဖိုးမဖြတ်နိုင်သော အရင်းအမြစ်များသည် များစွာစိတ်ဝင်စားဖွယ်ကောင်းနေသည်။ အထူးသဖြင့် တရုတ်နိုင်ငံအတွက် စိတ်ဝင်စားဖွယ်ရာများဖြစ်နေသည်။ ကမ္ဘာ့အကြီးမားဆုံး ကုန်ကြမ်းပစ္စည်းဝယ်ယူသူဖြစ်သည့် တရုတ်နိုင်ငံက အဆိုပါအရင်းအမြစ်များကို ၎င်း၏စီးပွားရေးလုပ်ငန်းချဲ့ထွင်မှုနှင့် နည်းပညာဆိုင်ရာ တိုးတက်ပြောင်းလဲမှုတို့အတွက် အရေးပါသော အရင်းအမြစ်များအဖြစ် ရှုမြင်ထားရှိသည်။

အခြားတစ်ဖက်ကကြည့်လျှင်လည်း အာဖဂန်နစ္စတန်တွင် တည်ငြိမ်အေးချမ်းမှုပျက်ပြားနေခြင်းသည် တရုတ်နိုင်ငံ၏လုံခြုံရေးဆိုင်ရာမူဝါဒ၊ အထူးသဖြင့် သမားရိုးကျမဟုတ်သော နယ်စပ်ဖြတ်ကျော်လုံခြုံရေးဆိုင်ရာစိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းရာတွင် သိသာထင်ရှားသော စိန်ခေါ်မှုများဖြစ်ပေါ်စေလျက်ရှိသည်။

အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းဖြစ်သည့် တရုတ်နိုင်ငံ၏ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်း(BRI)သည် ကမ္ဘာတစ်ဝန်းရှိ နိုင်ငံပေါင်းစုံကို ချိတ်ဆက်ဆောင်ရွက်မှု ခိုင်မာအားကောင်းလာစေရန်ပင်ဖြစ်သည်။ အာဖဂန်နစ္စတန်၏မဟာဗျူဟာမြောက်တည်ရှိနေမှုသည် တရုတ်နိုင်ငံကို အလယ်အာရှမှကျော်လွန်၍ အခြားသောဒေသများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ရေးအတွက် အရေးပါသောထွက်ပေါက်တစ်ခုအဖြစ် သယ်ပိုးပေးလျက်ရှိသည်။ အာဖဂန်နစ္စတန်တည်ငြိမ်အေးချမ်းမှုသည် တရုတ်-ပါကစ္စတန်စီးပွားရေးစင်္ကြံ (CPEC)အပါအဝင် BRI စီမံကိန်းများ အောင်မြင်ရေးအတွက် များစွာအရေးပါလျက်ရှိသည်။ တရုတ်နိုင်ငံ၏စီးပွားရေးနှင့် သံတမန်ရေးရည်မှန်းချက်များ အောင်မြင်မှုရရှိရေးအတွက် BRI စီမံကိန်းကိုအကျိုးရှိစွာ အကောင်အထည်ဖော်သွားရန်လိုအပ်သည်။ ၎င်းစီမံကိန်းသည် တရုတ်နိုင်ငံ၏ စီးပွားရေးပြုပြင်ပြောင်းလဲမှုကို အဆင်ပြေချောမွေ့စေမည့်အပြင် အာဖဂန်နစ္စတန်၏ သာတူညီမျှဖွံ့ဖြိုးတိုးတက်မှုကိုလည်း အထောက်အကူပြုစေမည်ဖြစ်သည်။

တရုတ်နိုင်ငံသည် အာဖဂန်နစ္စတန် ပဋိပက္ခဖြေရှင်းရာတွင် အရေးပါသူ Stakeholder အဖြစ်လည်းကောင်း၊ အိမ်နီးချင်း၏ နိုင်ငံ့အရေး ဖြေရှင်းရေးအတွက် အင်အားကြီးနိုင်ငံအဖြစ်လည်းကောင်း၊ ပဋိပက္ခအလွန် ပြန်လည်တည်ဆောက်မှုနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတို့တွင် အဓိကနိုင်ငံအဖြစ်လည်းကောင်း ပါဝင်ဆောင်ရွက်သွားရန် ရှုမြင်ထားရှိသည်။



အာဖဂန်နစ္စတန်တွင် အစိုးရဖွဲ့စည်းရေးအတွက် လူတန်းစားအလွှာပေါင်းစုံမှ ပုဂ္ဂိုလ်များပါဝင်မည်ဆိုသော တာလီဘန်တို့၏ကတိကဝတ်သည် လက်ရှိအချိန်ထိ လက်တွေ့နှင့်ဝေးကွာလျက်ရှိသည်။ ထို့ကြောင့် တရုတ်နိုင်ငံသည် စဉ်ဆက်မပြတ် ထိတွေ့ဆက်ဆံဆောင်ရွက်ခြင်းအားဖြင့် အာဖဂန်နစ္စတန်အနာဂတ်သာယာလှပစေရန် သတိထားကိုင်တွယ်ဆောင်ရွက်လျက်ရှိသည်။

၂၀၁၂ ခုနှစ်နောက်ပိုင်းမှစ၍ အာဖဂန်နစ္စတန်တွင် တရုတ်နိုင်ငံ၏ပါဝင်ဆောင်ရွက်မှုသည် သိသိသာသာ တိုးတက်လာလျက်ရှိသည်။ အလယ်အာရှတည်ငြိမ်အေးချမ်းမှုနှင့်စပ်လျဉ်း၍ စိုးရိမ်ပူပန်မှုနှင့် တရုတ်နိုင်ငံ၏ အနောက်ပိုင်းပြည်နယ်များ၊ အထူးသဖြင့် ရှင်ကျန်းပြည်နယ်အပေါ် လုံခြုံရေးဆိုင်ရာသက်ရောက်မှုများ ဖြစ်ပေါ်လာနိုင်မှုတို့ကြောင့် အာဖဂန်နစ္စတန်အရေးတွင် တရုတ်နိုင်ငံ၏ စိတ်ဝင်စားမှုပိုမိုမြင့်တက်လာခဲ့သည်။ တရုတ်နိုင်ငံသည် BRI နှင့် CPEC အောင်မြင်မှုအပါအဝင် ၎င်း၏စီးပွားရေးဆိုင်ရာရည်မှန်းချက်များကို ကာကွယ်စောင့်ရှောက်ရေးအတွက် လုံခြုံရေးဆိုင်ရာစိုးရိမ်ပူပန်မှုများနှင့် အာဖဂန်နစ္စတန် တည်ငြိမ်အေးချမ်းမှု ခိုင်မာသေချာရေးတို့ကို ကိုင်တွယ်ဖြေရှင်းရန်လိုအပ်ကြောင်း အသိအမှတ်ပြုထားသည်။ တရုတ်သည် ငြိမ်းချမ်းရေးဆိုင်ရာကြိုးပမ်းမှုများ၊ လျှုဒါန်းထောက်ပံ့မှုများအပြင် အရင်းအမြစ်ထုတ်ယူမှုနှင့် အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်မှုတို့တွင် ရင်းနှီးမြှုပ်နှံမှုများဆောင်ရွက်ခြင်းအားဖြင့် အာဖဂန်နစ္စတန်နှင့်ထိတွေ့ဆက်ဆံမှုများဆောင်ရွက်ခဲ့သည်။ သို့သော် အာဖဂန်နစ္စတန်၏ လုံခြုံရေးအခြေအနေနှင့် ပြည်ပပို့ကုန်တင်ပို့နိုင်မှု စွမ်းဆောင်ရည်နည်းပါးခြင်းတို့ကြောင့် အာဖဂန်နစ္စတန်ရှိ တရုတ်၏စီးပွားရေးဆိုင်ရာ ရည်မှန်းချက်များသည် စိန်ခေါ်မှုများနှင့် ရင်ဆိုင်ရလျက်ရှိသည်။

မည်သို့ပင်ဆိုစေ တရုတ်ကုမ္ပဏီများသည် အာဖဂန်နစ္စတန်တွင် ရင်းနှီးမြှုပ်နှံမှုများ လုပ်ဆောင်လျက်ရှိသည်။ ၂၀၂၃ ခုနှစ် ဇန်နဝါရီလတွင် တရုတ်ကုမ္ပဏီကြီးတစ်ခုသည် ဒေါ်လာများစွာတန်ဖိုးရှိသော ကန်ထရိုက်စာချုပ်တစ်ရပ် လက်မှတ်ရေးထိုးခဲ့သဖြင့် ၂၀၂၁ ခုနှစ် ဩဂုတ်လအတွင်း တာလီဘန်တို့ အာဏာသိမ်းပြီးကတည်းက အာဖဂန်နစ္စတန်တွင် သိသာထင်ရှားသော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြစ်လာခဲ့သည်။ အာဖဂန်နစ္စတန်တွင် တရုတ်နိုင်ငံ၏ပါဝင်ဆောင်ရွက်မှုသည် လုံခြုံရေးဆိုင်ရာစိုးရိမ်ပူပန်မှုများထက် စီးပွားရေးဆိုင်ရာအကျိုးစီးပွားများက ပိုမိုလျက်ရှိကြောင်း လေ့လာသုံးသပ်သူများက ယုံကြည်ယူဆထားသည်။

အာဖဂန်နစ္စတန်တွင် တရုတ်နိုင်ငံ၏စစ်ဘက်အခန်းကဏ္ဍကိုလည်း တိုးချဲ့လာလျက်ရှိပြီး Badakhshan ပြည်နယ်တွင် စစ်အခြေစိုက်စခန်းတစ်ခုထူထောင်ထားရှိကြောင်းနှင့် အာဖဂန်နစ္စတန်တောင်ပေါ်တပ်မဟာကိုလည်း ဘဏ္ဍာငွေထောက်ပံ့ထားရှိကြောင်း သတင်းများတွင် အစီရင်ခံထားသည်။ တရုတ်နိုင်ငံသည် ၎င်း၏ စစ်ဘက်အခန်းကဏ္ဍပါဝင်မှုကို သိုသိုသိပ်သိပ်ဆောင်ရွက်ပြီး စွမ်းဆောင်ရည်တည်ဆောက်မှုနှင့် အကြမ်းဖက်ဝါဒတုံ့ပြန်ရေးကြိုးပမ်းမှုများကို အလေးထားဆောင်ရွက်လျက်ရှိသကဲ့သို့ ၎င်း၏အဓိကရည်မှန်းချက်သည် Wakhan Corridor တွင် အစ္စလာမ္မစ်လှုပ်ရှားမှုအဖွဲ့၏ လေ့ကျင့်ရေးအခြေစိုက်စခန်းများကို အမြစ်ပြတ်ချေမှုန်းဖယ်ရှားသွားရန်နှင့် ရှင်ကျန်းပြည်နယ်သို့ ဂျီဟတ်လှုပ်ရှားမှုများစိမ့်ဝင်လာမှုကို တားဆီးကာကွယ်သွားရန်ပင်ဖြစ်သည်။

၂၀၂၃ ခုနှစ် မတ် ၆ ရက်တွင် အစ္စလာမ်မာဘတ်မြို့၌ပြုလုပ်ခဲ့သည့် တရုတ်-အာဖဂန်နစ္စတန်-ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီးများ၏ ၅ ကြိမ်မြောက်ဆွေးနွေးပွဲကာလ အတွင်းဝန်ကြီးများသည် အာဖဂန်နစ္စတန် တည်ငြိမ်အေးချမ်းသာယာဝပြောမှုအတွက် သုံးနိုင်ငံပူးပေါင်းဆောင်ရွက်မှု၏ အရေးပါမှုကိုအလေးထားဆွေးနွေးခဲ့ကြသည်။ အာဖဂန်နစ္စတန် တည်ငြိမ်အေးချမ်းခြင်းသည် ဒေသတစ်ခုလုံး၏ အကျိုးစီးပွားကို သယ်ပိုးစေနိုင်မည်ဖြစ်သည်။ ဝန်ကြီးများသည် အာဖဂန်နစ္စတန်ပါဝင်မှုဖြင့် CEPC ကိုတိုးချဲ့ဖွံ့စည်းသွားရန်၊ တာ့ခ်မန်နစ္စတန်-အာဖဂန်နစ္စတန်-ပါကစ္စတန်-အိန္ဒိယသဘာဝဓာတ်ငွေ့ပိုက်လိုင်းကဲ့သို့သော ရှိရင်းစွဲဒေသတွင်းချိတ်ဆက်မှုစီမံကိန်းအပြင် ဒေသတွင်းချိတ်ဆက်မှုအတွက် အာဖဂန်နစ္စတန် ဖြတ်ကျော်ရထားလမ်းစီမံကိန်းတို့၏အရေးပါမှုကိုလည်း အလေးထားဆွေးနွေးသွားခဲ့သည်။ ၎င်းတို့သည် အာဖဂန်နစ္စတန်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးကြိုးပမ်းမှုများအတွက် အခြေခံအဆောက်အအုံများ အဆင့်မြှင့်တင်ရန်၊ ကုန်သွယ်မှုအဆင်ပြေချောမွေ့စေရန်နှင့် နိုင်ငံတကာ အထောက်အပံ့များကိုလည်း တောင်းဆိုခဲ့ကြသည်။

တရုတ်နိုင်ငံသည် တာလီဘန်နှင့်အမေရိကန်တို့ကြား စာချုပ်ချုပ်ဆိုပြီးနောက် အာဖဂန်နစ္စတန်အခြေအနေနှင့်စပ်လျဉ်း၍ သတိထားဆောင်ရွက်လျက်ရှိသည်။ အထူးသဖြင့် တာလီဘန်အစိုးရအပေါ် ဆန့်ကျင်ဘက်များ မြင့်တက်လာမည်ဆိုလျှင် လုံခြုံရေးယိုယွင်းပျက်ပြားလာနိုင်မှုနှင့်စပ်လျဉ်း၍ စိုးရိမ်ပူပန်လျက်ရှိသည်။ တရုတ်နိုင်ငံအနေဖြင့် တစ်နိုင်ငံတည်းချဉ်းကပ်သည့်ပုံစံထက် နိုင်ငံပေါင်းစုံပါဝင်သော ချဉ်းကပ်မှုကို ပိုမိုစိတ်အားထက်သန်လျက်ရှိသည်။ ဆိုလိုသည်မှာ တရုတ်တပ်ဖွဲ့နှင့် ကုလသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းမှုမစ်ရှင်၏ပါဝင်ဆောင်ရွက်မှုကို ပိုမိုလိုလားလျက်ရှိသည်။ တရုတ်နိုင်ငံအနေဖြင့် အာဖဂန်နစ္စတန်၏ ပြည်တွင်းရေးရာများတွင် တိုက်ရိုက်ပါဝင်ပတ်သက်မှုမရှိသည့်အပြင် အာဖဂန်နစ္စတန်၏သမိုင်းကြောင်းဆိုင်ရာဂုဏ်သိက္ခာအပေါ်တွင်လည်း အလေးထားလျက်ရှိသောကြောင့် တစ်နိုင်ငံတည်းဝင်ရောက်စွက်ဖက်ခြင်းသည် လျော်ကန်သင့်မြတ်မှုမရှိကြောင်း ယုံကြည်ယူဆထားသည်။

ကုလသမဂ္ဂ၏ ရွေးချယ်မှုတွင်စိန်ခေါ်မှုရှိနေမည်ဆိုလျှင် တရုတ်နိုင်ငံသည် အာဖဂန်နစ္စတန်တွင် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့(SCO)၏ ပိုမိုပါဝင်ဆောင်ရွက်နိုင်မှုအလားအလာကို လေ့လာသွားဖွယ်ရာရှိသည်။ SCO အနေဖြင့် လုံခြုံရေးဆိုင်ရာ သီးခြားစွမ်းဆောင်ရည်များမရှိသော်လည်း နိုင်ငံရေးဆိုင်ရာတရားဝင်ဖြစ်မှုနှင့် အမေရိကန်အလွန်အာဏာလစ်ဟာမှုဖြစ်ပေါ်နေစဉ် ဒေသတွင်းအတည်ပြုမှုတို့ကိုထောက်ခံမှု ပြုလုပ်သွားနိုင်သည်။ အာဖဂန်နစ္စတန်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် တရုတ်နိုင်ငံ၏ပါဝင်ဆောင်ရွက်မှုသည် SCO ၏လုံခြုံရေးဆိုင်ရာယန္တရားများနှင့် မူဘောင်များတွင် ပူးပေါင်းဆောင်ရွက်မှုအပါအဝင် ဒေသဆိုင်ရာခိုင်မာသေချာမှုနှင့် နိုင်ငံတကာထောက်ခံမှုများအပေါ်တွင် မူတည်လျက်ရှိသည်။

တရုတ်နိုင်ငံသည် ဒေသတွင်းလွှမ်းမိုးမှုကိုချဲ့ထွင်လျက်ရှိသည့်အပြင် အရေးပါသူအဖြစ်ရပ်တည်နိုင်ရန်ကြိုးပမ်းလျက်ရှိသည်။ တရုတ်နိုင်ငံသည် အာဖဂန်နစ္စတန်နှင့် ထိတွေ့ဆက်ဆံမှုများ လုပ်ဆောင်ခြင်းအပြင် သံခင်းတမန်ခင်းမဟာမိတ်များ ခိုင်မာအောင်ဆောင်ရွက်ခြင်းဖြင့် ၎င်း၏ဆော့ဖ်ပါဝါကို စွဲကိုင်ထားနိုင်ရန် ကြိုးပမ်းလျက်ရှိသည်။ အဆိုပါ မဟာဗျူဟာမြောက်လှုပ်ရှားမှုသည် တရုတ်နိုင်ငံကို ဒေသတွင်းရေးရာများတွင် အဓိကလွှမ်းမိုးဆောင်ရွက်သူ၊ အိမ်နီးချင်းနိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးမှုခိုင်မာအောင် ဆောင်ရွက်သွားရန်နှင့် အလုံးစုံလွှမ်းမိုးချုပ်ကိုင်နိုင်မှု လုပ်ဆောင်နိုင်ရန် ရည်မှန်းထားရှိခြင်းဖြစ်သည်။ အနာဂတ်အာဖဂန်နစ္စတန်အရေးတွင် တရုတ်နှင့် အမေရိကန်တို့၏ ပူးပေါင်းဆောင်ရွက်မှုသည် မသေချာမရေရာလျက်ရှိသော်လည်း တရုတ်အနေဖြင့် ပူးပေါင်းဆောင်ရွက်သွားရန်ဆန္ဒရှိကြောင်း ထုတ်ဖော်ပြောဆိုလျက်ရှိသည်။ လွန်ခဲ့သော ၁၀ နှစ်က အာဖဂန်နစ္စတန်တွင် စွမ်းဆောင်ရည်များတည်ဆောက်ရာ၌ တရုတ်နှင့် အမေရိကန်တို့ကြားပူးပေါင်းဆောင်ရွက်မှုများရှိခဲ့သည်။ အာဖဂန်နစ္စတန်အရေးတွင် တရုတ်၏ ချဉ်းကပ်ဆောင်ရွက်မှုသည် သတိထားပြီးလိုက်လျောညီထွေဆောင်ရွက်လျက်ရှိသဖြင့် ထူးခြားလေးနက်လျက်ရှိသည်။ အာဖဂန်နစ္စတန်၏အနာဂတ်အတွက် တရုတ်နိုင်ငံ၏တစိုက်မတ်မတ်ပါဝင်ဆောင်ရွက်မှုသည် ဒေသတွင်းတည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့ကို အထောက်အကူဖြစ်စေမည်မှာ အသေအချာပင်ဖြစ်ပေသည်။

**ကိုးကား**

**- Afghanistan in China's Grand Strategy By the Diplomat.**

## ဗိုလ်လောင်းလျှောက်လွှာများ ထုတ်ယူ/တင်သွင်းခြင်းအား ထပ်မံရက်တိုးမြှင့်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးခြင်း

စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်၊ တပ်မတော်ဆေးတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ်အမျိုးသမီး ဗိုလ်လောင်းလျှောက်လွှာများ ထုတ်ယူ/တင်သွင်းခြင်းကို **၃၁-၇-၂၀၂၃ ရက်နေ့** (အစား) **၁၂-၈-၂၀၂၃ ရက်နေ့**အထိ ထပ်မံရက်တိုးမြှင့်ဆောင်ရွက်ပေးသွားမည်ဖြစ်၍ နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် ဗိုလ်လောင်းလျှောက်လွှာများ ဆက်လက်ထုတ်ယူ/တင်သွင်းခြင်းများ ဆောင်ရွက်နိုင်ကြောင်းနှင့် လျှောက်လွှာထုတ်ယူထားသူများအနေဖြင့်လည်း ဗိုလ်လောင်းလျှောက်လွှာများအား အချိန်မီပြန်လည်တင်သွင်းကြရန် အသိပေးအပ်ပါသည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

- Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။
- မကြာခဏ ထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူပြုစေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

**စာပေမြင့်မှ လူမျိုးတင့်မည်**

## ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၂၄၀၉၃ ဧက စိုက်ပျိုးပြီးစီး



**ကျွန်းလှ ဩဂုတ် ၉**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၂၄၀၉၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြ၍ သိရသည်။

ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၃၄၀၉၃ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇွန်လမှစတင် စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၂၄၀၉၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ကျွန်းလှမြို့နယ်မှာ ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မိုးစပါးဧက ၃၀၀၀၀ ကျော်စိုက်ပျိုးဖို့ လျာထားတယ်။ လက်ရှိ မိုးစပါး ၂၄၀၉၃ ဧကစိုက်ပြီးပါပြီ။ မိုးစပါးဧက လျာထားချက်ပြည့်မီအောင် စိုက်ပျိုးသွားမှာပါ။ ကျွန်းလှမြို့နယ်မှာ မိုးစပါးစိုက်ပျိုးမှုကတော့ တိုးလာပါတယ်။ အထွက်နှုန်းကောင်းမွန်ဖို့၊ စိုက်နည်းစနစ်တွေ မှန်ကန်ဖို့၊ အချိန်မီစိုက်ပျိုးကြဖို့ ဆောင်ရွက်လျက်ရှိပါတယ်"ဟု ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြသည်။

ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စိုက်ပျိုးထားသော မိုးစပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းမွန်စေရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးခြင်း၊ ပိုးမွှားကျရောက်မှုကင်းထောက်ခြင်း၊ တမန်းနှိုးပေါင်းထိုးခြင်း၊ မျိုးကွဲနုတ်ပယ်ခြင်း၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲခြင်း စသည့်စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်းများကို ကွင်းဆင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ကျွန်းလှမြို့နယ်တွင် မိုးသီးနှံ စိုက်ပျိုးရာသီ၌ ဒေသရာသီဥတုနှင့် ကိုက်ညီသည့် ရောမင်း၊ မနောသုခ၊ ဆင်းသုခ၊ ရွှေသွယ်ရင် စပါးမျိုးများကို စိုက်ပျိုးကြကြောင်း သိရသည်။

ကျွန်းလှမြို့နယ်အတွင်းရှိ လယ်ယာမြေများသည် မိုးကောင်းသောက်ဖြစ်သော်လည်း မိုးစပါးအချိန်မီ စိုက်ပျိုးနိုင်ရန်အတွက် ချောင်းပိတ်၊ မြောင်းပိတ်နှင့် မြေအောက်ရေတင်ပြီး ပျိုးထောင်ခြင်း၊ မြေယာပြုပြင်ခြင်း လုပ်ငန်းများ ဆောင်ရွက်နေကြောင်း သိရသည်။

ကျွန်းလှမြို့နယ်တွင် ပြီးခဲ့သည့် မိုးသီးနှံ စိုက်ပျိုးရာသီက မိုးစပါး ၂၉၄၉၂ ဧကစိုက်ပျိုးရန် လျာထားပြီး ၂၀၂၂ ခုနှစ် ဇွန်လမှစတင်၍ စက်တင်ဘာလထိ စိုက်ပျိုးခဲ့ရာ ၃၄၀၉၃ ဧက စိုက်ပျိုးနိုင်ခဲ့ကာ တစ်ဧကလျှင် ပျမ်းမျှ ၇၃ ဒသမ ၄၇ တင်းထွက်ရှိကြောင်း၊ ကျွန်းလှမြို့နယ်တွင် ပြီးခဲ့သည့် မိုးသီးနှံစိုက်ပျိုးရာသီက မိုးစပါးစိုက်ပျိုးထုတ်လုပ်မှုအနေဖြင့် ရောမင်း ၁၄၄၁၇ ဧက၊ မနောသုခ ၉၁၃၈ ဧက၊ ဆင်းသုခ ၇၁၈၇ ဧက၊ ရွှေသွယ်ရင် ၂၉၅၁ ဧက စုစုပေါင်း ၃၄၀၉၃ ဧကဖြစ်ကြောင်း ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၂၀၆)

**ခြင်ဆေးခွေသုံးလျှင် သတိယှဉ် အောက်တွင်ခံခွက် မမေ့နှင့်**

## ဇေယျာသီရိမြို့နယ် ရွှေဗဟိုလ်ကျေးရွာ၌ အခြေခံစက်ချုပ်သင်တန်းဖွင့်ပွဲ ကျင်းပ

**နေပြည်တော် ဩဂုတ် ၉**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိခရိုင် ဇေယျာသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံစက်ချုပ်သင်တန်းဖွင့်ပွဲကို ဩဂုတ် ၈ ရက် နံနက်ပိုင်းက ကျွန်းရောင်းကျေးရွာအုပ်စု ရွှေဗဟိုလ်ကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ နေပြည်တော် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးသန်းဦးက သင်တန်းသူများအနေဖြင့် သင်တန်းက သင်ကြားပေးမည့်ပညာများကို ကြိုးစားလေ့လာသင်ယူကြရန်နှင့် သင်ထောက်ကူပစ္စည်းများကို ပံ့ပိုးပေးမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် သင်တန်းနည်းပြများက သင်တန်း တက်ရောက်ရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ သင်တန်းတွင် သင်ကြားပို့ချမည့်ဘာသာရပ်များကို ရှင်းလင်းပြောကြားပြီး ဇေယျာသီရိခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စိုးစိုးဦးက သင်ထောက်ကူပစ္စည်းများကို သင်တန်းသူများထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

အဆိုပါသင်တန်းသို့ ရွှေဗဟိုလ်ကျေးရွာ၊ ရွှေပေးကျေးရွာ၊ ကြို့ပင်ဆိပ်ကျေးရွာ၊ ရွှေကန်သာကျေးရွာနှင့်ရွှေသင်းဖြူကျေးရွာမှ သင်တန်းသူဦးရေ ၂၀ တက်ရောက်ကြပြီး သင်တန်းတွင် ချုပ်ရိုး ၁၅ မျိုး၊ ပုဆိုးချုပ်နည်း၊ ထဘီချုပ်နည်း၊ ရင်ဖုံးအင်္ကျီချုပ်နည်း၊ ရင်စေ့အင်္ကျီချုပ်နည်းများကို ကျွမ်းကျင်နည်းပြနှစ်ဦးက ဩဂုတ် ၈ ရက်မှ စက်တင်ဘာ ၁၂ ရက်ထိ စာတွေ့၊ လက်တွေ့နှစ်မျိုးဖြင့် အခမဲ့သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ရီသန်းညွန့်**






မာဘယ်ကျောက်ပြားစက်ရုံ(မန္တလေး)

အီတလီနိုင်ငံထုတ် ခေတ်မီစက်ကရိယာများ အသုံးပြုကာ
အီတလီနည်းပညာဖြင့်ထုတ်လုပ်ထားသည့် အရည်အသွေးကောင်းမွန်သော
နေပူခံကျောက်ပြား၊ အိမ်တွင်းအလှဆင် ကျောက်ပြားနှင့်ရေချိုးခန်းသုံးကျောက်ပြား အရွယ်အစားမျိုးစုံ . . . .

CNC 3D ရုပ်လုံးဖော်စက်ကြီးများ အသုံးပြု၍ ဗုဒ္ဓဆင်းတုတော်များ၊ ရုပ်ထုများ
ကျောက်ထွင်းပန်းချီကားများ၊လူသုံးကုန်ပစ္စည်းများအား ထုတ်လုပ် ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။





ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၀၂၃၀၆၃၉
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၃၀၈၆၀၀၈၀
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့ ဖုန်း - ၀၉ ၆၆၀၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


## ဒေါ်စမ်းစမ်းမူ နှင့် အများသိစေရန် ကြေညာခြင်း

တံတားဦးမြို့နယ်၊ ကျောက်ဖူးကျေးရွာနေ (ဘ) ဦးကျော်လေး ၏သားဖြစ်သူ ဦးစံဖဲ (ခ) ဦးဝင်းလှိုင် (၉/တတဥ(နိုင်)၁၀၇၆၅၁) ကိုင်ဆောင်သူသည် ဒေါ်စမ်းစမ်းမူ အား (၁၀-၄-၂၀၁၇) နေ့က တံတားဦးမြို့နယ် မြေစာရင်းရုံးတွင် လွှဲစာအမှတ် (၃၅/၂၀၁၇) ဖြင့် အထွေထွေကိုယ်စားလှယ်လွှဲစာအား လွှဲအပ်ခဲ့ပါသည်။

သို့သော် အဆိုပါ (၁၀-၄-၂၀၁၇)နေ့စွဲပါ အထွေထွေ ကိုယ်စားလှယ်လွှဲစာအား ယခုကြော်ငြာပါသည့်နေ့မှစ၍ ဆက်လက်လွှဲအပ်ခြင်းမပြုဘဲ ပြန်လည်ရုပ်သိမ်းကြောင်း ဒေါ်စမ်းစမ်းမူ နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးစံဖဲ(ခ)ဦးဝင်းလှိုင် (ဘ) ဦးကျော်လေး**
**(၉/တတဥ(နိုင်)၁၀၇၆၅၁)**
**တံတားဦးမြို့နယ်၊ ကျောက်ဖူးကျေးရွာ**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ပြင်ဦးလွင်မြို့နယ်၊ အောင်ချမ်းသာကျေးရွာနေ ဦးမောင်ငွေး-ဒေါ်သန်းနွဲ့ တို့၏သားဖြစ်သူ **မောင်သန်းငွေးအောင် (၉/ပဥလ(နိုင်)၀၉၈၈၅၈)** သည် မိဘတို့၏ဆိုဆုံးမမှုကို မနာခံဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝအား လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

*(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)*

**ဦးမောင်ငွေး (၉/မမန(နိုင်)၀၆၅၁၄၂)**
**ဒေါ်သန်းနွဲ့ (၉/မမန(နိုင်)၀၆၅၁၄၃)**

## “အနူးအညွတ်တောင်းပန်ခြင်း”

ကျွန်မ မဖြိုးဖြိုး (ခ) မသဲစုငယ် (ခ) မငယ် (ဘ) ဦးမြင့်မော် (၉/အမရ(နိုင်)၁၃၂၇၀၈) သည် Tiktok လူမှုကွန်ရက်စာမျက်နှာ **“သူကြီးသမီးဇီးထလျှက်”** အကောင့်တွင် Post တစ်ခုတင်ခဲ့ပါသည်။ ၎င်းPost ၏ Comment တွင် ကျွန်မအနေဖြင့် အမရပူရမြို့နယ်၊ တောင်ကိုင်းရွာနေ ဦးစိုင်းလွင်ဦး အမည်အားရေးသား၍ ဦးစိုင်းလွင်ဦး နှင့် ၎င်း၏မိဘဆွေမျိုးအသိုင်းအဝိုင်းများကို လူပုံအလယ်တွင် အရှက်ရစေရန်နှင့် ဂုဏ်သိက္ခာညှိုးနွမ်းစေရန် ရည်ရွယ်ပြီး ရေးသားခဲ့မိခြင်းအတွက် နစ်နာသူများကျေနပ်စေရန် အနူးအညွတ်တောင်းပန်အပ်ပါကြောင်း ဦးစိုင်းလွင်ဦး နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**မဖြိုးဖြိုး (ခ) မသဲစုငယ် (ခ) မငယ် (ဘ) ဦးမြင့်မော်**
**(၉/အမရ(နိုင်)၁၃၂၇၀၈)**
**(သူကြီးသမီးဇီးထလျှက်)**
**ဆောက်တောဝကျေးရွာ၊ အမရပူရမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး**

## ပျောက်ဆုံးကြောင်း

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ၆၂လမ်း၊ ၁၆×၁၇လမ်းကြားနေ မောင်မျိုးကျော်သူ(ဘ)ဦးလချမားရောင်း (၁၀/မလမ(နိုင်)၂၅၂၆၄၂)၏ နိုင်ငံကူးလက်မှတ်အမှတ် (MF-775317) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **၀၉-၅၃၂၃၃၂၅**


ကိုဗစ် – ၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်



ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။

**စာအုပ်စာပေ လူ့မိတ်ဆွေ**


## အမည်ပြောင်း

မန္တလေးတိုင်းဒေသကြီး၊စဉ့်ကိုင်မြို့နယ်၊ပလိပ်၊အခြေခံပညာအလယ်တန်းကျောင်း(ပလိပ်စက်ရုံမြေ)၊ Grade-1 တွင် ပညာသင်ကြားနေသော (ဘ) ဦးကျော်နိုင်တိုး (၈/ရစက (နိုင်)၁၉၅၉၀၄)၏သား မောင်ကျော်မင်းဟန်အား မောင်ကျော်ကိုကို ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်ကျော်ကိုကို**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ အခြေခံပညာအထက်တန်းကျောင်း(ရွှေကြက်ယက်)၊ Grade-10 တွင် ပညာသင်ကြားနေသော မသန္တာအောင် ၏ဖခင်အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်အရ ဦးမျိုးဝင်းဖြစ်ပါကြောင်း။ **ဦးမျိုးဝင်း(၉/မသန(နိုင်)၀၇၈၈၈၈)**

## ပျောက်ဆုံးကြောင်း

ဘုတလင်မြို့နယ်နေ မဥမ္မာခေ(ဘ)ဦးသန်းငွေ (၅/ဘတလ(နိုင်)၁၂၈၀၃၂)၏ နိုင်ငံကူးလက်မှတ်အမှတ်(MB-951950)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၂၅၃၄၆၁၂၃၃

## ပျောက်ဆုံးကြောင်း

ဘုတလင်မြို့နယ်နေ မောင်ဝင်းနိုင်(ဘ)ဦးလှအောင်(၅/ဘတလ(နိုင်)၀၇၁၁၇၈)၏ နိုင်ငံကူးလက်မှတ်အမှတ် (MB-376388)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၉၆၉၈၇၇၂၅၃


လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

**မူးယစ်ကိုပစ် ပန်းတိုင်သစ်**
**စိတ်သစ် လူသစ် ဘဝသစ်**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။
(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထား လုပ်ဆောင်ရေး။
(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထား လုပ်ဆောင်ရေး။

၂။ စီးပွားရေး
(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။
(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး
(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြှင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။
(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။
(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိက စွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ မည်သည့်ကိစ္စမဆို လူသာလျှင် အရေးအကြီးဆုံးဖြစ်ပါတယ်။ လူသာလျှင် ပဓာနဖြစ်ပါတယ်။ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး စတဲ့ကိစ္စရပ်တွေအားလုံးမှာ လူပါဝင်ဆောင်ရွက်ရတာဖြစ်ပါတယ်။ လူရဲ့ ဦးဆောင်မှု၊ လူရဲ့ လိုက်နာဆောင်ရွက်မှု၊ လူရဲ့ ပြုပြင်ဖန်တီးမှုတို့ဟာ အဓိကကျပါတယ်။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ၂၀၂၃ ခုနှစ် ဧပြီ ၁၇ ရက်တွင်ကျရောက်သော မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ် နှစ်သစ်ကူးအခါသမယတွင် ပြောကြားသည့် မြန်မာနှစ်သစ်ကူးနှုတ်ခွန်းဆက်မင်္ဂလာစကားမှ ကောက်နုတ်ချက်)**

## မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူ ဘုရားဖူးပြည်သူများ လာရောက်ဖူးမြော်ကြည်ညို

**နေပြည်တော် ဩဂုတ် ၉**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ် ဝတ္ထုကံတော်တွင် တည်ထားပူဇော်အောင်မြင်ခဲ့သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့်မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ယနေ့တွင်လည်း နံနက် ၆ နာရီမှ စတင်၍ အများပြည်သူ ဖူးမြော်ကြည်ညိုခွင့်ပြုခဲ့ရာ အနယ်နယ်အရပ်ရပ်မှ လာရောက်ဖူးမြော်ကြည်ညိုကြသည့် ရဟန်း၊ ရှင်လူ ဘုရားဖူးပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ဦးစွာ တာဝန်ရှိသူများက ဘုရားဖူးပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် စိတ်လက်အေးချမ်းစွာ ဘုရားဖူးမြော်နိုင်ရေးအတွက် ဘုရားမုခ်ဦးများ ရှေ့တွင် လုံခြုံရေးအရ လိုအပ်သည့်

**စာမျက်နှာ ၁၆ ကော်လံ ၁ ☆**

**ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား၊ အနယ်နယ်အရပ်ရပ်မှ လာရောက်ဖူးမြော်ကြည်ညိုကြသည့် ရဟန်း၊ ရှင်လူ ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကားလျက်ရှိစဉ်။**



## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊လုယက်ခြင်းကို CRPH၊NUG၊PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။
၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။
၃။ ယင်းတို့၏လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

